မင်းမြတ်သူရ

လိပ်ပြာ

မင်းမြတ်သူရ

လိပ်ပြာ

စာမူခွင့်ပြုချက်အမှတ်

၅၀၀ ၃၅၀ ၀၃၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀ ၄၃၃ ၀၅၁၁

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

အမှတ်(၅၉)၊ (၁၉)လမ်း၊ရန်ကုန်။

၈၉၅. ၈၃

မင်းမြတ်သူရ

လိပ်ပြာ၊ မင်းမြတ်သူရ၊ ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၁

၂၄၀-စာ၊ ၁၂×၁၈ စင်တီ

(၁) လိပ်ပြာ၊

ရုပ်ရှင်၊ ဒီဗီဒီ၊ ဗီဒီယို ရိုက်ကူးသောစာအုပ်များ

၁။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်
၂။ ဆားပုလင်းမင်းအောင်နှင့် ခုနစ်စင်ကြယ်ဓား
၃။ ဆားပုလင်းမင်းအောင်နှင့် နေမင်း၏သမီးတော်
၄။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွာစေဖြိုး
၅။ ဆားပုလင်းမင်းအောင်နှင့် ဘက်တူရင် လူမရွေးဘူး
၆။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူဇာရှာပုံတော်
၇။ ဆားပုလင်းမင်းအောင်နှင့် အမျိုးကောင်းသားမောင်ပွင့်ကောင်း
၈။ ပွဲကျောင်းသားမိုးကောင်း
၉။ ရွှေကျိုးညိုနှင့် တန်ခိုးရှင်
၁၀။ မိုးမခရတနာသိုက်
၁၁။ မြေဝါတောင်နတ်မင်း
၁၂။ ကုဋ္ဌာဏ်တစ်ထောင်
၁၃။ ရေလယ်ခေါင်သောင်ထွန်း နတ်သမီးနေတဲ့ကျွန်း
၁၄။ ဆားပုလင်းမင်းအောင်နှင့် တာနောယက္ခ
၁၅။ လင်းနို့တောင်ကျိန်စာ
၁၆။ ဇီဝဖိုးရွှေလိုဏ်ဂူ
၁၇။ ဆားပုလင်းမင်းအောင်နှင့် သဇင်မြိုင်
၁၈။ လနတ်သမီး
၁၉။ ခေါင်းမင်းရာဇာ
၂၀။ နေနဲ့လနှစ်ပါးဆိုင်
၂၁။ မောင်နှံခုနစ်ဖော်
၂၂။ ပျောက်သောသူ ရှာလျှင်တွေ့
၂၃။ မိုးကြိုးတံခွန်
၂၄။ ပဥ္စလက်မောင်နှမ

မင်းမြတ်သူရဲ၏ ရုပ်ပြထွက်ပြီးစာအုပ်များ

၁။ ဆားပုလင်းမင်းအောင်နှင့် ဥစ္စာစောင့်မလေးမြနှင်းဆီ
၂။ ဆားပုလင်းမင်းအောင်နှင့် ပန်းကိုးပွင့်ဒေဝီ
၃။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်
၄။ ဆားပုလင်းမင်းအောင်နှင့် မနောသုခရွှေအိုး
၅။ ဆားပုလင်းမင်းအောင်နှင့် နေမင်း၏သမီးတော်
၆။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွာစေဖြိုး
၇။ ဆားပုလင်းမင်းအောင်နှင့် ဘက်တူရင် လူမရွေးဘူး
၈။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူဇာရှာပုံတော်
၉။ ဆားပုလင်းမင်းအောင်နှင့် အမျိုးကောင်းသားမောင်ပွင့်ကောင်း
၁၀။ တစ်ကျွန်းပြန်ဘိုးမှန်
၁၁။ ပြည်တော်ပြန်
၁၂။ ကြာပန်းသုံးခိုင် တံဆိပ်တော်
၁၃။ ပွဲကျောင်းသား မိုးကောင်း
၁၄။ နဝမမြောက်ကျမ်းစာ
၁၅။ ဆားပုလင်းမင်းအောင်နှင့် နဂါးမြို့တော်
၁၆။ မာယာကျွန်းကေရီ
၁၇။ ဂူမှာဏ်တစ်ထောင်
၁၈။ ဆင်စွယ်နန်းရှင်
၁၉။ ငွေစန္ဒာသားကောင်
၂၀။ ရေလယ်ခေါင်သောင်ထွန်း နတ်သမီးနေတဲ့ကျွန်း
၂၁။ မဟာလူသားမောင်ဒဂါး
၂၂။ မှော်တန်ခိုးရှင်မ
၂၃။ ဆားပုလင်းမင်းအောင်နှင့် တာနောယက္ခ

၂၅။ ရွှေဖြစ်ငွေဖြစ်မစိန်ချစ်
၂၆။ ပဥ္စမမြောက်မိုးနတ်မယ်
၂၇။ နတ်သမီးနှင့် ရွှေခေါင်းလောင်း
၂၈။ လိုတရ ကံကြီးရှင်
၂၉။ ဥစ္စာစောင့်မလေး မြနှင်းဆီ
၃၀။ တိမ်ကြားမင်းခေါင်
၃၁။ တစ်ကျွန်းပြန် ဘိုးမှန်
၃၂။ ယက္ခညီနောင်
၃၃။ ပန်းကိုးပွင့်ဒေဝီ
၃၄။ အောင်ပင်လယ်ရွာစား
၃၅။ လေးကျွန်းမောင်ကြီး
၃၆။ နေမင်းစေတမန်
၃၇။ ရလေ လိုလေ အိုတစ္ဆေ
၃၈။ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်
၃၉။ သူရိယစန္ဒာကိုဏ်း
၄၀။ မြွေဖြူရှင်မ
၄၁။ မြင်းရည်တက်သူရဲကောင်း
၄၂။ ပတ္တမြားဆန်ကျိုး အဖိုးပြည်တန်
၄၃။ စကြာရှင်
၄၄။ မှော်တန်ခိုးရှင်မ
၄၅။ မြင်းရည်တက်သူရဲကောင်း
၄၆။ အမုန်းဝက်ပါ
၄၇။ မိုးလုံးပြည့်လျှံ
၄၈။ ရွှေတစ်ရစ်မြတစ်ရစ်
၄၉။ တောင်တော်ရှင်မ

မင်းမြတ်သူရ၏ ထွက်ပြီးစာအုပ်များ

၁။ ဆားပုလင်းမင်းအောင်နှင့် ဥစ္စာစောင့်မလေးမြနှင်းဆီ

၂။ ဆားပုလင်းမင်းအောင်နှင့် ပန်းကိုးပွင့်ဒေဝီ

၃။ ဆားပုလင်းမင်းအောင်နှင့် သူရိယစန္ဒာဂိုဏ်း

၄။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်

၅။ ဆားပုလင်းမင်းအောင်နှင့် မနောသုခရွှေအိုး

၆။ ဆားပုလင်းမင်းအောင်နှင့် ထမင်းဆီဆမ်းရွှေလင်ပန်း

၇။ ဆားပုလင်းမင်းအောင်နှင့် ခုနစ်စင်ကြယ်ဓား

၈။ ဆားပုလင်းမင်းအောင်နှင့် နေမင်း၏သမီးတော်

၉။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွာစေဖြိုး

၁၀။ ဆားပုလင်းမင်းအောင်နှင့် ဘက်တူရင် လူမရွေးဘူး

၁၁။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူဇာရှာပုံတော်

၁၂။ ဆားပုလင်းမင်းအောင်နှင့် အမျိုးကောင်းသားမောင်ပွင့်ကောင်း

၁၃။ ရွှေချမ်းသာငွေချမ်းသာ

၁၄။ ဆားပုလင်းမင်းအောင်နှင့် မြေမင်းသမီး

၁၅။ လိုတရကံကြီးရှင်

၁၆။ တစ်ကျွန်းပြန်ဘိုးမှန်

၁၇။ ပြည်တော်ပြန်

၁၈။ ကြာပန်းသုံးခိုင် တံဆိပ်တော်

၁၉။ ရွှေပြည်ကြီး

၂၀။ ပွဲကျောင်းသား မိုးကောင်း

၂၁။ ဆားပုလင်းမင်းအောင်နှင့် ဖော်မဲ့နှင်းဆီ

၂၂။ ပဥ္စလက်မောင်နှမ

၂၃။ ဆားပုလင်းမင်းအောင်နှင့် လွမ်းငွေ့တဝေဝေ

၂၄။ နဝမမြောက်ကျမ်းစာ

၂၅။ ရွှေကျီးညိုနှင့် တန်ခိုးရှင်

၂၆။ ရွှေတစ်ရစ် မြတစ်ရစ်

၂၇။ ဆားပုလင်းမင်းအောင်နှင့် နဂါးမြို့တော်

၂၈။ မိုးမခရတနာသိုက်

၂၉။ မြေဝါတောင်နတ်မင်း

၃၀။ မဥ္စမမြောက်မိုးနတ်မယ်

၃၁။ မာယာကျွန်းကေရီ

၃၂။ ဂူမှုတ်တစ်ဆောင်

၃၃။ ဆင်စွယ်နန်းရှင်

၂၄။ ဆင်ဖြူရှင်

၂၅။ ဆားပုလင်းမင်းအောင်နှင့် မိုးပျံတိမ်တိုက်

၂၆။ ကြောရှင်

၂၇။ မိုးကြိုးတံခွန်

၂၈။ ဆားပုလင်းမင်းအောင်နှင့် အတိုင်းအဆမဲ့

၂၉။ အတုမရှိစည်တော်

၃၀။ ဇိဝဖိုးရွှေလိုဏ်ဂူ

၃၁။ ဆားပုလင်းမင်းအောင်နှင့် နေမင်းစေတမာန်

၃၂။ ဆားပုလင်းမင်းအောင်နှင့် စိန်ပန်းနီနီ

၃၃။ ဘာမထီဘွား

၃၄။ ဆားပုလင်းမင်းအောင်နှင့် သဇင်မြိုင်

၃၅။ မိုးမြေသစ္စာ

၃၆။ လနတ်သမီး

၃၇။ တစ်ကျွန်းစံ

၃၈။ ဂျမဒါမင်းထင်နှင့် သေမင်းနာရီစင်

၃၉။ ရွှေနတ်တောင်

၄၀။ ပြည်လုံးကျော်

၄၁။ ယက္ခညီနောင်

၄၂။ တိမ်ကြာမင်းခေါင်

၄၃။ နဝရတ်ကိုးသွယ်

၄၄။ လျှို့ဝှက်ကော်ဇော

၄၅။ လေးကျွန်းမောင်ကြီး

၄၆။ မနောစကြာ

၄၇။ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်

၄၈။ ကျောက်စိမ်းအမိန့်တော်



၃၇။ မဟာလူသားမောင်ဒဂ်ါး
၃၈။ မန်ကန်ဂိုးရှင်မ
၃၉။ ဆားပုလင်းမင်းအောင်နှင့် တာနောယကွ
၄၀။ နတ်သမီးနှင့်ရွှေခေါင်းလောင်း
၄၁။ လင်းနို့တောင်ကျိန်စာ
၄၂။ ဆင်ဖြူရှင်
၄၃။ ပျောက်သောသူရှာလျှင်တွေ့
၄၄။ ဆားပုလင်းမင်းအောင်နှင့် မိုးပျံတိမ်တိုက်
၄၅။ စကြာရှင်
၄၆။ မိုးကြိုးတံခွန်
၄၇။ ဆားပုလင်းမင်းအောင်နှင့်အတိုင်းအဆမဲ့
၄၈။ အတုမရှိစည်တော်
၄၉။ ဇိဝမိုးရွှေလိုဏ်ဂူ
၅၀။ ရွှေဖြစ်ငွေဖြစ် မစိန်ချစ်
၅၁။ ဆားပုလင်းမင်းအောင်နှင့် နေမင်းစေတမာန်
၅၂။ ဆားပုလင်းမင်းအောင်နှင့် စိန်ပန်းနီနီ
၅၃။ ရေပြာအိုင်နှင့်နတ်ဆေးဂမုန်း
၅၄။ ဘာမထီဘွား
၅၅။ ဆားပုလင်းမင်းအောင်နှင့်သဇင်မြိုင်
၅၆။ မိုးမြေသစ္စာ
၅၇။ လနတ်သမီး
၅၈။ တစ်ကျွန်းစံ
၅၉။ မီးအိမ်ရှင်
၆၀။ ဂျမဒါမင်းထင်နှင့်သေမင်းနာရီစင်
၆၁။ ဒေါင်းမင်းရာဇာ
၆၂။ မောင်နှံခုနစ်ဖော်
၆၃။ ရွှေနတ်တောင်
၆၄။ နေနှင့်လနှစ်ပါးဆိုင်
၆၅။ ဂျမဒါမင်းထင်နှင့် သစ္စာတော်ခံ
၆၆။ ပြာသိုလုံးကျော်
၆၇။ ယကွည်မနောင်
၆၈။ တံမ်ကြားမင်းခေါင်
၆၉။ နဝရတ်ကိုးသွယ်
၇၀။ [illegible]
၇၁။ အောင်ပင်လယ်ရှာစား
၇၂။ လေးကျွန်းမောင်ကြီး
၇၃။ မနောစကြာ
၇၄။ ရလေလိုလေအိုတရွှေ
၇၅။ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်
၇၆။ မြွေဖြူရှင်မ
၇၇။ ကျောက်စိမ်းအမိန့်တော်
၇၈။ လင်းနို့ဘုရင်
၇၉။ မြင်းရည်တက်သူရဲကောင်း
၈၀။ ပတ္တမြားဆန်ကျီး အဖိုးပြည့်တန်
၈၁။ ဆားပုလင်းမင်းအောင်နှင့် ရွှေကိုယ်ရံတော်
၈၂။ ရွှေနန်းတော်သို့သွားရာလမ်း
၈၃။ ရွှေလင်းယုန်
၈၄။ အသူတစ်ရာ
၈၅။ နေသူရိန်ကျောင်းတော်သား
၈၆။ မိုးလုံးပြည့်လျှံ
၈၇။ ကောင်းကင်နှင့် မြေကြီး
၈၈။ မဟာအောင်ချမ်းသာ
၈၉။ အမုန်းဝက်ပါ
၉၀။ တောင်တော်ရှင်မ
၉၁။ ဘောဂ ဗလ မငွေရ
၉၂။ ကြာပန်းမာလာ
၉၃။ က်နွရီမောင်နှံ
၉၄။ ပြည်ကြီးတံခွန်
၉၅။ ရဲမက်တော်
၉၆။ ရွှေဥဏ်ရှင်
၉၇။ ဝဏ္ဏပဘာ
၉၈။ ရွှေဘုံစံငွေရံ
၉၉။ မြင့်မိုရ်တောင်တက်သမား
၁၀၀။ ရှင်မမယ်ဖြူ
၁၀၁။ ကမ္ဘာကျော်မောင်သာ
၁၀၂။ ရန်ကြီးအောင်

၁၀၃။ စေတမန်လင်းယုန်
၁၀၄။ နှင်းငွေ့တစ်ထောင်
၁၀၅။ ပုလဲကေရီ
၁၀၆။ မြရတနာမိုး
၁၀၇။ ဆုထူးပန်
၁၀၈။ သီရိဒေဝီ
၁၀၉။ မြေလျှိုးမိုးပျံဘိုးစျာန်
၁၁၀။ မရှိခဏာအရှင်
၁၁၁။ ဂမ္ဘီရမျက်လုံးပိုင်ရှင်
၁၁၂။ ဆားပုလင်းမင်းအောင်နှင့်ထင်းရှူးမင်းသမီး
၁၁၃။ ဆားပုလင်းမင်းအောင်နှင့်ကြာဖြူပန်းကလေး
၁၁၄။ ပြည်လုံးချမ်းသာဂိုဏ်း
၁၁၅။ မိစ္ဆာ
၁၁၆။ ဆားပုလင်းမင်းအောင်နှင့်သစ်တော်သီးပုံပြင်
၁၁၇။ နတ်ဘုရားမျက်လုံး
၁၁၈။ တစ္ဆေကျွန်း
၁၁၉။ သေမင်းဖြူ
၁၂၀။ ကျွန်းပြန်ပတ္တမြား
၁၂၁။ သွေးဆာနေတဲ့အပျိုစင်
၁၂၂။ ချောက်ချောက်ချားချား
၁၂၃။ ဂျမဒါမင်းထင်နှင့် သေမင်းတမန်
၁၂၄။ မျက်နှာဖုံး

ယခုလထုတ်

၁၂၅။ လိပ်ပြာ



မင်းမြတ်သူရ၏ဒုတိယအကြိမ်ပြန်ထွက်ပြီးစာအုပ်များ

၁။ ဥစ္စာစောင့်မလေးမြနှင်းဆီ
၂။ ပန်းကိုးပွင့်ဒေဝီ
၃။ သူရိယစန္ဒာဂိုဏ်း
၄။ ပုလဲခင်
၅။ မနောသုခရွှေအိုး
၆။ ထမင်းဆီဆမ်းရွှေလင်ဗန်း
၇။ ခုနစ်စင်ကြယ်ဓား
၈။ နေမင်း၏သမီးတော်
၉။ လိုတရကဲကြီးရှင်
၁၀။ မိုးနတ်သူဇာရှာပုံတော်

မင်းမြတ်သူရ

လိပ်ပြာ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

ဒို့တာဝန်အရေးသုံးပါ

ပြည်ထောင်စု မပြိုကွဲရေး	ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး	ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး	ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေး နှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

သူတို့မြို့မှာ အကြီးကျယ်ဆုံး မှုခင်းကြီးတွေ ဆက်တိုက် ဖြစ်နေသဖြင့် တစ်မြို့လုံး ထိတ်လန့်တုန်လှုပ်နေကြ၏။

လွန်ခဲ့သော သုံးလအတွင်း လူသုံးယောက် ထူးဆန်းစွာ အသတ်ခံခဲ့ရ၏။

ယခု ဆရာမလေး မနှင်းဖြူ ရင်ကွဲတောင်ပေါ်က ပြုတ်ကျသေဆုံးသွားပြန်ပြီတဲ့။

ဆရာမလေးကို ရင်ကွဲတောင်ပေါ်သို့လိုက်ပို့သော ဆရာလေး ကိုမိုးအောင် ဘာဖြစ်မှန်းမသိဘဲ မေ့မြောနေပြီတဲ့။

——— စေတနာစာပေ ———

ဤအမှုများကို ကိုင်တွယ်နေသူမှာ စီအိုင်ဒီက ရောက်ရှိလာသော အင်စပက်တော်လှမိုး ဖြစ်၏။

သူတို့မြို့ခံ ပုလိပ်များက အမှုများကို မစုံစမ်းနိုင်တော့ဘဲ လက်မှိုင်ချကာ စီအိုင်ဒီကို လှမ်း၍အကူအညီတောင်းခြင်း ဖြစ်၏။

အင်စပက်တော်လှမိုးသည် ရင်ကွဲတောင်ပေါ်သို့ ရောက်ရှိနေပြီး ဆရာမလေး၏အလောင်းကို တောင်အောက်သို့

ခက်ခက်ခဲခဲဆင်းပြီး သယ်ယူနေသူများကို စောင့်မျှော်နေလေ၏။

ဆရာမလေး၏အလောင်းကို တောင်အောက်သို့ဆင်းပြီး ထင်းကောက်သူများ တွေ့ရှိခြင်းဖြစ်၏။

အင်စပက်တော်လှမိုး၏အနီး၌ တောင်ပေါ်ကျောင်းအချို့မှ ကိုရင်လေးများ၊ ဘုန်းကြီးကျောင်းသားများနှင့် လူအချို့ ရှိနေကြ၏။

မကြာမီ ထိတ်လန့်ဖွယ်သတင်းသည် တစ်မြို့လုံးသို့ ပြန့်နှံ့သွားပေတော့မည်။

ဆရာမလေးကို တောင်ပေါ်သို့ ခေါ်ဆောင်လာသူ ဆရာလေး ကိုမိုးအောင်မှာ ဆေးရုံ၌ မေ့မြောနေဆဲ ဖြစ်၏။

ဆရာလေး သတိရလာလျှင် မနှင်းဖြူ ပြုတ်ကျခြင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ထူးခြားမှုရှိမည် ထင်၏။

ဆေးရုံ၌ ဆရာလေးကိုမိုးအောင် ခေါင်း၌ဒဏ်ရာရပြီး မေ့မြောနေဆဲဖြစ်သဖြင့် ဇနီး မမြတ်လေးနှင့် သမီးလေး ပန်းဝါသည် ပူဆွေးသောက ရောက်နေလေ၏။

အသက် (၁၃)နှစ်အရွယ် သမီးလေးပန်းဝါသည် မိခင်ဖြစ်သူကို မှီတွယ်၍

" ဖေဖေ သတိမရလာသေးဘူးနော်၊ ကြာနေပြီ မေမေ"

ဟု စိုးရိမ်ဟန်ဖြင့် ပြောဆိုလေ၏။ မမြတ်လေးက သမီး၏ခေါင်းကို လက်ဖြင့်ပွတ်၍

" စိတ်မပူပါနဲ့ သမီးရယ်၊ ဖေဖေ သတိရလာတော့မှာပါ "

ဟု ပြောရင်း သူမကိုယ်တိုင်လည်း စိုးရိမ်ပူပန်နေမိ၏။

မမြတ်လေးသည် ကိုမိုးအောင် ဒဏ်ရာ အဘယ်ကြောင့်ရသနည်းဟု သိချင်နေမိ၏။

မိမိ၏ယောကျ်ားသည် အဘယ်ကြောင့် ဆရာမ မနှင်းဖြူနှင့် ရင်ကွဲတောင်ပေါ်သို့ ရောက်ရှိနေသနည်း။

ယခုကဲ့သို့ ကြောက်မက်ဖွယ်ရာ အဖြစ်ဆိုးကြီးနှင့် ကြုံတွေ့ချိန်၌ မြို့ပေါ်ရှိလူအများ၏ ဝေဖန်ကဲ့ရဲ့ခြင်းနှင့် ကြုံတွေ့ရတော့မည်။

ထိုအဖြစ်ဆိုးကြီးနှင့်ပတ်သက်၍ သူမကိုယ်တိုင် မခံစားနိုင်အောင် ဖြစ်မိ၏။ ကိုမိုးအောင် အမြန်ဆုံး သတိရလာပါစေဟု ဆုတောင်းနေမိ၏။

ထိုအချိန်၌ ဆေးရုံအရှေ့ရှိ ထနောင်းပင်ကြီးအောက်၌ ဆရာမသုံးယောက်သည် မေ့မြောနေသော ဆရာလေး ကိုမိုးအောင်နှင့်ပတ်သက်သည့် အကြောင်းများကို ပြောဆိုနေလေ၏။

ဆရာမသုံးယောက်အနက် အလွန်ဝဖြိုးပြီး ဗိုက်ပူ ခါးတုတ်နေသော တင်တင်မိုးဆိုသူက

" နေပါဦး၊ မြို့ပေါ်မှာ ကြောက်စရာကောင်းတဲ့မှုခင်း ကြီးတွေ ဖြစ်နေချိန်မှာ ကိုမိုးအောင်က ဘာဖြစ်လို့ မနှင်းဖြူ ကို ရင်ကွဲတောင်ပေါ်ခေါ်သွားရတာလဲ "

ဟု ဆိုလိုက်ရာ ထိပ်ပြောင်ပြီး ဝါးခြမ်းကွဲလို ပြားကပ် နေသော ဒေါ်ကေသွယ်ဆိုသူက

" ဟုတ်ပ၊ နောက်ပြီးတော့ ကိုမိုးအောင်မှာလည်း မယားကြီးငုတ်တုတ်နဲ့၊ သွားတော့လည်း လူပြတ်တဲ့ ရင်ကွဲ တောင်၊ ဒီအချိန်ကြီးမှာ ရင်ကွဲတောင်ကို သူတို့ ဘာသွားလုပ် တာလဲ "

ဟု ပြောလိုက်၏။ ထိုအခါ မစိုးကြီးဆိုသော ကျောင်း ဆရာမက မျက်မှောင်ကြုတ်၍

" သူတို့နှစ်ယောက်တည်းသွားတာ မဟုတ်ပါဘူး၊ ကိုမိုးအောင်သမီးလေး ပန်းဝါလည်း ပါတယ်မဟုတ်လား "

ဟု ဝင်ရောက်ပြောဆိုလေရာ တင်တင်မိုးဆိုသော ကျောင်းဆရာမက မျက်မှောင်ကြုတ်၍

" အို… ဒါကတော့ လူမြင်ကောင်းအောင် ဟန်လုပ်ပြီး ခေါ်သွားတာပါ "

ဟု ပြောလေ၏။ ကေသွယ်ဆိုသော ဆရာမက

" မနှင်းဖြူကလည်း ယောကျ်ားတွေမက်လောက်အောင် တောင့်တာ ဖြောင့်တာကိုးဟဲ့၊ ကိုမိုးအောင် ဖောက်ပြန်တာ ဘာဆန်းသလဲ၊ ငါကတော့ ကိုမိုးအောင်မိန်းမ မမြတ်လေးကိုပဲ သနားတယ်အေ "

ဟု ပြောလိုက်၏။ ထိုအခါ တင်တင်မိုးက မျက်နှာကို ...မဲ့၍

" အို... ဘာပဲဖြစ်ဖြစ် ငါတို့ကတော့ ကျောင်းဆရာမ ဖြစ်ပြီး ဖောက်ပြန်တာကို မကြိုက်ပါဘူး၊ ဣန္ဒြေသိက္ခာနဲ့နေတဲ့ ငါတို့ဆရာမတွေ သိက္ခာကျတာပေါ့ "

ဟု ပြောလိုက်၏။

ထိုစဉ် ၄င်းတို့အနီးသို့ ကျောင်းဆရာ ကိုစိန်လွင် ရောက်ရှိလာပြီး

" ခင်ဗျားတို့ ဘာတွေပြောနေတာလဲ၊ ဆရာမတွေ ဖြစ်ပြီး စကားအပြောအဆို ဆင်ခြင်စမ်းပါ၊ ခင်ဗျားတို့ကိုယ်တိုင် သွားပုတ်လေလွင့်လျှောက်ပြောနေရင် တစ်မြို့လုံးက ပိုပြောကုန်မှာပေါ့၊ မိုးအောင်အကြောင်းကို ကျုပ်အသိဆုံး၊ သူ ဘယ်တော့မှ သစ္စာမဖောက်ဘူး၊ သူ့မိန်းမကို သူသိပ်ချစ်တယ်"

ဟု ပြောလိုက်ရာ ကေသွယ်ဆိုသော ဆရာမက မျက်နှာကိုမဲ့၍

" သူ့မိန်းမကို သူချစ်ရင် ဘာဖြစ်လို့ မနှင်းဖြူကို ရင်ကွဲတောင်ပေါ်ခေါ်သွားရတာလဲ "

ဟု မေးမြန်းလိုက်၏။ ကျောင်းဆရာ ကိုစိန်လွင်က ခေါင်းခါယမ်း၍

" ဒါကို ဘယ်သူမှမပြောနိုင်သေးဘူး၊ မိုးအောင် သတိရလာရင် အားလုံးရှင်းသွားမှာပဲ၊ အရေးကြီးတာက ခင်ဗျားတို့ သူများအတင်းကို သွားပုတ်လေလွင့်မပြောဖို့ပဲ "

ဟု ပြောကာ ဆရာမသုံးယောက် အနီးမှ ထွက်ခဲ့လေ၏။

ကိုစိန်လွင်သည် ဝမ်းနည်းကြေကွဲနေသော မမြတ်လေးတို့ သားအမိထံသို့ ထွက်ခဲ့လေ၏။

သူသည် ကိုမိုးအောင်၏ အရင်းနှီးဆုံးမိတ်ဆွေဖြစ်ပြီး စိတ်သဘောထားဖြူစင်သူ ဖြစ်၏။ ထို့ကြောင့် မမြတ်လေး၏ အနီးသို့သွား၍

" စိတ်မကောင်းမဖြစ်ပါနဲ့ဗျာ၊ မိုးအောင် သတိရလာရင် အားလုံးရှင်းသွားမှာပါ "

ဟု အားပေးစကားပြောလိုက်ရာ မမြတ်လေးသည် ကိုစိန်လွင်ကို အားကိုးတကြီးကြည့်၍

" ဘယ်လိုဖြစ်တာလဲ ကိုစိန်လွင်ရယ်၊ တစ်မြို့လုံး ထင်ကြေးအမျိုးမျိုး ပေးကုန်ကြပြီ၊ ကျွန်မတော့ လုံးဝနားမလည်နိုင်ဘူး "

ဟု ပြောလိုက်၏။ ကိုစိန်လွင်က သက်ပြင်းချ၍

" ကိုမိုးအောင် ဘယ်တော့မှ မဟုတ်တာမလုပ်ဘူးဆိုတာ ကျုပ်သိပါတယ်၊ သူသတိရလာရင် အားလုံးရှင်းသွားမှာပါ "

ဟု ပြောလိုက်ရာ မမြတ်လေးသည် စိတ်သက်သာရာရသွားဟန်ဖြင့်

"ဟုတ်တယ်နော်၊ အစ်ကိုသတိရလာရင် အားလုံးကိုရှင်းနိုင်မှာပါ၊ သူ အမြန်ဆုံးသတိရပါစေလို့ဆုတောင်းရမှာပဲ"

ဟု ပြောလိုက်၏။ ကိုစိန်လွင်က ခေါင်းညိတ်၍

" မိုးအောင်ရဲ့ အကျင့်စာရိတ္တကို လူတိုင်းသိပါတယ်၊

ဒီမြို့မှာ သူ့လောက်ဖြူစင်တဲ့သူ ဘယ်သူရှိဦးမလဲ ”

ဟု မမြတ်လေး စိတ်အားတက်ကြွအောင် ပြောဆိုလိုက်ရင်း မိုးအောင်၏အတင်းအဖျင်းပြောဆိုနေသော ဆရာမသုံးယောက်၏မျက်နှာကို မြင်ယောင်လာ၏။

တစ်မြို့လုံးကလူတွေယုံကြည်အောင် မိုးအောင် မည်သို့ရှင်းပြလေမည် မသိချေ။

ကိုစိန်လွင်သည် မိုးအောင်ကိုယ်စား ရင်မောနေမိလေ၏။

ထိုအခိုက်မှာပင် မိုးအောင်ကိုစောင့်ကြည့်နေသော ဆရာမလေးသည် မိုးအောင် သတိရလာကြောင်း တွေ့ရသဖြင့် စိတ်လှုပ်ရှားစွာဖြင့်

“ လူနာ သတိရလာပြီ ”

ဟု အော်ဟစ်လိုက်၏။

မမြတ်လေးသည် မိုးအောင် သတိရလာကြောင်း သိသည်နှင့် အခန်းထဲသို့ ပြေးဝင်သွားလေ၏။

ပြီးနောက် မိုးအောင်၏လက်နှစ်ဖက်ကို ဝမ်းသာအားရ

ဆုပ်ကိုင်၍

“ အစ်ကို… အစ်ကို သတိရလာပြီနော်၊ ဝမ်းသာလိုက်တာ ”

ဟု ပြောလိုက်ရာ မိုးအောင်သည် ပတ်ဝန်းကျင်ကို ဝေဝေဝါးဝါးကြည့်၍

“ ငါ ဘယ်ကိုရောက်နေတာလဲ ”

ဟု မေးမြန်းလိုက်၏။ မမြလေးက မိုးအောင်ကိုကြည့်၍

“ အစ်ကို ဆေးရုံကို ရောက်နေတာလေ ”

ဟု ပြောလိုက်၏။ မိုးအောင်က နားမလည်ဟန်ဖြင့်

“ ဆေးရုံရောက်နေတယ် ဟုတ်လား၊ ဘာဖြစ်လို့ ဆေးရုံရောက်နေတာလဲ ”

ဟု မေးမြန်းလိုက်ရာ မမြတ်လေးသည် ကိုမိုးအောင်ကို နားမလည်ဟန်ဖြင့်ကြည့်၍

“ အစ်ကို ရင်ကွဲတောင်ပေါ်ကို ဆရာမလေး မနှင်းဖြူနဲ့သွားခဲ့တယ်လေ၊ နောက်ပြီးတော့ အစ်ကို့ခေါင်းမှာ ဒဏ်ရာနဲ့

မေ့လဲနေတာ တွေ့တယ် ”

ဟု ပြောလိုက်ရာ မိုးအောင်က မျက်နှာရှုံ့မဲ့၍

“ ငါက ဘာဖြစ်လို့ ရင်ကွဲတောင်ကို ဆရာမလေးနဲ့ သွားရတာလဲ၊ ငါ့ခေါင်းက ဒဏ်ရာက ဘာလို့ရတာလဲ၊ ဆရာမလေး မနှင်းဖြူကို မေးမကြည့်ဘူးလား၊ ငါ ဘာမှမမှတ်မိတော့ဘူး ”

ဟု ပြောလိုက်၏။ မိုးအောင်၏အဖြေကြောင့် မမြတ်လေးသည် ယောက်ျားဖြစ်သူအား အလွန်စိုးရိမ်သွားလေ၏။

ထိုအခါ အနီး၌ မျက်မှောင်ကြုတ်၍ နားထောင်နေသော ကျောင်းဆရာ ကိုစိန်လွင်က

“ သူငယ်ချင်း… မင်းခေါင်းက ဒဏ်ရာကြောင့် ရုတ်တရက် မမှတ်မိတာ ဖြစ်လိမ့်မယ်၊ မင်းနဲ့ ဆရာမလေး မနှင်းဖြူတောင်ပေါ်မှာ အန္တရာယ်ဆိုးနဲ့ ကြုံတွေ့ခဲ့တယ်၊တောင်ပေါ်မှာ မင်း ဒဏ်ရာရခဲ့တယ် ”

ဟု ပြောလိုက်ရာ မိုးအောင်က စိတ်လှုပ်ရှားဟန်ဖြင့်

“ ဒါဆိုရင် ဆရာမလေး မနှင်းဖြူ ဘာဖြစ်သွားသေးလဲ ”

ဟု မေးမြန်းလိုက်၏။

မိုးအောင်၏အမေးကြောင့် ကိုစိန်လွင်နှင့် မမြတ်လေးသည် မဖြေသင့် ဖြေသင့် စဉ်းစားရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်၏။

မိုးအောင်က ကိုစိန်လွင်တို့၏မျက်နှာကို ကြည့်၍

“မနှင်းဖြူ ဘာဖြစ်သွားလဲ၊ ဖြေစမ်းပါကွာ၊ ဖြေစမ်းပါ ”

ဟု မေးမြန်းလိုက်၏။ ဆရာ ကိုစိန်လွင်က သက်ပြင်းချလိုက်ပြီး

“ ဆရာမလေး မနှင်းဖြူ တောင်ပေါ်ကပြုတ်ကျပြီး ဆုံးသွားပြီ၊ ဒါကြောင့် လူတွေအားလုံးက တောင်ပေါ်မှာ ဘယ်လိုအန္တရာယ်မျိုးနဲ့ကြုံခဲ့သလဲဆိုတာ မင်းကို မေးချင်နေကြတယ် ”

ဟု ပြောလိုက်ရာ မိုးအောင်သည် အလွန်ထိတ်လန့်

တုန်လှုပ်သွားပြီး

" ဟင်… ဆရာမလေး တောင်ပေါ်ကပြုတ်ကျပြီး သေပြီ ဟုတ်လား၊ ဖြစ်မှဖြစ်ရလေဗျာ၊ နေပါဦး… ငါနဲ့ ဆရာမလေး တောင်ပေါ်ကိုသွားပြီး အန္တရာယ်နဲ့ကြုံခဲ့တယ် ဟုတ်လား၊ ဒါတွေကို ငါ ဘာမှမသိဘူးကွ၊ ငါ့ခေါင်းထဲမှာလည်း ဘာမှမမှတ်မိဘူး "

ဟု ပြောလေ၏။ ဆရာ ကိုစိန်လွင်က မိုးအောင်ကို မျက်မှောင်ကြုတ်ကြည့်၍

" ဒါပေမဲ့ တောင်ပေါ်မှာ မင်းမေ့မြောနေတာ အမှန်ပဲကွ၊ တောင်ပေါ်ကို မင်းတို့နှစ်ယောက်တည်းသွားတာ မဟုတ်ဘူး၊ သမီးလေး ပန်းဝါလည်းပါတယ် "

ဟု ပြောလေရာ မိုးအောင်သည် ပိုမို၍ တုန်လှုပ်ချောက်ချားသွားပြီး

" သမီးလည်းပါတယ် ဟုတ်လား၊ ဟင်… ဒါဆိုရင် သမီး ဘယ်မှာလဲ၊ ငါ့သမီး ဘာဖြစ်သွားသေးလဲ "

ဟု အလောတကြီး မေးမြန်းလေ၏။ ထိုအခါ ခုတင်၏ အနောက်၌ ဖခင်ကို စိုးရိမ်တကြီးကြည့်နေသော ပန်းဝါဆိုသည့် ကလေးမလေးက

" သမီး ဒီမှာပါ ဖေဖေ၊ သမီး ဘာမှမဖြစ်ပါဘူး "

ဟု အသံပြုလိုက်ရာ မိုးအောင်သည် အနောက်သို့ လှည့်ကြည့်၍ စိတ်သက်သာရာရသွားပြီး

" သမီး ဘာမှမဖြစ်လို့ တော်ပါသေးရဲ့၊ တောင်ပေါ်ကို သွားတဲ့ကိစ္စကို အဖေ လုံးဝသတိမရတော့ဘူး၊ အဖေတို့ တောင်ပေါ်ကို ဘာကြောင့်သွားတာလဲ သမီး၊ အဖေတို့ တောင်ပေါ်မှာ ဘာတွေဖြစ်ခဲ့သလဲ "

ဟု မေးမြန်းလိုက်ရာ ပန်းဝါဆိုသည့် ကလေးမလေးက

" သမီး မသိဘူး ဖေဖေ၊ မနေ့ညနေက ကျောင်းလွှတ်တော့ကျောင်းတံခါးပေါက်မှာ အဖေက 'ဒီနေ့ညနေ ဆရာမလေးကိုခေါ်ပြီး ရင်ကွဲတောင်ပေါ်ကိုသွားမယ်၊ သမီး အိမ်မပြန်နဲ့ဦး၊ အဖေတို့နဲ့ လိုက်ခဲ့ရမယ်'လို့ ပြောတယ်၊ ရင်ကွဲ

တောင်ကိုရောက်တော့ သမီးက တောင်အောက်က ဇရပ်မှာ စာဖတ်ပြီးကျန်ခဲ့တယ်၊ အဖေနဲ့ ဆရာမ တောင်ပေါ်ကို တက်သွားခဲ့တယ် ”

ဟု ပြောလိုက်ရာ မမြတ်လေးသည် သမီး၏စကားကြောင့် ရင်ထဲတွင် တစ်မျိုးတစ်မည် ခံစားလိုက်ရလေ၏။

မိမိ၏လင်ယောကျ်ားနှင့် မနှင်းဖြူသည် တောင်ပေါ်သို့ မည်သည့်ကိစ္စနှင့် တက်သွားလေသနည်း။

ထိုအချက်ကို မဖြေရှင်းနိုင်လျှင် တစ်မြို့လုံး၏တံတွေးခွက်၌ ပက်လက်မျောရပေတော့မည်ဟု တွေးရင်း ရင်ထဲတွင် နာကျင်နေလေ၏။

မိုးအောင်က သမီး၏စကားကို နားထောင်၍ ခေါင်းခါယမ်းလိုက်ပြီး

“ အဖေ ဘာမှမမှတ်မိဘူး သမီးရယ်၊ အဖေတို့ ရင်ကွဲတောင်ကို ဘာလို့သွားတာလဲ သမီး မသိဘူးလား၊ အဖေ မေ့မြောအောင် ဘယ်သူလုပ်သွားတာလဲ ”

ဟု မေးမြန်းလိုက်၏။ မပန်းဝါကလေးက ခေါင်းခါယမ်း၍

“ သမီး ဇရပ်မှာစာကျက်ရင်း အဖေတို့ တောင်အောက်ကို ပြန်မဆင်းလာလို့ တောင်ပေါ်ကို လိုက်တက်လာတယ်၊ တောင်ပေါ်ရောက်တော့ အဖေ့ခေါင်းက ဒဏ်ရာကြီးနဲ့ လဲနေတာ တွေ့တာပဲ ”

ဟု ပြောလေရာ မိုးအောင်က စိတ်လှုပ်ရှားဟန်ဖြင့်

“ သမီး တောင်ပေါ်မှာ ဘယ်သူမှမတွေ့ဘူးလား ”

ဟု မေးမြန်းလိုက်ရာ ကလေးမလေးက ခေါင်းခါယမ်း၍

“ သမီး ဘယ်သူမှမတွေ့ဘူး ဖေဖေ၊ တောင်ပေါ်မှာ တိတ်ဆိတ်နေတာပဲ ”

ဟု ပြောလေ၏။ မိုးအောင်က လွန်စွာ စိတ်လှုပ်ရှားနေပြီး

“ ဆရာမလေး တောင်အောက်ကိုကျတာ ဘယ်သူတွေ့

တာလဲ ”

ဟု မေးမြန်းလိုက်၏။

ထိုအခါ ကျောင်းဆရာ ကိုစိန်လွင်က

“ တောင်အောက်ကိုဆင်းပြီး ထင်းကောက်တဲ့လူတွေ တွေ့တာကွ၊ ဆရာမလေး သနားစရာကွာ ”

ဟု တီးတိုးပြောလိုက်၏။

မိုးအောင်သည် လွန်ခဲ့သောရက်က ဖြစ်ခဲ့သော ထိတ်လန့်ဖွယ် အဖြစ်အပျက်ကို သတိမရသဖြင့် မိမိကိုယ်မိမိ အားမလို အားမရ ဖြစ်ကာ

“ ဟာကွာ... မနေ့ကအဖြစ်အပျက်ကို ငါ ဘာလို့ သတိမရတော့တာလဲ၊ ငါ့မှတ်ဉာဏ်တွေ ဘာဖြစ်သွားပြီလဲ၊ ငါ့ဦးနှောက်တွေ ဘာဖြစ်သွားပြီလဲ ”

ဟု ပြောရင်း ခေါင်းမူးလာဟန်ဖြင့် သူ၏ခေါင်းကို

လက်ဖြင့် ဖိနှိပ်လိုက်၏။

ထိုအခါ မမြတ်လေးသည် မိုးအောင်အတွက် စိုးရိမ်စိတ်ဖြင့် အခန်းအပြင်သို့ ပြေးထွက်သွားပြီး အကူအညီတောင်းလေရာ ဆရာဝန်ကြီး ရောက်ရှိလာပြီး

" ဒီအချိန်မှာ ဘာမှမစဉ်းစားတာ အကောင်းဆုံးပါပဲ၊ ခေါင်းကို ထိခိုက်သွားတဲ့အတွက် အဖြစ်အပျက်တွေကို ရုတ်တရက် စဉ်းစားလို့မရနိုင်သေးဘူး၊ ဒါမျိုး ဖြစ်တတ်ပါတယ်၊ သိပ်မစိုးရိမ်ပါနဲ့ "

ဟု ပြောဆိုလေရာ မိုးအောင်သည် ဆရာဝန်ကြီးကို အလောတကြီး အမူအရာဖြင့်ကြည့်၍

" ဟင်... ဒါဆိုရင် ကျွန်တော့်မှတ်ဉာဏ်တွေ ဘယ်တော့ ပြန်ကောင်းမှာလဲ "

ဟု မေးမြန်းလိုက်၏။

ဆရာဝန်ကြီးက မိုးအောင်ကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

" တစ်လ၊ နှစ်လ၊ သုံးလလောက် ဖြစ်နိုင်တာပဲ၊ စစ်ဆေးမှုတွေ အတိအကျမရသေးမီ တိတိကျကျ မပြောနိုင်သေးဘူး၊ ကိုမိုးအောင် အနားယူလိုက်ပါဦး၊ ဒီအချိန်မှာ မစဉ်းစားတာ အကောင်းဆုံးပါပဲ "

ဟု ပြောကာ အခန်းထဲမှ ပြန်လည်ထွက်ခွာသွားလေရာ မိုးအောင်သည် လွန်စွာ စိတ်ဆင်းရဲသွားလေ၏။

မိုးအောင်၏အမူအရာကိုကြည့်၍ မမြတ်လေးက

" စိတ်မပူပါနဲ့ အစ်ကိုရယ်၊ အစ်ကို ပြန်ပြီးသတိရလာမှာပါ "

ဟု ပြောလေ၏။ ကိုစိန်လွင်ကလည်း ဝင်ရောက်၍

" သိပ်ပြီးမလောပါနဲ့ သူငယ်ချင်းရယ်၊ မင်း သတိရလာရင် တရားခံဘယ်သူလဲဆိုတာ တိတိကျကျ ပြောနိုင်မှာပါ "

ဟု ပြောလိုက်ရာ မိုးအောင်က ခေါင်းခါယမ်း၍

" ငါ အမြန်ဆုံးသတိရမှ ဖြစ်မှာကွ၊ ဒီကိစ္စက မြို့ပေါ်

မှာ ဖြစ်ခဲ့တဲ့ လူသတ်မှုတွေနဲ့ ပတ်သက်နေနိုင်တယ်၊ နောက်ပြီးတော့ ငါနဲ့ဆရာမ မနှင်းဖြူ ရင်ကွဲတောင်ပေါ်ကို ဘာကြောင့် တက်သလဲဆိုတဲ့ ပြဿနာကို ရှင်းရမှာ၊ ငါမရှင်းနိုင်ရင် ငါတို့သိက္ခာတွေ သွားပြီကွ ”

ဟု ပြောရင်း မမြတ်လေးဘက်သို့ ငဲ့စောင်းကြည့်လိုက်၏။ ထိုအခါ မမြတ်လေးသည် မိုးအောင် စိတ်ဆင်းရဲမှာစိုးသဖြင့် အပူရှပ်ကို ဟန်လုပ်ကာ

“ ကျွန်မ အစ်ကိုရဲ့သစ္စာတရားကို ယုံကြည်ပါတယ်၊ အစ်ကို ဘာမှမပူပါနဲ့ ”

ဟု ပြောလိုက်လေ၏။

မိုးအောင်သည် မိမိကိုနှစ်သိမ့်နေသူများ၏စကားကို နားမဝင်ဘဲ အလွန်စိတ်ရှုပ်ထွေးနေမိ၏။

ဆရာမလေး မနှင်းဖြူ တောင်ပေါ်က ပြုတ်ကျပြီး သေဆုံးသွားချေပြီ။ ဆရာမလေးကို တောင်ပေါ်က မည်သူ တွန်းချလိုက်သနည်း။

ထိုပြဿနာများကို အမြန်ဆုံးရှင်းရန် မိမိ၌ တာဝန်ရှိ၏။ ပြဿနာများကိုမရှင်းနိုင်ပါက မြို့လူထု၏တံတွေးခွက်၌ ပက်လက်မျောသွားနိုင်၏။

မိုးအောင်သည် တွေးရင်း စိတ်ထဲတွင် ရှုပ်ထွေးလာပြီး ခေါင်းထဲ၌ နောက်ကျိလာ၏။

မိမိ၏မှတ်ဉာဏ်၌ မနှင်းဖြူနှင့် ရင်ကွဲတောင်ပေါ်သို့ တက်ခဲ့ခြင်းအကြောင်းကို အဘယ်ကြောင့် မေ့လျော့နေသနည်း။

မိမိနှင့်မနှင်းဖြူ ရင်ကွဲတောင်ပေါ်သို့သွားစရာအကြောင်းကိစ္စမရှိဟု ထင်မိ၏။

မိမိ၏အဖြစ်သည် အိပ်မက်ဆိုးတစ်ခုနှင့် တူနေ၏။ ဆရာမလေး မနှင်းဖြူနှင့် ရင်ကွဲတောင်ပေါ်သို့သွားရာ ခရီး၌ သမီးလေး ပန်းဝါလည်း ပါသည်ဆို၏။

သမီးလေး ပန်းဝါသည် အသက်ဆယ်နှစ်ဝန်းကျင်မျှသာ ရှိသေးသဖြင့် စဉ်းစားခြင့်ချိန်နိုင်စွမ်း မရှိသေးချေ။

ဤအဖြစ်ဆိုးကြီးနှင့်ပတ်သက်၍ အဓိကအကျဆုံးမှာ မိမိ၏မှတ်ဉာဏ်ပင်ဖြစ်၏။

မိမိ၏မှတ်ဉာဏ် ပြန်လည်ကောင်းမွန်လာပါက လူသတ်

မှုကြီး၏တရားခံကို သိရပေတော့မည်။ မိုးအောင်သည် ရင်ကွဲတောင်ပေါ်သို့ အဘယ်ကြောင့်သွားသနည်းဟု အကြိမ်ကြိမ် အဖန်ဖန် တွေးတောနေမိ၏။

သို့သော် မည်သို့ပင် တွေးတောစေကာမူ ခေါင်းထဲတွင် နောက်ကျိလာပြီး အဖြေမတွေ့ဘဲ ရှိနေ၏။ ထို့ကြောင့် မိမိကိုယ်မိမိ မကျေနပ်စိတ်ဖြင့် အားမလို အားမရ ဖြစ်မိ၏။

ချောမောလှပသော ဆရာမလေး မနှင်းဖြူကိုလည်း သနားကရုဏာသက်မိလေ၏။

အင်စပက်တော်လှမိုးသည် တောင်ပေါ်သို့ ဆရာမလေး မနှင်းဖြူ၏အလောင်း ရောက်ရှိသောအခါ ချောမောလှပလွန်းသဖြင့် သနားကရုဏာဖြစ်မိ၏။

ဆရာမလေး၏အသားအရောင်သည် နို့နှစ်ရောင်ကဲ့သို့ ဝင်းပနေပြီး ကိုယ်လုံးကိုယ်ပေါက် အလွန်လှပတင့်တယ်၏။

အင်စပက်တော်လှမိုးသည် ဆရာမလေးကို ရက်ရက်စက်စက် သတ်ဖြတ်သူအား မကျေမချမ်း ဖြစ်နေမိ၏

ဆရာမလေး၏ဦးခေါင်းအနောက်ပိုင်း၌ ပြင်းထန်သော ဒဏ်ရာတစ်ခု ရရှိထားလေ၏။ ဆရာမလေးသည် ထိုဒဏ်ရာကြောင့်ပင် အသက်ဆုံးခဲ့ပုံရ၏။

လွန်ခဲ့သော သုံးလအတွင်း လူသတ်မှုများ ဆက်တိုက်ဖြစ်ပွားနေသဖြင့် ဤမြို့သို့ မိမိရောက်ရှိနေခြင်းဖြစ်၏။

ယခု ဆရာမလေးသေဆုံးမှုသည် ယခင်လူသတ်မှုများနှင့် ပတ်သက်ခြင်း ရှိမရှိ မသေချာသေးချေ။

မြို့ခံပုလိပ်များသည် အရည်အချင်း ညံ့ဖျင်းလှ၏။ ဆရာမလေး၏အလောင်းအနီး၌ ဝိုင်းအုံပြီး တီးတိုးပြောဆိုနေရုံဖြင့် အချိန်ဖြုန်းနေလေ၏။

အင်စပက်တော်လှမိုးသည် ဆရာမလေး၏အနီးသို့ တိုးကပ်၍ စစ်ဆေးလေရာ တောင်ပေါ်မှပြုတ်ကျသွားခြင်းနှင့် ပတ်သက်၍ မည်သည့်သဲလွန်စမျှ မတွေ့ရချေ။

ထိုအခိုက်မှာပင် ဆရာမလေး၏အလောင်းကို တောင်ပေါ်သို့ သယ်ဆောင်ခဲ့သော လူငယ်များအနက် တောင်အောက်

၌ နောက်ဆုံးကျန်ရှိသော လူငယ်လေးသည် တောင်ပေါ်သို့ တွယ်ကပ်ပြီး တက်လာ၏။

ထိုလူငယ်သည် မောပန်းနွမ်းနယ်ဟန်ဖြင့် မြေပေါ်သို့ ပက်လက်လှန်၍ အနားယူနေလေ၏။

အတန်ကြာသောအခါမှ လှဲနေရာမှထ၍ သူ၏အိတ်ထဲရှိ အဝါရောင် စက္ကူပိုင်းလေးကို ထုတ်ယူလိုက်ပြီး အင်စပက်တော်လှမိုးအား

" တောင်အောက်မှာ ဒါလေးတွေ့တယ် "

ဟု ပြောလိုက်ရာ အင်စပက်တော်လှမိုးသည် အဝါရောင် စက္ကူပိုင်းလေးကိုကြည့်၍ မျက်နှာကွက်ခနဲ ပျက်သွားလေ၏။

ဆရာမလေး သေဆုံးသွားခြင်းသည် လွန်ခဲ့သောလက ဖြစ်ပွားခဲ့သော လူသတ်မှုများနှင့် ဆက်စပ်နေမှာ သေချာသွားလေ၏။

ဆရာလေး ကိုမိုးအောင်ကိုသာ အမိအရ စစ်ဆေးရန် လိုတော့၏။

ဤအမှုနှင့်ပတ်သက်၍ ကိုမိုးအောင်သည် အဓိက အကျဆုံး မျက်မြင်သက်သေပင် ဖြစ်၏။

ဆရာမ မနှင်းဖြူ၏ အသုဘမြေချမည့်နေ့၌ မိုးအောင်သည် ဆောက်တည်ရာမရ ဖြစ်နေ၏။ ဆရာမလေး သေဆုံးခြင်းနှင့်ပတ်သက်၍ မိမိ၌ အပြစ်ရှိသလို ခံစားရ၏။

ဆရာမလေးကို ရင်ကွဲတောင်ပေါ်သို့ မိမိခေါ်ဆောင်သွားသဖြင့် အသက်ဆုံးရခြင်း ဖြစ်၏။ ဆရာမလေးကို ရင်ကွဲတောင်ပေါ်သို့ အဘယ်ကြောင့် ခေါ်ဆောင်သွားမှန်း တွေးလို့လည်းမရ။ အပြစ်မဲ့ ဆရာမလေးကတော့ အသက်ဆုံးရချေပြီ။

တစ်မြို့လုံးရှိ လူများသည် လူသတ်မှုများကြောင့် ထိတ်လန့် တုန်လှုပ်နေရာမှ ဆရာမလေး သေဆုံးသွားသဖြင့် ပိုမို၍ ထိတ်လန့်သွားကြ၏။

မိုးအောင်သည် သူနာပြုဆရာမများ၏စကားကို နားထောင်၍ မနှင်းဖြူ မြေချမည့်အချိန်ကို သိရှိနေ၏။

ထို့ကြောင့် ဆေးရုံရှိနာရီကို လှမ်းကြည့်လိုက်ပြီး

နှင်းဖြူ မြေချမည့်နေရာသို့သွားရန် ပြင်လိုက်၏။ ထိုအခါ နီးဖြစ်သူ မမြတ်လေးက မိုးအောင်၏လက်မောင်းကိုဆွဲ၍

“ အစ်ကို အဲဒီနေရာကိုသွားလို့ မဖြစ်ဘူးလေ၊ စဉ်းစားပါဦး ”

ဟု ပြောလိုက်ရာ မိုးအောင်က ခေါင်းခါယမ်း၍

“ ငါ ဘာလို့သွားလို့မဖြစ်ရမှာလဲ ”

ဟု ရေရွတ်လိုက်၏။ မမြတ်လေးက မိုးအောင်ကို စိုးရိမ်စွာကြည့်၍

“ အစ်ကို သေသေချာချာ စဉ်းစားပါဦး၊ မနှင်းဖြူရဲ့ ကိစ္စကို တစ်မြို့လုံးသိနေတယ်လေ၊ မြို့ထဲမှာ ကောလာဟလတွေလည်း အများကြီးထွက်နေတယ်၊ အစ်ကိုသွားလို့ ဖြစ်မှာလား၊ လူတွေအားလုံးရဲ့အာရုံက အစ်ကို့အပေါ်မှာပဲ ရှိနေတယ်လေ ”

ဟု သတိပေးလိုက်ရာ မိုးအောင်၏ခြေလှမ်းများ ရပ်တန့်သွားလေ၏။

သူ၏ရင်ထဲတွင်လည်း နာကျင်သွားမိ၏။ တစ်မြို့လုံးက လူတွေ ဘာတွေပြောကြမှာလဲ။ အိမ်ထောင်ရှိကျောင်းဆရာ ကိုမိုးအောင်က အပျိုကျောင်းဆရာမလေးကို လူသူပြတ် တောက်သော ရင်ကွဲတောင်ပေါ်ကို ခေါ်သွားသည်တဲ့။

တောင်ပေါ်မှာ ဘာတွေဖြစ်ခဲ့သလဲ။ ဆရာမလေး ဘာ ဖြစ်လို့ တောင်ပေါ်က ပြုတ်ကျသွားသလဲ။ ကျောင်းဆရာကို ဘယ်သူရိုက်နှက်သွားတာလဲ။

မိုးအောင်သည် ထိုမေးခွန်းများကို မိမိကိုယ်တိုင်ပင် မဖြေ နိုင်သဖြင့် ခေါင်းထဲတွင် မူးနောက်ပြီး ယိုင်လဲလုမတတ် ဖြစ်သွား၏။

မိုးအောင်ကို မမြတ်လေးက စိုးရိမ်တကြီး ဖေးမထား လိုက်ရ၏။ မိုးအောင်သည် အိပ်ရာပေါ်မှာ ပြန်၍လှဲနေလိုက်၏။

ထိုအခိုက်မှာပင် အခန်းထဲသို့ အင်စပက်တော်လှမိုး ဝင် ရောက်လာပြီး

" ကျုပ်က အင်စပက်တော်လှမိုးပါ၊ ဒီမြို့မှာဖြစ်နေတဲ့

မှုခင်းတွေနဲ့ပတ်သက်ပြီး အင်းစိန်စီအိုင်ဒီက ရောက်လာတာ ပါ၊ ကိုမိုးအောင်ရဲ့ ကျန်းမာရေးအခြေအနေကို သိချင်လို့ပါ"

ဟု ပြောလိုက်ရာ မမြတ်လေးက အိပ်ရာပေါ်၌ မျက်လုံး မှိတ်နေသော ကိုမိုးအောင်ကိုကြည့်၍

" ကိုမိုးအောင် အခုလေးပဲ ခေါင်းနည်းနည်းမူးသွားလို့ အိပ်ရာထဲမှာ လှဲနေတယ် "

ဟု ပြောလေ၏။ ထိုအခါ အိပ်ရာပေါ်တွင်လှဲနေသော မိုးအောင်က မျက်လုံးဖွင့်ကြည့်၍

" ကျုပ် နေကောင်းနေတယ် အင်စပက်တော်၊ မေးချင် တာ မေးနိုင်ပါပြီ "

ဟု ပြောလိုက်ရာ အင်စပက်တော်လှမိုးသည် မိုးအောင် ၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်သည်ဆိုသဖြင့် ဝမ်းသာ သွားပြီး

" ဟင်... ဒါဆိုရင် ရင်ကွဲတောင်ပေါ်မှာဖြစ်ခဲ့တဲ့ကိစ္စ တွေကို ပြန်သတိရပြီပေါ့ "

ဟု ပြောလိုက်၏။ မိုးအောင်က ခေါင်းခါယမ်း၍

" ကျုပ် ဘာမှသတိမရသေးဘူး၊ ရင်ကွဲတောင်ပေါ်က အကြောင်းတွေ ကျုပ် ဘာမှစဉ်းစားလို့မရဘူး "

ဟု ပြောလေ၏။ ထိုအခါ အင်စပက်တော်လှမိုးက

" ရင်ကွဲတောင်ပေါ်ကိုသွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး မျက်မြင်သက်သေ ကပွိယကြီးတစ်ယောက်ရှိတယ်၊ အဲဒီတုန်းက ဇရပ်ပေါ်မှာ ကပွိယအဘိုးကြီးက အိပ်နေတယ်၊ အဘိုးကြီးက ကိုမိုးအောင်နဲ့ မနှင်းဖြူတို့ ရင်ကွဲတောင်ပေါ်ကိုတက်သွားတာ မြင်ခဲ့တယ်လို့ သက်သေခံတယ်၊ ခင်ဗျား တစ်ခုခုတော့ မှတ်မိနိုင်ပါတယ်၊ ကြိုးစားပြီးစဉ်းစားကြည့်ရင် အဖြေတစ်ခုခုတော့ ထွက်နိုင်ပါတယ်၊ ဒါနဲ့ သောကြာနေ့က ကိုမိုးအောင်ရဲ့ နေ့တစ်ဝက် အားလပ်ရက်ဆိုတာ ဟုတ်ပါသလား "

မိုးအောင်က ခေါင်းညိတ်၍ ဟုတ်မှန်ကြောင်း ပြောလေ၏။

" ကျုပ်လည်း ကိုယ့်ကိုယ်ကိုယ်အားမလို အားမရဖြစ်ပြီး

အချိန်အားတိုင်း ဒီကိစ္စကိုပဲ စဉ်းစားနေတာဗျ၊ ဒါပေမဲ့ ရင်ကွဲတောင်ကို ဘာကြောင့်သွားသလဲဆိုတာ တွေးလို့ကို မရဘူး "

ဟု ပြောလေ၏။ အင်စပက်တော်လှမိုးက သက်ပြင်းချ၍

" ရင်ကွဲတောင်မှာ လူသတ်သမားကို ဘယ်သူမှမမြင်လိုက်ဘူး၊ လူသတ်သမားက မြေလျှိုးမိုးပျံသွားသလား၊ ကိုယ်ပျောက်သွားသလား မသိဘူး "

ဟု ရေရွတ်လိုက်လေ၏။ မိုးအောင်က မျက်မှောင်ကြုတ်၍

" ရင်ကွဲတောင်ကို ကျုပ်နဲ့ဆရာမလေးသွားခဲ့တာ သောကြာနေ့ညနေကျောင်းဆင်းချိန်ဗျ၊ အဲဒီနေ့က ကျုပ်ရဲ့ အားလပ်ရက်ပဲ၊ ဒါပေမဲ့ ကျုပ်ပြန်စဉ်းစားကြည့်တော့ သောကြာနေ့ နံနက်ကျောင်းတက်ချိန်အထိပဲ စဉ်းစားလို့ရတယ်၊ သောကြာနေ့ညနေမှာ ကျုပ် ဘာဖြစ်သလဲဆိုတာ စဉ်းစားလို့မရဘူး "

ဟု ပြောလေ၏။ အင်စပက်တော်လှမိုးက ခေါင်းညိတ်၍

" ကိုမိုးအောင် ကြိုးစားပြီး စဉ်းစားပါဗျာ၊ ဒီလူ သတ်မှုကြီးနဲ့ပတ်သက်လို့ ကိုမိုးအောင်ဟာ တစ်ဦးတည်းရှိ တဲ့ ရှားရှားပါးပါး မျက်မြင်သက်သေတစ်ယောက်ပဲ၊ ကျုပ်တို့ က ကိုမိုးအောင်ရဲ့ထွက်ဆိုချက်ကိုပဲ အားကိုးနေရတာဗျ၊ ကဲ… ကျုပ်ကို ခွင့်ပြုပါဦး၊ ကိုမိုးအောင်ဆီကို မကြာခဏလာခဲ့မှာပါ "

ဟု ပြောဆိုပြီး အခန်းထဲမှ ပြန်လည်ထွက်ခွာသွားလေ တော့၏။

မိုးအောင်သည် ဆေးရုံ၌ (၁၀)ရက်တိတိ နေထိုင်ခဲ့ပြီး ဆေးရုံမှဆင်းခဲ့လေ၏။ ဆယ်ရက်ပြည့်သည့်အချိန်ထိ ရင်ကွဲ တောင် အဖြစ်ဆိုးကြီးကို ပြန်မတွေးနိုင်ခဲ့သေးချေ။

မိုးအောင်သည် ဆေးရုံမှဆင်းသည့်နေ့မှာပင် ဇနီးဖြစ်သူ က တားမြစ်နေသည့်ကြားမှ မနှင်းဖြူ၏အုတ်ဂူရှိရာသို့ သွားခဲ့ ၏။

မနှင်းဖြူ၏အုတ်ဂူဖြူဖြူလေးသည် တောင်ကုန်းလေးပေါ်၌ သစ်ရွက်ကြွေလေးများနေရာ၌ ရှိ၏။

မိုးအောင်သည် အုတ်ဂူရှေ့တွင်ရပ်၍

" ကျုပ်ကိုခွင့်လွှတ်ပါ မနှင်းဖြူရယ်၊ မနှင်းဖြူကို တောင်ပေါ်ကိုခေါ်လာမိတဲ့ ကျုပ်ရဲ့အမှားပါ၊ မနှင်းဖြူ ဘာဖြစ်လို့ တောင်ပေါ်က ကျသွားရတာလဲ၊ မနှင်းဖြူကို ဘယ်သူလုပ်ကြံသွားတာလဲ၊ ကျုပ်မသိဘူးဗျာ၊ ကျုပ် ဘာမှစဉ်းစားလို့မရတော့ဘူး၊ မနှင်းဖြူကို မကာကွယ်နိုင်ခဲ့တာ ကျုပ်ကိုခွင့်လွှတ်ပါဗျာ၊ တရားခံဘယ်သူလဲဆိုတာ ကျုပ်မရရအောင်ဖော်ထုတ်ပေးပါ့မယ်၊ ကျုပ် ကတိပေးပါတယ် မနှင်းဖြူရယ် "

ဟု တီးတိုးပြောဆိုနေလေ၏။

မိုးအောင်သည် မနှင်းဖြူနှင့် စတင်တွေ့ဆုံခဲ့ပုံများကို ပြန်လည်မြင်ယောင်လာမိ၏။

ချောမောလှပသော ဆရာမလေးသည် မိဘများမရှိတော့ဘဲ ကြီးဒေါ်ကြီးတစ်ယောက်၏ အုပ်ထိန်းမှုအောက်၌ နေထိုင်

ကြောင်း သိရ၏။

မနှင်းဖြူ ကျောင်းသို့ရောက်လာသောနေ့မှာပင် မိမိကများစွာ အကူအညီပေးခဲ့၏။ မနှင်းဖြူနေထိုင်ရန် အိမ်ကိုပင်ရှာဖွေပေးခဲ့ရ၏။

ထိုအချိန်မှစ၍ မနှင်းဖြူနှင့် ခင်မင်ရင်းနှီးခဲ့ကြ၏။

မနှင်းဖြူသည် အမည်နှင့်လိုက်အောင် အလွန် စိတ်သဘောထားဖြူစင်သူ ဖြစ်၏။

ယခုတော့ အလွန်ဖြူစင်သော ဆရာမလေးသည် ကံဆိုးစွာဖြင့် ဘဝတစ်ပါးသို့ ပြောင်းလဲသွားချေပြီ။ မိုးအောင်သည် ထိုနေ့ညက ညမှောင်ရီသန်းစအချိန်သို့ရောက်သောအခါမှပင် မနှင်းဖြူ၏အုတ်ဂူမှ ပြန်လာခဲ့၏။

အိမ်သို့ရောက်သောအခါ မမြတ်လေးသည် မိုးအောင်ကို စိုးရိမ်ကြီးစွာဖြင့် စောင့်ကြိုနေလေ၏။

မမြတ်လေး၏နံဘေး၌ သမီးလေးပန်းဝါလည်း ရှိနေ၏။

မိုးအောင်က ပန်းဝါကို ပွေ့ဖက်၍ မည်သည့်စကားမျှ

မဆိုဘဲ အိမ်ထဲသို့ ဝင်လာခဲ့၏။

မမြတ်လေးသည် အနောက်မှ တိတ်ဆိတ်စွာ လိုက်ပါလာ၏။

မိုးအောင်သည် နောက်တစ်နေ့သို့ရောက်သောအခါ ကျောင်းအုပ်ဆရာကြီးနှင့် သွားရောက်တွေ့ဆုံလေ၏။

ကျောင်းအုပ်ဆရာကြီးသည် မိုးအောင်ကိုမြင်သောအခါ မနှစ်မြို့ဟန်ဖြင့် ကြည့်၍

" မြို့ပေါ်မှာ မင်းတို့သတင်းတွေ ပျံ့နေပြီ၊ ကြာရင် ကျောင်းရဲ့ဂုဏ်သိက္ခာ ကျဆင်းတော့မယ်၊ မင်း ဘာဖြစ်လို့ မနှင်းဖြူကို တောင်ပေါ်ကိုခေါ်သွားရတာလဲ "

ဟု မေးမြန်းလိုက်၏။

မိုးအောင်သည် စာနာမှုကင်းမဲ့သောအမေးကြောင့် အံကို ကြိတ်လိုက်ပြီး

" ကျွန်တော်လည်း စဉ်းစားနေတာပဲ၊ ဘာမှစဉ်းစားမရ လို့ ခက်နေတာ "

ဟု ပြောလိုက်ရာ ဆရာကြီးက မျက်မှောင်ကြုတ်၍

" ဒီဖြစ်ရပ်တွေကို အမြန်ဆုံးဖော်ထုတ်မှဖြစ်မယ်၊ ကြာရင် မြို့လူထုရဲ့ထိတ်လန့်မှုတွေ ကြီးသည်ထက် ကြီးလာ မယ် "

ဟု ပြောလိုက်၏။ မိုးအောင်က သက်ပြင်းချလိုက်ပြီး

" ဒီကိစ္စကြောင့်ပဲ ဆရာကြီးဆီကို ခွင့်ယူဖို့လာတာပါ၊ ဆရာမ တောင်ပေါ်ကပြုတ်ကျတဲ့ကိစ္စကို ကျုပ်ကိုယ်တိုင် ရှာဖွေ ဖော်ထုတ်ချင်တယ် "

ဟု ပြောလိုက်ရာ ဆရာကြီးသည် မိုးအောင်ကိုကြည့်၍

" ဒီအချိန်မှာ မင်းခွင့်ယူတာ အကောင်းဆုံးပါပဲ၊ မင်း ခွင့်မယူမှာတောင် စိုးရိမ်နေတာကွ၊ တစ်မြို့လုံးကလူတွေ

ကျောင်းကို အာရုံစိုက်နေချိန်မှာ မင်းကို လူတွေမမြင်တာ အကောင်းဆုံးပဲ၊ ငါ့ကျောင်းရဲ့ဂုဏ်သိက္ခာ အထိခိုက်မခံနိုင်ဘူး"

ဟု ပြောလိုက်၏။

မိုးအောင်သည် အတ္တကြီးသော ဆရာကြီးအားမည်သည့် စကားမျှမဆိုတော့ဘဲ ကျောင်းထဲမှ ထွက်ခဲ့၏။

ကျောင်းပိတ်ထားချိန်ဖြစ်သဖြင့် ကျောင်းဝန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

ကျောင်းအရှေ့ဘက်ရှိ သစ်ရွက်များကြွေနေသော ထနောင်းပင်ကြီးအနီးရှိ ထိုင်ခုံတန်း၌ ဆရာမလေး မနှင်းဖြူ ထိုင်နေဟန်ကို မြင်ယောင်ပြီး ရင်ထဲတွင် နာကျင်သွားလေ၏။

ထိုအခိုက်မှာပင် ထနောင်းပင်ကြီးအောက်မှ သူ၏ သူငယ်ချင်း ကျောင်းဆရာ ကိုစိန်လွင်ထွက်လာပြီး

" ခွင့်ယူဖို့လာတာလား သူငယ်ချင်း "

ဟု မေးမြန်းလိုက်၏။ မိုးအောင်က ကိုစိန်လွင်ကို မျှော်လင့်ဘဲ မြင်ရသဖြင့် အံ့သြသွားပြီး

" ဟုတ်တယ်၊ ဒီအမှုရဲ့တရားခံကို ဖော်လို့မရမချင်း ငါ ကျောင်းမတက်ချင်ဘူး၊ လူတွေ ငါ့ကို သံသယမျက်လုံးနဲ့ ကြည့်ကြမှာ ငါ မခံရဲဘူးကွ "

ဟု ပြောလေ၏။ ကိုစိန်လွင်က မိုးအောင်၏အနီးသို့ လျှောက်လှမ်းလာပြီး

" သေသောသူ ကြာရင်မေ့ဆိုတဲ့စကား ရှိပါတယ်ကွာ၊ လောကကြီးမှာ လူတွေ ဘယ်လိုပဲကဲ့ရဲ့ပါစေ၊ မင်းကိုတော့ ငါ ယုံတယ်ကွ၊ မင်းရဲ့ကျောင်းသားတွေအတွက်လည်း ဘာမှ မပူနဲ့၊ မင်းရဲ့အတန်းတွေကို ငါ သင်ပေးနေတယ် "

ဟု အားပေးစကားပြောလေ၏။

မိုးအောင်သည် ကိုစိန်လွင်ကို ကျေးဇူးတင်ကြောင်း ပြော၍ ကျောင်းထဲမှ ထွက်ခဲ့၏။

ကျောင်းပြင်ပသို့ရောက်သောအခါ မြို့ပေါ်ရှိ လူအချို့

သည့် မိုးအောင်ကို တစေ့တစောင်းကြည့်၍ တီးတိုးပြောဆိုကြကုန်၏။

မိုးအောင်သည် မိမိကိုယ်မိမိ စိတ်အားတင်းကာ အိမ်ပြန်လာခဲ့၏။

မိုးအောင် အိမ်သို့အပြန်လမ်း၌ ဂျစ်ကားတစ်စီးထိုးရပ်လာ၍ လှည့်ကြည့်လိုက်ရာ အင်စပက်တော်လှမိုး ဖြစ်နေလေ၏။

အင်စပက်တော်လှမိုးက ပြုံးရွှင်သော အမူအရာဖြင့်

" လာဗျို့ ကိုမိုးအောင်၊ ကားပေါ်တက်ပါ "

ဟု ပြောလေ၏။

မိုးအောင်သည် အင်စပက်တော်လှမိုး၏ကားပေါ်သို့ တက်လိုက်၏။ အင်စပက်တော်လှမိုးက မိုးအောင်၏မျက်နှာကို ကြည့်၍

" ခင်ဗျားရဲ့ကျန်းမာရေးအခြေအနေ ဘယ်လိုရှိသလဲ"

ဟု မေးမြန်းလေ၏။ မိုးအောင်က စိတ်ပျက်ဟန်ဖြင့်

ခေါင်းခါယမ်းလိုက်ပြီး

" ရင်ကွဲတောင်ပေါ်ကို ဘာကြောင့်သွားသလဲဆိုတာ ကျုပ် စဉ်းစားလို့မရသေးဘူးဗျာ၊ ကျုပ်လည်း အစွမ်းကုန် ကြိုးစားနေတာပဲ "

ဟု ပြောလေ၏။ အင်စပက်တော်လှမိုးက

" တစ်ချိန်ချိန်မှာတော့ ကိုမိုးအောင် သတိရလာမယ်လို့ ကျုပ်ယုံတယ်ဗျာ "

ဟု ပြောလေ၏။ ထိုအခါ မိုးအောင်က

" မြို့ပြင်က အကြော်ဆိုင်လေးကို ခဏမောင်းစမ်းဗျာ"

ဟု ပြောလိုက်ရာ အင်စပက်တော်လှမိုးက ကားကို မြို့ပြင်အကြော်ဆိုင်လေးသို့ မောင်းနှင်သွားလေ၏။

အကြော်ဆိုင်လေး၌ နှစ်ယောက်သား ထိုင်မိသောအခါ မိုးအောင်က

" ဆရာမလေး တောင်ပေါ်ကပြုတ်ကျတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်ရင်ထဲမှာ အတော်လေး ခံစားရတယ်၊ မြို့လူထု

ကလည်း ကျွန်ုပ်အပေါ် တစ်မျိုးထင်နေမှာ သေချာတယ်၊ ဒါကြောင့် ကျွန်ုပ်ကိုယ်ကျွန်ုပ်လည်း အားမလိုအားမရ ခံစားရတယ်၊ ကျွန်ုပ် ဒီနေ့ ကျောင်းကိုသွားပြီး ဆရာကြီးဆီမှာ ခွင့်သုံးလယူခဲ့တယ်၊ ဆရာကြီးကိုယ်တိုင်လည်း ကျွန်ုပ်ကို လိုလားဟန်မရှိဘူးဗျ၊ ဒါကြောင့် ဝမ်းမြောက်ဝမ်းသာနဲ့ ခွင့်သုံးလ ယူခွင့်ပေးလိုက်တယ် ”

ဟု ပြောလိုက်ရာ အင်စပက်တော်လှမိုးက

“ ကိုမိုးအောင် ဘာဖြစ်လို့ ခွင့်ယူရတာလဲ ”

ဟု မေးမြန်းလိုက်၏။ ထိုအခါ မိုးအောင်က

“ ဆရာမလေးကိုသတ်တဲ့ လူသတ်သမားကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ စုံစမ်းဖို့ ခွင့်ယူလိုက်တာဗျာ ”

ဟု ပြောလိုက်၏။ အင်စပက်တော်လှမိုးက မိုးအောင်၏ စကားကြောင့် သဘောကျဟန်ဖြင့် ခေါင်းညိတ်၍

“ ဝမ်းသာတယ်ဗျာ၊ ကိုမိုးအောင်ကူညီမယ်ဆိုရင် ကျွန်ုပ်အတွက် တအားပေါ့ဗျာ၊ ကျွန်ုပ်စုံစမ်းတွေ့ရှိသမျှ လူသတ်သမား

ဟာ တစ်ယောက်တည်းပဲဗျ၊ ကျွန်ုပ်တို့နှစ်ယောက် အေးအေးဆေးဆေးတွေ့ပြီး လူသတ်မှုနဲ့ပတ်သက်ပြီး ဆွေးနွေးကြရအောင် ”

ဟု ပြောလေ၏။ မိုးအောင်က ရင်ကွဲတောင်ရှိရာသို့ မှန်းမျှော်ကြည့်၍

“ ကျွန်ုပ်တို့ ရင်ကွဲတောင်ကို ခဏသွားရအောင်ဗျာ၊ ကိုလှမိုး အချိန်ရတယ် မဟုတ်လား ”

ဟု မေးမြန်းလေ၏။ အင်စပက်တော်လှမိုးကထိုင်ရာမှ ထ၍

“ ကျွန်ုပ် ဒီမြို့ကိုရောက်နေတာ လူသတ်မှုတွေကို စုံစမ်းဖို့ပဲဗျ ”

ဟု ပြောလိုက်လေ၏။

ငှင်းတို့သည် ရင်ကွဲတောင်ရှိရာသို့ ရောက်ရှိခဲ့လေ၏။ ရင်ကွဲတောင်ခြေသို့ရောက်သောအခါ မိုးအောင်၏ရင်ထဲ၌ ဝမ်းနည်းကြေကွဲသလို ခံစားရလေ၏။

တောင်ခြေ၌ ရှေးဟောင်းဇရပ်ကြီးတစ်ဆောင် ရှိ၏။ ထိုဇရပ်ကြီး၏ ဒေါင့်တစ်နေရာ၌ အိပ်စက်နေသော ကပ္ပိယ အဘိုးကြီးတစ်ယောက် ရှိ၏။

ထိုအဘိုးကြီးသည် အင်စပက်တော်လှမိုး၏ဂျစ်ကားကို

မြင်သောအခါ အနီးသို့ လျှောက်လှမ်းလာပြီး မိုးအောင်ကို မျက်လုံးဝေ့ကြည့်၍

" ဟင်… ဆရာလေး ကိုမိုးအောင်ပါလား၊ ဆရာမလေး တောင်ပေါ်ကပြုတ်ကျတဲ့နေ့က ဆရာလေးနဲ့ ဆရာမလေး တောင်ပေါ်ကိုတက်သွားတာ အဘမြင်လိုက်တယ်၊ ဆရာလေးရဲ့ သမီးလေးက အဘနဲ့ ဇရပ်မှာနေခဲ့တယ် "

ဟု ပြောလေ၏။ မိုးအောင်သည် ကပ္ပိယအဘိုးကြီး၏ စကားကြောင့်

" အဘ… ကျုပ်နဲ့ဆရာမလေး တောင်ပေါ်ကို တက်သွားတာ မြင်ခဲ့တယ်၊ အဲဒီနေ့က တောင်ပေါ်ကို ဘယ်လူစိမ်းမှ မတက်ခဲ့ဘူးလား "

ဟု မေးမြန်းလိုက်၏။ ကပ္ပိယအဘိုးကြီးက ခေါင်းခါယမ်း၍

" တောင်အောက်ကဇရပ်မှာ အဘ တစ်နေကုန်နီးပါး ရှိနေတတ်တယ်၊ တောင်ပေါ်ကို လူစိမ်းတက်တာ မတွေ့ရပါ

ဘုးကွယ်၊ ဆရာလေးတို့ တောင်ပေါ်ကိုတက်သွားပြီး ခဏကြာတော့ ဆရာလေးရဲ့သမီးလေး တောင်ပေါ်ကို တက်လိုက်သွားတယ်၊ နောက်တော့ သမီးလေး တောင်အောက်ကို ငိုယိုပြီး ဆင်းလာတယ်၊ အဘတို့ တောင်ပေါ်ကိုလိုက်သွားတော့ တောင်ပေါ်မှာ ဆရာလေး ဒဏ်ရာနဲ့ မေ့မြောနေတာ တွေ့တာပဲ ”

ဟု ပြောလေ၏။ မိုးအောင်သည် မိမိတို့အဖြစ်အပျက်များကို သတိရလိုရငြား စဉ်းစားကြည့်လေ၏။

သို့သော် ထိုနေ့က အဖြစ်ကို မည်သို့မျှ ပုံဖော်မရဘဲဖြစ်နေလေ၏။ မိုးအောင်သည် ကြိုးစားပြီး စဉ်းစားကြည့်ရာ ခေါင်းထဲတွင် မူးဝေလာသဖြင့် ခေါင်းကို လက်ဖြင့် ဖိကိုင်လိုက်ရ၏။

အင်စပက်တော်လှမိုးက မိုးအောင်၏အမူအရာကို ကြည့်၍

“ မစဉ်းစားပါနဲ့ဦးဗျာ၊ ခင်ဗျားရဲ့ကျန်းမာရေး ကောင်းမှ မကောင်းသေးတာ ”

ဟု ပြောလေ၏။ အင်စပက်တော်လှမိုးနှင့် မိုးအောင်

သည် တောင်ပေါ်သို့ တရွေ့ရွေ့ တက်ခဲ့လေ၏။

ရင်ကွဲတောင်ပေါ်၌ ဘုန်းကြီးကျောင်းအနည်းငယ်သာရှိ၏။

မိုးအောင်သည် စိတ်လှုပ်ရှားစွာဖြင့် ရင်ကွဲတောင်ပေါ်သို့ တက်လှမ်းခဲ့၏။ သူသည် ဤမြို့၌ မွေးဖွားခဲ့သဖြင့် ငယ်စဉ်ကပင် ရင်ကွဲတောင်ပေါ်သို့ ရောက်ဖူး၏။

မိုးအောင်သည် ရင်ကွဲတောင်ပေါ်ရှိ ပန်းရုံတစ်ရုံပေါ်၌ နားနေသော အနက်ရောင်လိပ်ပြာကြီးကို မြင်သောအခါ သူ၏ ခြေလှမ်းများ ရပ်တန့်လိုက်၏။

အင်စပက်တော်လှမိုးက မိုးအောင်၏အမူအရာကို မျက်မှောင်ကြုတ်ကြည့်၍

“ ဘာထူးခြားလို့လဲဗျ ”

ဟု မေးမြန်းလိုက်၏။ မိုးအောင်က လိပ်ပြာနက်ကြီးကို ကြည့်ရင်း

“ ကျုပ်ရင်ထဲမှာ လိပ်ပြာနက်ကြီးကိုကြည့်ရင်း တစ်မျိုးကြီး ဖြစ်သွားလို့ဗျ ”

ဟု ပြောလိုက်ရာ အင်စပက်တော်လှမိုးက

" ရင်ကွဲတောင်ပေါ်မှာ လိပ်ပြာတွေ အများကြီးတွေ့တယ်နော် "

ဟု ပြောလေ၏။ မိုးအောင်က ခေါင်းညိတ်၍

" ရင်ကွဲတောင်ပေါ်မှာ ပန်းတွေအများကြီးပွင့်ကြသလို လိပ်ပြာတွေလည်း အများကြီးရှိတယ်၊ လိပ်ပြာမျိုးစုံကို ရင်ကွဲတောင်ပေါ်မှာ တွေ့နိုင်တယ်၊ ကျုပ်တို့ငယ်စဉ်က မိဘတွေ ဘုန်းကြီးကျောင်းသွားရင် လိပ်ပြာတွေ လိုက်ဖမ်းတော့တာပဲ"

ဟု ပြောလေ၏။

အင်စပက်တော်လှမိုးသည် မိုးအောင်အား တောင်တစ်နေရာသို့ခေါ်သွားပြီး မြေပြင်ကို လက်ညှိုးညွှန်ပြကာ

" ကိုမိုးအောင် မေ့မြောနေတာကို ဒီမှာတွေ့ခဲ့တာပါ"

ဟု ပြောလိုက်ရာ မိုးအောင်သည် ထိုနေရာကို ငုံ့ကြည့်ပြီး ရင်ထဲတွင် လှိုက်ခနဲ ဖြစ်သွားလေ၏။

အင်စပက်တော်လှမိုးက တောင်အစပ်ရှိရာသို့ လျှောက်

သွားပြီး

" ဆရာမလေး တောင်ပေါ်ကပြုတ်ကျသွားတာ ဒီနေရာမှာလေ "

ဟု ပြောလိုက်၏။ မိုးအောင်သည် ကြေကွဲစွာဖြင့် ထိုနေရာသို့ လျှောက်လှမ်းသွားပြီး တောင်အောက်သို့ငုံ့ကြည့်ကာ

" စိတ်မကောင်းလိုက်တာဗျာ၊ ဆရာမလေးလို အပြစ်မဲ့တဲ့ မိန်းကလေးကိုမှ ရက်ရက်စက်စက် လုပ်ရက်တယ်ဗျာ၊ ဒီလူသတ်သမားကို ကျုပ် မရရအောင် ဖော်ထုတ်မယ် "

ဟု ပြောလေ၏။

မိုးအောင်သည် တောင်ပေါ်၌ရှိစဉ် ရင်ကွဲတောင်ပေါ်ရှိ အဖြစ်ဆိုးကို ကြိုးစားပြီး စဉ်းစားကြည့်၏။

သို့သော် ထိုနေ့က အဖြစ်အပျက်ကို ပြန်လည်စဉ်းစား၍ မရချေ။ မိုးအောင်သည် မိမိကိုယ်မိမိ အားမလို အားမရဖြစ်ပြီး ကျောက်တုံးပေါ်၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

ပြီးနောက် အင်စပက်တော်လှမိုးဘက်သို့လှည့်၍

“ ကျုပ်ရဲ့မှတ်ဉာဏ်တွေ မပျက်ဆီးသေးပါဘူးဗျာ၊ ကလေးဘဝက အဖြစ်အပျက်တွေကိုတောင် မှတ်မိနေသေးတယ်၊ ဒါပေမဲ့ မနေ့တစ်နေ့က အဖြစ်အပျက်ကို ကျုပ် ဘာလို့ မမှတ်မိတော့တာလဲ၊ ကျုပ်မမှတ်မိတဲ့အတွက် ဆရာမလေးကို လုပ်ကြံသွားတဲ့ လူသတ်သမား လွတ်မြောက်နေတယ် ”

ဟု မချိုတင်ကဲ ပြောဆိုနေလေ၏။

ထိုနေ့က တောင်ပေါ်မှပြန်လာသောအခါ မိုးအောင်၏ ဇနီး မမြတ်လေးသည် စိုးရိမ်ကြီးစွာဖြင့် အိမ်ပေါက်ဝ၌ စောင့်ကြိုနေပြီး

“ အစ်ကို့ကို စိတ်မချလို့ ကျောင်းကို လိုက်သွားသေးတယ်၊ ကျောင်းကနေ ပြန်သွားပြီဆိုတော့ စိုးရိမ်နေရတာ ”

ဟု ပြောလိုက်ရာ မိုးအောင်က အင်စပက်တော်လှမိုးဘက်သို့လှည့်၍

“ ဟောဒီက အင်စပက်တော်နဲ့ ရင်ကွဲတောင်ကို ခဏ လိုက်သွားတာပါ၊ အင်စပက်တော်ရဲ့နာမည်က ကိုလှမိုးတဲ့၊ ကျုပ်တို့ မိတ်ဆွေဖြစ်နေပြီ၊ ကိုလှမိုးရေ… ဒါ ကျွန်တော့် မိန်းမ မမြတ်လေးပါ ”

ဟု မိတ်ဆက်ပေးလေ၏။ အင်စပက်တော်လှမိုးသည် ချောမောလှပသော မမြတ်လေးကိုကြည့်၍

“ ကိုမိုးအောင်က မိန်းမလှလေးတစ်ယောက်ကို ရထားတာကိုး၊ ကျုပ်ကတော့ ဒီနေ့အထိ လူပျိုကြီးဖြစ်နေတုန်းပဲဗျ၊ ပြန်တော့မယ်ဗျာ ”

ဟု နှုတ်ဆက်ကာ မိုးအောင်၏အိမ်မှ ပြန်လည်ထွက်ခွာသွားလေ၏။

အင်စပက်တော်လှမိုး၏ကား ထွက်ခွာသွားသောအခါ မိုးအောင်က အနီးသို့ရောက်ရှိလာသော သမီးဖြစ်သူ၏ပခုံးကို ဖက်၍ အိမ်ထဲသို့ ဝင်ခဲ့၏။

အိမ်ထဲသို့ရောက်သောအခါ မိုးအောင်က

“ ကိုယ် ဒီနေ့ ကျောင်းမှာ ခွင့်သုံးလယူခဲ့တယ်၊ ဆရာကြီးက ကိုယ့်ကို ဘယ်လောက်မလိုလားနေသလဲ မသိဘူး၊ ခွင့်ကို လွယ်လွယ်လေး ပေးလိုက်တယ် ”

ဟု ပြောလိုက်ရာ မမြတ်လေးက ယောက်ျားဖြစ်သူကို နားမလည်ဟန်ဖြင့် ကြည့်၍

“ အစ်ကို ဘာဖြစ်လို့ ခွင့်သုံးလယူခဲ့တာလဲ ”

ဟု မေးမြန်းလေ၏။ မိုးအောင်က အံကိုကြိတ်၍

“ ဆရာမလေးကို လုပ်ကြံသွားတဲ့လူသတ်သမားကို မရရအောင် ဖော်ထုတ်မလို့ ”

ဟု ပြောလိုက်၏။

မိုးအောင်၏စကားကြောင့် မမြတ်လေးသည် စိုးရိမ်ဟန်ဖြင့် ကြည့်ပြီး

“ အစ်ကို့ကျန်းမာရေးက ကောင်းသေးတာမဟုတ်ဘူး၊ ဘာဖြစ်လို့ စိတ်ပင်ပန်း လူပင်ပန်းဖြစ်ချင်တာလဲ အစ်ကိုရယ် ”

ဟု ပြောလိုက်ရာ မိုးအောင်က ခေါင်းခါယမ်း၍

“ ဆရာမလေး သေဆုံးတဲ့အမှုမှာ ကိုယ့်တာဝန်ရှိတယ်၊ ဆရာမလေးကို တောင်ပေါ်ကိုခေါ်လာတာ ကိုယ်ပဲလေ၊ ဒီအတိုင်းထိုင်ပြီးနေရင် ကိုယ့်လိပ်ပြာမလုံဘူး၊ ကိုယ့်ဆန္ဒကို အင်စပက်တော်လှမိုးကို ပြောပြီးပြီ၊ သူကလည်း ဝမ်းသာအားရ ဖိတ်ခေါ်တယ် ”

ဟု ပြောလေ၏။ မမြတ်လေးက မိုးအောင်ကိုကြည့်၍

“ ဒီမြို့မှာ လူသတ်မှုတွေ အများကြီးဖြစ်ခဲ့ဖူးတယ်၊ လူသတ်သမားက ကြောက်ဖို့သိပ်ကောင်းနေပြီ၊ အစ်ကို့အတွက် အန္တရာယ်ဖြစ်နိုင်တယ် ”

ဟု သတိပေးလေရာ မိုးအောင်က ခေါင်းခါယမ်း၍

“ ဘယ်လိုအန္တရာယ်မျိုးပဲကြုံကြုံ တရားခံကို ကိုယ်မရရအောင် ဖော်ထုတ်ရမယ် ”

ဟု ကြုံးဝါးလိုက်လေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ အင်စပက်တော်လှမိုးသည် မိုးအောင်အား ဂျစ်ကားနှင့် လာရောက်ခေါ်ဆောင်ပြီး ၎င်း ငှားရမ်းနေထိုင်သော အိမ်သို့သွားလေ၏။

အင်စပက်တော်လှမိုးသည် မြို့ပြင် အဝေးပြေးလမ်းမပေါ်ရှိ အိမ်ငယ်လေးကို ငှားရမ်းနေထိုင်လေ၏။

အိမ်သို့ရောက်သောအခါ အင်စပက်တော်လှမိုးက မိုးအောင်အား သုံးလအတွင်းဖြစ်ပွားခဲ့သော လူသတ်မှုများ

အကြောင်းကို ပြောပြလေ၏။

အင်စပက်တော်လှမိုးက

“ ကိုမိုးအောင်လည်း မြို့ပေါ်မှာ လူသတ်မှုတွေ ဆက်တိုက်ဖြစ်တယ်ဆိုတာ သိမှာပေါ့၊ ပထမဆုံးဖြစ်ခဲ့တာက မြို့စွန်လူပြတ်တဲ့နေရာမှာဗျ၊ လူသတ် သမားရဲ့သားကောင်ဖြစ်သွားတဲ့ မိန်းမကတော့ မအေးကြည်တဲ့၊ မြို့အနှံ့ ဘိန်းမှုန့်လှည့်ရောင်းတဲ့ အမျိုးသမီးတစ်ယောက်ပဲ၊ ဒုတိယမြောက်အသတ်ခံရတာက ကိုအေးလွင်တဲ့၊ မြို့ပေါ်က သော်တာဓာတ်ပုံဆိုင်က ဓာတ်ပုံဆရာတစ်ယောက်ပဲ၊ တတိယမြောက် အသတ်ခံရသူကတော့ မြို့ထဲမှာ ထီလက်မှတ်တွေ လှည့်ရောင်းတဲ့ မလှမေဆိုတဲ့ မိန်းမပဲ၊ အသတ်ခံရတဲ့လူတွေ အားလုံးရဲ့ အသက်တွေ မတိမ်းမယိမ်းဖြစ်နေတယ် ”

ဟု ပြောလေရာ မိုးအောင်က မျက်မှောင်ကြုတ်၍

“ လူသတ်သမားဟာ စည်းစိမ်ဥစ္စာတွေရလိုဇောနဲ့ သတ်ဖြတ်တာ မဖြစ်နိုင်ဘူး ”

ဟု ပြောလေ၏။ ထိုအခါ ကိုလှမိုးက ခေါင်းညိတ်၍

“ ဟုတ်တယ်၊ ငွေကြေးရလိုဇောနဲ့သတ်တာ မဟုတ်ဘူး၊ ရန်ငြိုးရန်စကြောင့်သတ်တာ ဖြစ်နိုင်တယ်၊ ဒါပေမဲ့ သေသူသုံးယောက်လုံးဟာ တစ်ယောက်နဲ့တစ်ယောက် ဆက်စပ်မှု မရှိဘူး၊ သေသူအားလုံးရဲ့လည်တိုင်မှာ ချွန်ထက်တဲ့အရာနဲ့ထိုးပြီး အသတ်ခံထားရတယ် ”

ဟု ပြောလေ၏။ မိုးအောင်သည် ကိုလှမိုး ပြသသော လူသုံးယောက်၏ဓာတ်ပုံများကို ကြည့်ရှုနေလေ၏။

ထိုသူများသည် မိမိနှင့် ရင်းနှီးခြင်း မရှိချေ။ မိုးအောင်က ဓာတ်ပုံများကို ပြန်ချထားလိုက်ပြီး

“ ဒီလူတွေမှာ ရန်ငြိုးရန်စများ ရှိနေသလား ”

ဟု မေးမြန်းလိုက်၏။ ထိုအခါ အင်စပက်တော်လှမိုးက ခေါင်းခါယမ်း၍

“ ကျုပ်စုံစမ်းလို့ရသလောက်တော့ သူတို့အားလုံး ကောင်းရောင်းကောင်းဝယ်လုပ်စားပြီး အေးအေးဆေးဆေး

နေတဲ့သူတွေပဲ၊ ရန်ငြိုးရန်စလည်း ရှိပုံမရဘူး ”

ဟု ပြောလေ၏။ မိုးအောင်က သက်ပြင်းချ၍

“ ဒါဆိုရင် လူသတ်သမားဟာ ဘာကြောင့် မဆီမဆိုင် လူတွေကို လိုက်သတ်နေရတာလဲ၊ ဆရာမလေး မနှင်းဖြူ ရင် ဒီမြို့ကိုရောက်လာတာ မကြာသေးဘူး၊ ဒီလူဟာ စိတ္တ လူသတ်သမားများ ဖြစ်နေပြီလား ”

ဟု ရေရွတ်လိုက်၏။ အင်စပက်တော်လှမိုးက ခေါင်း ညိတ်၍

“ ကျုပ်လည်း လူသတ်သမားကို စိတ္တဇဖြစ်နေပြီလို့ အကြမ်းယူဆထားတယ် ”

ဟု ပြောလေ၏။ မိုးအောင်က သက်ပြင်းချ၍

“ ကျုပ်လည်း လူသတ်သမားရဲ့အကြောင်းကို ပြန်တွေး လို့ မရသေးဘူး၊ ရခဲ့ရင် လူသတ်သမားနဲ့ပတ်သက်တဲ့ သဲလွန်စ တစ်ခုတော့ရမှာပဲ၊ ဒါနဲ့နေပါဦး၊ လူသတ်မှုတွေအားလုံး တစ်ခုနဲ့တစ်ခု ဆက်စပ်မှုရှိကြောင်း ဘယ်လိုသိနိုင်သလဲ ”

ဟု မေးမြန်းလိုက်လေ၏။ အင်စပက်တော်လှမိုးက ခေါင်းညိတ်၍

“ လူသတ်မှုလေးခုစလုံးမှာ ဆက်စပ်မှုတစ်ခုရှိတယ်၊ ဒီဆက်စပ်မှုကြောင့် တရားခံဟာ တစ်ယောက်တည်းဆိုတာ ခံစားမိခဲ့တယ်၊ လူသတ်သမားဟာ လူသတ်မှုတစ်ခုကို ကျူးလွန်ပြီးတိုင်း လက်တစ်ဝါးလောက်ရှိတဲ့ အဝါရောင် စက္ကူကတ်မှာ မင်နက်နဲ့ လိပ်ပြာပုံလေးတစ်ပုံ ရေးဆွဲပြီး ချထားလေ့ရှိတယ်၊ ဟောဒီမှာ လူသတ်သမားဆီကရတဲ့ လိပ်ပြာရုပ်လေးတွေပဲ၊ ဆရာမလေး မနှင်းဖြူ တောင်ပေါ်ကပြုတ်ကျတဲ့နေရာမှာလည်း လိပ်ပြာရုပ်လေးတစ်ရုပ်တွေ့ခဲ့တယ် ”

ဟု ပြောလေ၏။

မိုးအောင်သည် အဝါရောင်စက္ကူကတ်ပေါ်၌ မင်နက်ဖြင့် ရေးဆွဲထားသော လိပ်ပြာရုပ်လေးများကိုကြည့်၍ ထိုအရာများနှင့် ရင်းနှီးကျွမ်းဝင်သလို ခံစားရလေ၏။

သူသည် လိပ်ပြာရုပ်လေးများရေးသားထားသော အဝါ

ရောင် စက္ကူများကို ဖင်ပြန်ခေါင်းပြန်ကြည့်၍

" ဒီစက္ကူတွေကို ကျုပ် မြင်ဖူးသလိုပဲ "

ဟု ပြောလိုက်ရာ အင်စပက်တော်လှမိုးက စိတ်ဝင်စားစွာဖြင့်

" ဘယ်မှာမြင်ဖူးတာလဲ၊ ပြောပါဦး "

ဟု မေးမြန်းလိုက်၏။

မိုးအောင်က အတန်ကြာအောင် စဉ်းစားပြီးနောက် ခေါင်းခါယမ်း၍

" လောလောဆယ် စဉ်းစားလို့မရသေးဘူး "

ဟု ပြောလိုက်ရာ အင်စပက်တော်လှမိုးက ခေါင်းညိတ်၍

" ကိုမိုးအောင်က လူသတ်မှုနဲ့ပတ်သက်ပြီး အတော်ရင်းနှီးနေတယ်၊ ကျုပ်တို့ ကိုမိုးအောင်ကိုပဲ အားကိုးရမှာပဲ"

ဟု ပြောလေ၏။

မိုးအောင်သည် အင်စပက်တော်လှမိုးထံမှ လူသတ်မှုနှင့်

ပတ်သက်သည့် အချက်အလက်များကို မှတ်စုစာအုပ်၌ ကူးယူခဲ့၏။

မိုးအောင်သည် အင်စပက်တော်လှမိုးနှင့် လမ်းခွဲထွက်ခဲ့ပြီးနောက် အိမ်သို့ပြန်ရောက်သည်အထိ အဝါရောင်စက္ကူကတ်လေးများနှင့် လိပ်ပြာပုံသဏ္ဍာန်ကို မြင်ယောင်နေလေ၏။

သူ၏ငယ်စဉ်ဘဝတစ်လျှောက်လုံး လိပ်ပြာများနှင့် ပတ်သက်နေ၏။ ငယ်စဉ်က မိဘနှစ်ပါးနှင့် ရင်ကွဲတောင်သို့ တက်တိုင်း ရောင်စုံလိပ်ပြာများကို သွားရောက်ကြည့်ရှုလေ့ရှိ၏။

သူတို့အရပ်ဒေသ၌ လိပ်ပြာများကို ရင်ကွဲတောင်စောင့်နတ်များဟု အယူအဆရှိ၏။ ထို့ကြောင့် လိပ်ပြာများကို အန္တရာယ်ပေးလေ့ မရှိချေ။

ငယ်စဉ်က ရင်ကွဲတောင်မှာတွေ့သမျှ လိပ်ပြာအသေလေးများကို သိမ်းဆည်းထားခဲ့၏။

ဆရာမလေး မနှင်းဖြူ သေဆုံးပြီးနောက် ရင်ကွဲတောင်သို့ရောက်သောအခါ လိပ်ပြာကြီးတစ်ကောင်ကိုမြင်ပြီး သူ့

ရှင်ထဲတွင် တစ်မျိုးတစ်မည် ခံစားလိုက်ရ၏။

အနက်ရောင်လိပ်ပြာသည် ဆရာမလေး၏ဝိညာဉ်ပင် ဖြစ်လေသလော။ မိုးအောင်သည် အင်စပက်တော်လှမိုးထံမှ ရေး မှတ်ထားသော မှတ်စုစာအုပ်ကိုဖွင့်၍ သေချာစွာ ဖတ်ရှုနေမိ၏။

ထိုအခါ လူသတ်မှုဖြစ်သောနေ့များအားလုံး သောကြာနေ့ ဖြစ်နေ၏။ သောကြာနေ့သည် တိုက်တိုက်ဆိုင်ဆိုင်ပင် ကျောင်း၌ မိမိ၏ နေ့တစ်ဝက် အားလပ်ရက်ဖြစ်၏။

မိုးအောင်သည် သောကြာနေ့၌ ကျောင်းမှ နေ့တစ်ဝက် ပြန်လာလေ့ရှိ၏။

မိုးအောင်သည် မှတ်စုစာအုပ်ထဲ၌ လူသတ်မှုဖြစ်ပွားသော နေ့များကို မင်နီဖြင့်ဝိုင်းလိုက်ပြီး

" လူသတ်မှုဖြစ်တဲ့နေ့တွေက ဘာဖြစ်လို့ ငါ့ရဲ့အားလပ်ရက်တွေနဲ့ တိုက်ဆိုင်နေတာလဲ "

ဟု ရေရွတ်ရင်း လူသတ်မှုဖြစ်ပွားသည့်အချိန်များကို

ကြည့်လေရာသောကြာနေ့ မိမိအားလပ်သော ညနေစောင်းအချိန်များပင် ဖြစ်လေ၏။

မိုးအောင်သည် ထိုအချက်အလက်များကိုကြည့်ရှုရင်း ခေါင်းထဲတွင် မူးနောက်လာသလို ခံစားရ၏။ မိုးအောင်သည် မင်နီဝိုင်းထားသော နေ့ရက်များကို ကြည့်ရှုရင်း

" လူသတ်မှုတွေဖြစ်ပွားတဲ့အချိန်က ငါ့ရဲ့ကျောင်းအားလပ်ချိန်တွေပဲ "

ဟုရေရွတ်ရင်း ရင်ကွဲတောင်ခြေဇရပ်ရှိ ကပ္ပိယအဘိုကြီး ပြောသော စကားများကို ပြန်လည်ကြားယောင်လာ၏။

" တောင်အောက်ကဇရပ်မှာ အဘ တစ်နေကုန်နီးပါး ရှိပါတယ်၊ တောင်ပေါ်ကို လူစိမ်းတက်တာ မတွေ့ပါဘူးကွယ် "

မိုးအောင်သည် မှတ်ဉာဏ်ကင်းမဲ့နေသဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုကင်းမဲ့သလို ဖြစ်လာပြီး

" ဒီမြို့မှာ လူသတ်မှုတွေကို ငါကိုယ်တိုင်များ ကျူးလွန်

နေမိသလား ”

ဟု တွေးလိုက်မိ၏။

ပြီးနောက် တစ်ကိုယ်တည်း ခေါင်းခါယမ်းလိုက်ပြီး

“ ဟာ…ငါက အရူးမှမဟုတ်တာ၊ ဘာဖြစ်လို့ လူ သတ်ရမှာလဲ ”

ဟု တွေးမိပြန်၏။ ထိုအခိုက်မှာပင် သမီးလေးပန်းဝါ ရောက်ရှိလာပြီး

“ ဖေဖေ… ထမင်းစားကြမယ်၊ ဖေဖေကြိုက်တဲ့ ငါးရံ့ အူပဟင်း ချက်ထားတယ် ”

ဟု ခေါ်လေရာ မိုးအောင်သည် ထမင်းစားခန်းသို့ လိုက် ခဲ့လေ၏။

မိုးအောင်သည် ထမင်းဝိုင်း၌ တို့ကနန်း ဆိတ်ကနန်း စားသောက်နေလေ၏။ ထိုအခါ မမြတ်လေးက မိုးအောင်ကို အားမလို အားမရဟန်ဖြင့် ကြည့်၍

“ အစ်ကို ထမင်းစားလို့မကောင်းဘူးလား ”

ဟု မေးမြန်းလိုက်ရာ မိုးအောင်က မျက်မှောင်ကြုတ်၍

“ လွန်ခဲ့တဲ့ သုံးလလောက်အတွင်း အစ်ကိုရဲ့ကျောင်း အားလပ်ရက်တွေမှာ အိမ်ပြန်လေ့ရှိသလား ”

ဟု မေးမြန်းလိုက်ရာ မမြတ်လေးက မိုးအောင်ကို နား မလည်ဟန်ဖြင့်ကြည့်၍

“ သုံးလအတွင်း အစ်ကို့ရဲ့ကျောင်းအားလပ်ရက်တွေမှာ အိမ်ပြန်လာလေ့ရှိသလားဆိုတာ ကျွန်မ ဘယ်လိုလုပ်မှတ်မိမှာလဲ၊ ကျွန်မအထင်တော့ အိမ်ပြန်လာလေ့ရှိပါတယ်၊ ပြန်မလာလည်း နှစ်ရက် သုံးရက်လောက်ပဲ ရှိမှာပါ ”

ဟု ပြောလေ၏။ ထိုအခါ မိုးအောင်၏သမီးလေး ပန်းဝါ က ဝင်ရောက်၍

“ အဖေ့အားလပ်ရက်တွေ အိမ်ပြန် မပြန် သမီး တိတိ ကျကျ ပြောနိုင်တယ်၊ သမီးရဲ့ဒိုင်ယာရီထဲမှာ ပြန်ကြည့်ရင် အိမ်မပြန်တဲ့နေ့တွေ တွေ့နိုင်တယ် ”

ဟု ပြောလိုက်ရာ မိုးအောင်သည် သိချင်စိတ်ပြင်းပြသွား

ပြီး

" ဒါဆိုရင်လည်း အဖေ့ကို ပြောပြစမ်းပါ "

ဟု ပြောလေ၏။

ထမင်းစားပြီးသောအခါ မပန်းဝါလေးသည် အံဆွဲထဲမှ ဒိုင်ယာရီစာအုပ်လေးကိုထုတ်၍ ကြည့်ရှုလေ၏။

ခဏကြာသောအခါ မပန်းဝါက စာရွက်ပိုင်းလေး တစ်ရွက်သို့ ရေးမှတ်လိုက်ပြီး မိုးအောင်ကို ကမ်းပေးလိုက်၏။

မိုးအောင်သည် ထိုစာရွက်ပိုင်းလေးကိုယူ၍ အင်စပက် တော်လှမိုးထံမှ ကူးယူခဲ့သော မှတ်စုစာအုပ်ကိုဖွင့်၍ ကြည့်ရှု၏။

ထိုအခါ လူသတ်မှုဖြစ်ပွားသော နေ့ရက်များသည် မိမိ အားလပ်ရက် အိမ်မပြန်သောနေ့များနှင့် ထူးဆန်းစွာ တိုက်ဆိုင် နေလေ၏။

မိုးအောင်သည် စာရွက်ပိုင်းလေးထဲရှိ ကျောင်းအားလပ် ရက် အိမ်မပြန်သောနေ့ရက်များနှင့်လူသတ်မှုများ တိုက်ဆိုင် နေခြင်းကို အလွန်ထိတ်လန့်အံ့ဩနေလေ၏။

ထိုအခိုက်မှာပင် မိုးအောင်၏အနီးသို့ သမီးလေးပန်းဝါ ရောက်ရှိလာ၏။ မိုးအောင်က ပန်းဝါ၏ပခုံးကိုဖက်၍

" ဖေဖေအိမ်ပြန်လာတဲ့အချိန်တွေမှာ ဘာထူးခြားမှု ရှိသလဲ "

ဟု မေးမြန်းလေရာ သမီးလေး ပန်းဝါက နားမလည် ဟန်ဖြင့်

" ဘယ်လိုထူးခြားမှုကိုပြောတာလဲ ဖေဖေ "

ဟု မေးမြန်းလေ၏။ မိုးအောင်က သက်ပြင်းချ၍

" အဖေ့ရဲ့မျက်နှာ အမူအရာတွေကို ပြောတာ၊ အဖေ စိတ်တိုနေသလား၊ ပျော်ရွှင်နေသလား "

ဟု မေးမြန်းလိုက်၏။ ပန်းဝါက စဉ်းစားဟန်ပြု၍

" သမီး ဘယ်မှတ်မိမှာလဲ ဖေဖေရဲ့၊ ဒါပေမဲ့ သမီးရဲ့ ဒိုင်ယာရီထဲမှာ ပြန်ကြည့်ရင် သိနိုင်တယ် "

ဟု ပြောလေ၏။ ထိုအခါ မိုးအောင်က စိတ်လှုပ်ရှားဟန် ဖြင့်

" ဒါဆိုရင် သမီးရဲ့ဒိုင်ယာရီထဲမှာ မြန်မြန်သွားပြန်ကြည့်ခမ်း "

ဟု ပြောလေ၏။

ပန်းဝါလေးသည် စားပွဲအံဆွဲကိုဖွင့်၍ ဒိုင်ယာရီစာအုပ်လေးကို မိုးအောင်ရှိရာသို့ ယူဆောင်လာ၏။

မိုးအောင်သည် မိမိ၏လက်ထဲသို့ ဒိုင်ယာရီစာအုပ်လေး ရောက်ရှိသောအခါ လူသတ်မှုဖြစ်ပွားသောနေ့ရက်များကို ရှာဖွေ ကြည့်၏။

ထိုအခါ ဒိုင်ယာရီစာအုပ်ထဲရှိ စာသားများကို ဖတ်ရှုပြီး ထိတ်လန့်တုန်လှုပ်သွားလေ၏။ ဒိုင်ယာရီစာအုပ်ထဲ၌ ပန်းဝါ ရေးသားထားသည်မှာ

" ဖေဖေ ဒီနေ့ညနေအိမ်ပြန်လာတော့ မျက်စိမျက်နှာ ပျက်နေပြီး သမီးတို့ကို စကားကောင်းကောင်းမပြောဘူး၊ အိမ်ပြန်လာပြီး ရေမချိုးသေးဘဲ စတိုခန်းထဲမှာ သွားနေတယ်၊ ညနေစောင်းတဲ့အခါမှ စတိုခန်းထဲကထွက်လာပြီး ရေကို

အကြာကြီး ချိုးနေတယ် "

ဟု ရေးသားထားလေ၏။

မိုးအောင်သည် သမီးဖြစ်သူ၏ ဒိုင်ယာရီကိုဖတ်၍ ခေါင်းထဲတွင် ဝေဝါးလာ၏။ မိမိအားလပ်ရက် အိမ်မပြန်သောနေ့နှင့် လူသတ်မှုများဖြစ်ပွားသောနေ့ အဘယ်ကြောင့် တိုက်ဆိုင်နေသနည်း။

ထို့ပြင် လူသတ်သမားယူဆောင်လာသော အဝါရောင် ဓာတ္တုလေးများကို မိမိ အဘယ်ကြောင့်ရင်းရင်းနှီးနှီးရှိနေသနည်း။

မိုးအောင်သည် ပန်းဝါ၏ဒိုင်ယာရီအရ စတိုခန်းထဲသို့ သွားရောက်ကြည့်ရှုရန် ကြံစည်လေ၏။ စတိုခန်းထဲသို့ရောက်သောအခါ မိမိ၏ပစ္စည်းများ နေသားတကျ ရှိမနေကြောင်း တွေ့ရ၏။

မိုးအောင်၏မိဘနှစ်ပါး ကားမှောက်၍ သေဆုံးသွားပြီး နောက် မိုးအောင်သည် ကားပစ္စည်းများထားရှိသော စတိုခန်း

သို့ မဝင်ဖြစ်တော့ချေ။

မိုးအောင်သည် စတိုခန်းထဲရှိ ပစ္စည်းများကို စစ်ဆေးကြည့်ရှုလေရာ ဘုရားပွဲဈေးမှ ဝယ်ယူခဲ့သော ရှမ်းဓားမြှောင်လေးတစ်ချောင်း ပျောက်ဆုံးနေကြောင်း တွေ့ရ၏။

မိုးအောင်သည် ရှမ်းဓားမြှောင်လေးကို ရှာဖွေလေရာ ဗီရို၏အောက်ဆုံးထပ်ရှိပစ္စည်းများအောက်၌ တွေ့ရ၏။ မိုးအောင်သည် ရှမ်းဓားမြှောင်လေးကို ဓားအိမ်ထဲမှ ထုတ်ကြည့်သောအခါ ဓားမြှောင်၌ သွေးများစွန်းနေကြောင်း အထိတ်တလန့် တွေ့လိုက်ရ၏။

ရှမ်းဓားမြှောင်လေးကိုဝယ်ယူပြီး သိမ်းဆည်းထားသည်မှာ နှစ်များစွာ ကြာနေလေပြီ။ ထိုဓားမြှောင်လေးကို တစ်ကြိမ်တစ်ခါမျှ မသုံးဖြစ်ဘဲ အဘယ်ကြောင့် သွေးများစွန်းပေနေသနည်း။

မိုးအောင်သည် မယားဖြစ်သူကိုခေါ်၍ ရှမ်းဓားမြှောင်၌ သွေးများစွန်းပေနေကြောင်းကို မေးမြန်းရန် ကြံလိုက်၏။

သို့သော် ထိုသို့မေးမြန်းရန်ကြံပြီးကာမှ မြို့၌ဖြစ်ပွားခဲ့သော လူသတ်မှုများကို ပြန်လည်သတိရပြီး ဇနီးဖြစ်သူ အထင်လွဲမှာ စိုးရိမ်သွား၏။

“ မနှင်းဖြူ တောင်ပေါ်ကပြုတ်ကျတုန်းကလည်း ငါနဲ့ အတူရှိနေတယ်၊ ငါ့ရဲ့ရှမ်းဓားမြှောင်ကလည်း သွေးတွေစွန်းနေတယ်ဆိုရင် မြို့မှာဖြစ်တဲ့ လူသတ်မှုတွေအတွက် ငါ့ကို သံသယဖြစ်လိမ့်မယ်၊ ငါကလည်း တောင်ပေါ်မှာဖြစ်ခဲ့တဲ့ကိစ္စတွေကို ဒီနေ့အထိ သတိမရသေးဘူး ”

ဟု တွေးမိပြီး မယားဖြစ်သူကို မပြောရဲတော့ချေ။

မိုးအောင်သည် ရှမ်းဓားမြှောင်၌ စွန်းပေနေသော သွေးများကို ရေပုံးတစ်ပုံးထဲနှစ်၍ တစ်ကိုယ်တည်း ကျိတ်ဖျက်နေလေ၏။

ထိုအခိုက်မှာပင် အနီးသို့ သမီးလေး မပန်းဝါ ရောက်ရှိလာပြီး

“ ဖေဖေ ဓားကိုရေဆေးနေတာလား၊ ဖေဖေ အရင်တုန်း

က ကျောင်းသွားရင် လွယ်အိတ်ထဲမှာ ဓားထည့်သွားတာ တွေ့တယ်နော်၊ ကျောင်းကို ဓား ဘာဖြစ်လို့ယူသွားရတာလဲ ”

ဟု မေးမြန်းလေရာ မိုးအောင်သည် အလွန်ထိတ်လန့်တုန်လှုပ်သွားလေ၏။

သူသည် အထိတ်တလန့်ဖြင့် သမီးဖြစ်သူ၏ပခုံးကို ဆုပ်ကိုင်၍

“ အဖေ ကျောင်းကို ဓားယူသွားတာ သမီးသိတယ် ဟုတ်လား၊ ဘယ်တုန်းက ယူသွားတယ်ဆိုတာ မှတ်မိသလား”

ဟု မေးမြန်းလိုက်၏။ ထိုအခါ ပန်းဝါကလေးက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

“ ဖေဖေ နေ့တစ်ဝက် ကျောင်းကပြန်တဲ့နေ့တွေ ထင်တယ်၊ သေချာအောင် သမီးရဲ့ဒိုင်ယာရီထဲမှာ မှတ်ထားတာ သွားကြည့်မယ် ”

ဟု ပြောလေရာ မိုးအောင်သည် ခေါင်းနပန်းကြီးပြီး

ကျန်ရစ်ခဲ့လေ၏။

ခဏကြာလျှင် သမီးလေးပန်းဝါသည် ဒိုင်ယာရီစာအုပ်လေးကိုင်၍ ရောက်ရှိလာပြီး

“ လွန်ခဲ့တဲ့ ၇၊ ၁၄၊ ၂၁ ရက်တွေမှာ ဓားယူသွားတာ သိတယ်၊ ကျန်တဲ့ရက်တွေကိုတော့ သမီး မသိဘူး ”

ဟု ပြောလေရာ မိုးအောင်သည် နွေခေါင်ခေါင် မိုးကြိုးပစ်ခံရသကဲ့သို့ ထိတ်လန့်တုန်လှုပ်သွားလေ၏။

သူ၏ခေါင်းထဲတွင် မူးဝေလာပြီး ဇောချွေးများလည်း ပျံ့ထွက်လာ၏။ မိမိဓားယူသွားသောနေ့ရက်များသည် ဤမြို့၌ လူသတ်မှုများဖြစ်ပွားခဲ့သော နေ့ရက်များပင် ဖြစ်နေလေ၏။

အဘယ်ကြောင့် မိမိ၏အားလပ်ရက်များနှင့် လူသတ်မှုများ တိုက်ဆိုင်နေသနည်း။

အဘယ်ကြောင့် မိမိ၏အားလပ်သောအချိန်များနှင့် လူသတ်မှုဖြစ်ပွားသော အချိန်များ တူညီနေသနည်း။

အဘယ်ကြောင့် လူသတ်မှုဖြစ်ပွားသောနေ့များ၌ မိမိက

ရှမ်းဓားမြှောင်ကို ယူဆောင်သွားသနည်း။

ဤသို့ယူဆောင်သွားခြင်းကို မိမိ၏မှတ်ဉာဏ်၌ မှတ်မိ ခြင်း မရှိချေ။ အဘယ်ကြောင့် မိမိ၏မှတ်ဉာဏ် ချို့ယွင်းနေ သနည်း။

မိမိ၏မှတ်ဉာဏ်ချို့ယွင်းခြင်းသည် ရင်ကွဲတောင်ပေါ်၌ ထိခိုက်ခံရပြီးမှ ချို့ယွင်းသွားသည် ထင်၏။

ယခုတော့ ယခင်ကပင် မိမိ၏မှတ်ဉာဏ် ချို့ယွင်းနေ သလို ဖြစ်နေလေ၏။ မိုးအောင်သည် မိမိကိုယ်မိမိ နားမလည် နိုင်ဘဲ အလွန်စိတ်ဓာတ်ကျနေမိ၏။ မိမိကိုယ်မိမိ စိတ္တဇဝေဒနာ ခံစားနေသလောဟူ၍ပင် ထင်မိ၏။

မိမိ၏ဦးနှောက်သည် ထူးခြားသော ဝေဒနာတစ်ခုကို ခံစားနေပုံရ၏။ မိုးအောင်သည် ထိုဝေဒနာကြောင့် အမှား အယွင်းများ ဖြစ်နေပြီလောဟုတွေးကာ ထိတ်လန့်တုန်လှုပ် နေမိ၏။

မိုးအောင်၏မျက်လုံးထဲတွင် သွေးစွန်းနေသော ရှမ်း ဓားမြှောင်ကိုသာ မြင်ယောင်လာ၏။ သမီးလေး ပန်းဝါ၏စကား များကို အကြိမ်ကြိမ် အဖန်ဖန် ကြားယောင်နေလေ၏။

" ဖေဖေ ကျောင်းကို ဓား ဘာဖြစ်လို့ယူသွားတာလဲ၊ ဖေဖေ နေ့တစ်ဝက်အိမ်ပြန်လာချိန်မှာ မျက်စိမျက်နှာပျက်ပြီး ...ခန်းထဲ သွားနေတယ် "

မိုးအောင်သည် မိမိ၏မှတ်ဉာဏ်ချို့ယွင်းခြင်းနှင့် ပတ်

သက်၍ များစွာ စိတ်ဓာတ်ကျဆင်းနေလေ၏။ မိမိတွေ့ရှိ... သက်သေအထောက်အထားများအရ လူသတ်မှုများကို ... ကျူးလွန်နေသလိုဖြစ်နေ၏။

မိုးအောင်သည် မှတ်ဉာဏ်ချို့ယွင်းမှုရှိနေသဖြင့် ... ကိုယ်မိမိ ယုံကြည်ခြင်း မရှိတော့။

ထို့ကြောင့် တစ်နေကုန် အခန်းအောင်းပြီး နေလေ... ဇနီးဖြစ်သူ မမြတ်လေးက မိုးအောင်၏အမူအရာကို စိုးရိမ်... ဖြင့်ကြည့်၍

" အစ်ကို ဘာဖြစ်လို့လဲ၊ စိတ်ရှုပ်စရာတွေကို ... မနေပါနဲ့ အစ်ကိုရယ်၊ ကြာရင် အစ်ကို့မှတ်ဉာဏ်တွေ ... ကောင်းလာမှာပါ "

ဟု နှစ်သိမ့်လေ၏။

မိုးအောင်သည် ဇနီးဖြစ်သူကို စကားမတုံ့ပြန်ဘဲ ... ကိုယ်တည်း မှိုင်တွေငေးမော၍သာ နေလေ၏။

မိုးအောင်သည် နောက်တစ်နေ့၌ ဆေးရုံသို့သွား...

...ဝန်ကြီးနှင့်တွေ့ကာ သူ၏ဝေဒနာ မသက်သာကြောင်း ...လေ၏။ ဆရာဝန်ကြီးက မိုးအောင်ကို ကရုဏာသက်စွာ ...ည့်၍

" ခင်ဗျားရဲ့အဖြစ်က သိပ်ထူးဆန်းတယ်ဗျာ၊ ခေါင်းက ...ရာကလည်း ကြီးကြီးမားမား မဟုတ်ဘူး၊ ဒဏ်ရာသက် ...ပျောက်ကင်းပြီး မကြာမီမှာ ပြန်ပြီးမှတ်ဉာဏ်ပြန်ကောင်း ...ပြီ၊ လွန်ခဲ့တဲ့ရက်ကပဲ ခင်ဗျားရဲ့ဝေဒနာနဲ့ပတ်သက်ပြီး ...ဒီက အင်စပက်တော် လာပြီးဆွေးနွေးသွားတယ်၊ ကျုပ်က ...များ ပြန်ပြီးသတိရသင့်ပြီလို့ သူ့ကိုပြောခဲ့တယ် "

ဟု ပြောလေရာ မိုးအောင်က မျက်မှောင်ကြုတ်၍

" အင်စပက်တော်လှမိုးကဘာယ်လိုမှတ်ချက်ပေးသလဲ "

ဟု မေးမြန်းလိုက်၏။ ဆရာဝန်ကြီးက သက်ပြင်းချ၍

" ခင်ဗျားက ကျုပ်တို့မြို့သားမို့လို့ ပြောရဦးမယ်၊ သူ ...များကို သံသယဖြစ်နေသလိုပဲ "

ဟု ပြောလိုက်ရာ မိုးအောင်သည် ရင်ထဲတွင် ထိတ်ခနဲ

ဖြစ်ပွားလေ၏။

အင်စပက်တော်လှမိုးကပင် မိမိကို အယုံအကြ
ကင်းမဲ့ နေပုံရ၏။ ဆရာဝန်ကြီးထံသို့ ရောဂါဝေဒနာကို သွာ
ရောက် မေးမြန်းကြောင်း အင်စပက်တော်လှမိုးက မိမိ
ပြောဆိုခြင်း မရှိချေ။

အင်စပက်တော်လှမိုးသည် မိမိကို လူသတ်သမား
သံသယရှိနေသလော။ သို့မဟုတ် ရာဇဝတ်မှုနှင့်ပတ်သက်
တစ်စုံတစ်ခုကို ဖုံးဖိထားသည်ဟု ထင်မြင်နေသလော။

မိုးအောင်သည် ဆေးရုံမှ စိတ်ပျက်လက်ပျက် ထွက်လာခဲ့၏။ ထို့နောက် အိမ်သို့မပြန်လိုသေးဘဲ မိမိ၏စာသင်ကျောင်းရှိရာသို့ ထွက်ခဲ့လေ၏။

ယနေ့ ကျောင်းပိတ်သောနေ့ဖြစ်သဖြင့် ကျောင်း၌ ဆရာကြီးရှိနေမှာ သေချာ၏။

ဆရာကြီးရုံးခန်းသို့ မိုးအောင်ဝင်ရောက်သွားသောအခါ ဆရာကြီးက သက်ပြင်းချ၍

" မင်းရဲ့ကျန်းမာရေး မကောင်းသေးဘူးဆို၊ ဘာဖြစ်လို့

ိုးအခြေအနေထိ ဖြစ်သွားတာလဲ၊ မင်းပြန်သတိရဖို့သင့်နေပြီ ”

ဟု ပြောလေရာ မိုးအောင်သည် ဆရာကြီး၏စကား ကြောင့် မကျေမချမ်းဖြစ်သွားပြီး

“ ကျုပ်ရဲ့မှတ်ဉာဏ်တွေပြန်မကောင်းတာ ကျုပ် ဘာ တတ်နိုင်မှာလဲ၊ ကျုပ်က ပြန်မကောင်းချင်ဟန်ဆောင်နေတာ မဟုတ်ဘူး ”

ဟု ပြောလေရာ ဆရာကြီးက မျက်မှောင်ကြုတ်၍

“ မင်းရဲ့ဒဏ်ရာတွေပျောက်နေပြီ မဟုတ်လား၊ ဆရာဝန်ကြီးကလည်း ဒဏ်ရာသိပ်မကြီးဘူးလို့ ဆိုတယ် ”

ဟု မိုးအောင်အား မယုံသင်္ကာဟန်ဖြင့် ပြောလေ၏။ မိုးအောင်သည် မိမိကို မယုံကြည်သူများကြောင့် စိတ်ဆင်းရဲ သွားပြီး

“ ဒီမှာ ကျုပ်လောက် မှတ်ဉာဏ်တွေ အမြန်ဆုံးပြန်ရ ချင်တဲ့လူ မရှိဘူးဗျ၊ ဒါပေမဲ့ မှတ်ဉာဏ်ပြန်မကောင်းတာ ကျုပ်ဘာမှမတတ်နိုင်ဘူး၊ ရင်ကွဲတောင်ပေါ်က ကြေကွဲစရာ

ဖြစ်ရပ်ကို ကျုပ် ဘယ်တော့မှမမေ့ဘူး၊ ကျုပ်ရဲ့မှတ်ဉာဏ်တွေ ပြန်ကောင်းလာရင် အပြစ်မဲ့ဆရာမကို လုပ်ကြံသွားတဲ့လူကို ရှာရအောင် ဖော်ထုတ်မယ်လို့ ဆုံးဖြတ်ထားတယ် ”

ဟု ပြောလေရာ ဆရာကြီးသည် မိုးအောင်ကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

“ မင်းရဲ့ကျန်းမာရေးကို ဂရုစိုက်၊ ကျောင်းနဲ့ပတ်သက် လို့ ဘာမှမပူနဲ့၊ မင်းရဲ့အတန်းကို ဆရာစိန်လွင် သင်ကြားပေး နေတယ် ”

ဟု ပြောလိုက်၏။

မိုးအောင်သည် ဆရာကြီးကို စကားမတုံ့ပြန်တော့ဘဲ ရုံးခန်းထဲမှ ပြန်ထွက်ရန် ပြင်လိုက်၏။

ထိုအခိုက်မှာပင် ဆရာကြီးရုံးခန်းထဲရှိ အဝါရောင်စက္ကူ ဘတ်လေးကိုကြည့်၍ ရင်ထဲတွင် ဒိုင်းခနဲ ဖြစ်သွားလေ၏။

ထိုစက္ကူရွက်လေးသည် လူသတ်မှုဖြစ်ပွားရာနေရာ များတွင် တွေ့ရှိရသော စက္ကူလေးများပင်ဖြစ်၏။ လူသတ်

သမားသည် အဝါရောင်စက္ကူပေါ်၌ လိပ်ပြာပုံရေးဆွဲကာ လူသတ်မှုကျူးလွန်ပြီးတိုင်း အမှတ်အသားတစ်ခုအနေဖြင့် ထားရှိ၏။

မိုးအောင်သည် လိပ်ပြာရုပ်ရေးဆွဲထားသော အဝါရောင်စက္ကူကိုမြင်ခဲ့စဉ်က ထိုအရုပ်ကို တစ်နေရာ၌ မြင်ဖူးသည် ထင်ခဲ့၏။

ယခုတော့ အဝါရောင်စက္ကူကတ်သည် မိမိတို့ကျောင်းမှ ဖြစ်နေလေ၏။ မိုးအောင်သည် တုန်ယင်သောလက်များဖြင့် ဆရာကြီးစားပွဲပေါ်ရှိ အဝါရောင်စက္ကူကတ်ကို ယူလိုက်၏။

ထိုစက္ကူရွက်လေးသည် နှစ်လက်မပတ်လည်ခန့်သာ ရှိ၏။ ဆရာကြီးက မိုးအောင်ကိုကြည့်၍

“ ရန်ကုန်ကိုရောက်တုန်းက မိတ်ဆွေ ပုံနှိပ်စက်က အဝါရောင်စက္ကူဖြတ်စလေးတွေ တောင်းလာခဲ့တာကွ၊ အင်္ဂလန်ကလာတဲ့ စက္ကူအကောင်းစားတွေလေ၊ ဖိတ်စာရိုက်ဖို့ ဝယ်ထားတယ်လို့ ဆိုတယ် ”

ဟု ပြောလေ၏။ မိုးအောင်သည် ဆရာကြီးရုံးခန်းထဲက ထွက်ခဲ့ပြီး ကျောင်းတစ်နေရာရှိ စာကြည့်တိုက်ထဲသို့ ဝင်ခဲ့၏။

ကျောင်းစာကြည့်တိုက်သို့ရောက်သောအခါ စားပွဲပေါ်ရှိ စာအုပ်ကတ်တလောက်များပြုလုပ်ထားသော အဝါရောင်စက္ကူကတ်လေးကို တွေ့ရလေ၏။

မိုးအောင်သည် အဝါရောင်စက္ကူလေးများကို စိတ်လှုပ်ရှားစွာဖြင့် စူးစိုက်ကြည့်နေပြီး ဆရာများနားနေခန်းသို့ သွားပြန်၏။

ဆရာများနားနေခန်း၌ မိမိ၏စားပွဲရှိ၏။ မိုးအောင်သည် စားပွဲရှိ အံဆွဲများကို သော့ဖြင့်ဖွင့်လေ၏။ သော့ပွင့်သောအခါ စားပွဲရှိအံဆွဲများကို တစ်ဆင့်ပြီးတစ်ဆင့် ဖွင့်ကြည့်လေ၏။

မိုးအောင်သည် အံဆွဲများ တစ်ဆင့်ပြီးတစ်ဆင့် ဖွင့်ကြည့်ပြီးနောက် အောက်ဆုံးအံဆွဲကို ဖွင့်လိုက်သောအခါ အံဆွဲထဲ၌ အဝါရောင်စက္ကူကတ်လေးများကို တွေ့ရ၏။

မိုးအောင်သည် တုန်ယင်သောလက်များဖြင့် စက္ကူကတ်

လေးများကို တစ်ကတ်ပြီးတစ်ကတ် ယူကြည့်၏။

အဝါရောင်စက္ကူကတ်လေးများ၏ အောက်ဆုံးတစ်ကတ်သို့ရောက်သောအခါ မင်နက်ဖြင့်ရေးသားထားသော လိပ်ပြာရုပ်လေးတစ်ရုပ်ကို တွေ့ရ၏။

မိုးအောင်သည် လိပ်ပြာရုပ်လေးကိုကြည့်၍ မျက်လုံးထဲတွင် ပြာခနဲဖြစ်သွားပြီး အထိတ်တလန့် အော်ဟစ်လိုက်၏။

ထို့နောက် ကျောင်းထဲမှ ကမူးရှူးထိုး ထွက်ခဲ့လေ၏။

မိမိ၏အံဆွဲထဲ၌ လိပ်ပြာရုပ်လေးတစ်ရုပ်ကို မြင်တွေ့ရ၏။ ထိုလိပ်ပြာရုပ်ကို မိမိရေးဆွဲထားခြင်း ရှိမရှိ မှတ်မိခြင်း မရှိတော့ချေ။

မိမိ၏အသိဉာဏ်များပျက်စီးသွားချေပြီ။

မိုးအောင်သည် ကျောင်းမှထွက်လာပြီးနောက် ဆရာမလေး မနှင်းဖြူ၏အုတ်ဂူရှိရာသို့ စိတ်ဆင်းရဲစွာဖြင့် ရောက်ရှိသွားလေ၏။

အုတ်ဂူရှေ့သို့ရောက်သောအခါ ဒူးထောက်၍ထိုင်ချလိုက်

ပြီး

"မနှင်းဖြူကို တောင်ပေါ်ခေါ်သွားပြီး အမှားတွေလုပ်ခဲ့မိပြီ ထင်တယ်၊ ကျုပ်ကိုခွင့်လွှတ်ပါ မနှင်းဖြူ၊ ကျုပ် ဒီလိုလုပ်ဖို့ တကယ်မရည်ရွယ်ခဲ့ပါဘူး၊ ကျုပ်ကြောင့် မနှင်းဖြူရဲ့ အေးချမ်းသာယာတဲ့ဘဝလေး ပျက်စီးသွားတယ်၊ မနှင်းဖြူကို တောင်ပေါ်က ဘယ်သူတွန်းချခဲ့တာလဲ၊ ကျုပ်ကိုယ်တိုင်ပဲ စိတ်ရူးပေါက်ပြီး တွန်းချခဲ့တာလား၊ ကျုပ်ရဲ့ခေါင်းကို ဒဏ်ရာရအောင် ဘယ်သူရိုက်ခဲ့တာလဲ၊ ကျုပ်မှတ်ဉာဏ်တွေ မကောင်းအောင် ဘယ်သူလုပ်ခဲ့တာလဲ"

ဟု တတွတ်တွတ် ပြောဆိုနေလေ၏။

မိုးအောင်သည် အတန်ကြာသောအခါ ခြေဦးတည်ရာသို့ထွက်ခဲ့ရာ ရင်ကွဲတောင်သို့ ရောက်ခဲ့ပြန်၏။ သူသည် စိတ်ဆင်းရဲခြင်းကြီးစွာဖြင့် ရင်ကွဲတောင်ပေါ်သို့ မော့ကြည့်လိုက်ပြီး

"ဒီတောင်ပေါ်က မနှင်းဖြူ ပြုတ်ကျသေဆုံးခဲ့တယ်၊ ငါ့ကိုလည်း တစ်စုံတစ်ယောက်က ရိုက်နှက်သွားခဲ့တယ်၊ အဲဒါ

ဘယ်သူလဲ၊ ငါ့ကို ဘယ်သူရိုက်ဦးမှာလဲ၊ ဘယ်လိုအန္တရာယ်မျိုးနဲ့ ကြုံဦးမှာလဲ၊ ရင်ကွဲတောင်ပေါ်ကို ငါတက်သွားမယ်၊ ဘာပဲဖြစ်ဖြစ် ငါရင်ဆိုင်မယ် ”

ဟု ဆိုကာ ရင်ကွဲတောင်ပေါ်သို့တက်ရန် ပြင်လေ၏။ ထိုအခါ ရင်ကွဲတောင်ခြေဇရပ်ရှိ ကပ္ပိယအဘိုးကြီးက

“ ဆရာလေး ရောက်လာပြန်ပြီ၊ ဆရာလေးမျက်နှာတစ်ခုလုံးသွေးမရှိသလို ဖြစ်နေပြီ၊ တောင်ပေါ်ကို တစ်ယောက်တည်းတက်ဦးမလို့လား၊ အဘ အဖော်လိုက်ပေးရမလား ”

ဟု မေးမြန်းလိုက်၏။ မိုးအောင်က စိတ်ထဲတွင် ရှုပ်ထွေးနေသဖြင့်

“ ရပါတယ်ဗျာ၊ ကျုပ် ဘာမှမဖြစ်ပါဘူး၊ တစ်ယောက်တည်း တက်နိုင်ပါတယ် ”

ဟု ဆိုကာ တောင်ပေါ်သို့ တစ်ကိုယ်တည်း တက်သွားလေ၏။

ရင်ကွဲတောင်ပေါ်သို့ရောက်သောအခါ တောင်တစ်ခုလုံး မိုးအောင်တစ်ယောက်တည်းရှိသကဲ့သို့တိတ်ဆိတ်ငြိမ်သက်နေ၏။

တောင်ပေါ်၌ ရောင်စုံပန်းပွင့်များမေါက်ရောက်နေပြီး လိပ်ပြာများ ဟိုသည်ပျံဝဲနေကြ၏။

မိုးအောင်သည် ရင်ကွဲတောင်ပေါ်ရှိ လိပ်ပြာကြီးများကို ကြည့်ရင်း ငယ်စဉ်ကလေးဘဝကို သတိရလိုက်၏။ ငယ်စဉ်က ရင်ကွဲတောင်ပေါ်သို့ မိဘများနှင့်ရောက်သည့်အခါတိုင်း ကလေးပီပီ လိပ်ပြာကြီးများကို အိမ်သို့ ဖမ်းဆီခေါ်ဆောင်

လို၏။

သို့သော် ရင်ကွဲတောင်ရှိ လိပ်ပြာများသည် ရင်ကွဲ တောင်စောင့် နတ်များ၏ လိပ်ပြာများဟု ယူဆကြသဖြင့် မည်သူမျှ မဖမ်းဆီးဝံ့ချေ။

ထို့ကြောင့် လိပ်ပြာအသေလေးများကိုသာ ကောက်ယူ သိမ်းဆည်းကြ၏။ မိုးအောင်ငယ်စဉ်က ရင်ကွဲတောင်ပေါ်သို့ ရောက်သည့်အခါတိုင်း လိပ်ပြာအသေများကိုကောက်ယူ စုဆောင်းရုံမက သူ၏ကျောင်းစာအုပ်ထဲ၌ လိပ်ပြာပုံကလေး များကို ရေးဆွဲလေ့ရှိ၏။

ထို့ကြောင့် မိုးအောင်၏ကျောင်းစာအုပ်ထဲတွင် လိပ်ပြာ ပုံလေးများ ပြည့်နှက်နေ၏။ မိုးအောင်သည် အားလပ်သည့် အချိန်တိုင်း လိပ်ပြာရုပ်ကလေးများကိုကြည့်၍ ပီတိဖြာဝေနေ လေ၏။

မိုးအောင်သည် ရင်ကွဲတောင်ပေါ်၌ ညနေစောင်းသည် အထိ တစ်ကိုယ်တည်း အထီးကျန်စွာ နေလေ၏။ သူသည်

ကျောက်တုံးတစ်တုံးကိုမှီ၍ထိုင်ရင်း ရင်ကွဲတောင်ပေါ်ရှိ အဖြစ် အပျက်များကို ကြိုးစားစဉ်းစားလေ၏။

သို့သော် သူ၏ခေါင်းထဲ၌ မူးဝေလာပြီး လူသတ်မှုနှင့် ပတ်သက်သော သဲလွန်စကို မတွေ့ရချေ။ မိုးအောင်သည် တောင်ပေါ်မှ စိတ်ပျက်လက်ပျက်ဖြင့် ပြန်ဆင်းရန် ကြံစည် လိုက်၏။

ရင်ကွဲတောင်ပေါ်မှ ဆရာမလေးကို တွန်းချသူမှာ မည်သူနည်း။ မိမိကိုယ်တိုင်ပင် စိတ်ရှုပ်ပေါက်ပြီး ဆရာမ လေးကို တွန်းချခဲ့လေသလော။

ထို့ပြင် ဤမြို့၌ဖြစ်ပွားခဲ့သော လူသတ်မှုများကို ကျူး လွန်သူမှာ မည်သူနည်း။ ထိုလူသတ်မှုများဖြစ်ပွားသော နေ့ရက် အချိန်များသည် မိမိ၏အားလပ်ရက်များနှင့် တိုက်ဆိုင်နေ၏။

ထို့ပြင် မိမိ၏စတိုခန်းထဲ၌ သိမ်းဆည်းထားသော ရှမ်း ဓားမြှောင်သည် အဘယ်ကြောင့် သွေးများစွန်းပေနေသနည်း။

ထို့ပြင် လူသတ်မှုဖြစ်ပွားရာနေရာများ၌တွေ့ရသော

အဝါရောင်စက္ကူကတ်ပေါ်ရှိ လိပ်ပြာရုပ်လေးများသည် မိမိ… စားပွဲ၌ အဘယ်ကြောင့်ရှိနေသနည်း။

လူသတ်မှုများကို မိမိကိုယ်တိုင်ပင် ကျူးလွန်နေသလော… မိုးအောင်သည် စိတ်ရှုပ်လွန်းသဖြင့် ခေါင်းကို သွက်သွက်… ယမ်း၍

" ငါမသတ်ဘူး၊ ငါမသတ်ဘူး "

ဟု အော်ဟစ်လိုက်လေ၏။ ထိုအခိုက်မှာပင် သူ… အနောက်မှ အသံကြားလိုက်ရပြီး

" စိတ်ကိုထိန်းပါ ကိုမိုးအောင်၊ အချိန်တန်ရင်တော့… အမှုမှန် ပေါ်ပေါက်လာမှာပါ၊ အမြဲတမ်းဖုံးကွယ်ထားလို့ မ… ပါဘူးဗျာ"

ဟု ပြောလေရာ မိုးအောင်က အနောက်သို့လှည့်ကြည့်… လိုက်ရာ အင်စပက်တော်လှမိုးကို တွေ့လိုက်ရ၏။

မိုးအောင်က အင်စပက်တော်လှမိုးကို စိတ်ပျက် လ… ပျက်ကြည့်၍

" ကျုပ်စိတ်ကို ထိန်းလို့မရဘူးဗျ၊ လူတွေအားလုံး ကျုပ်ကို သံသယဝင်ကုန်ကြပြီ၊ လူသတ်မှုတွေကို ကျုပ်ကျူး လွန်တယ်လို့ ထင်နေကြပြီ၊ ခင်ဗျားလည်း ကျုပ်ကို သံသယ ဝင်နေပြီ မဟုတ်လား၊ ခင်ဗျားတင်မကဘူး၊ ကျောင်းအုပ်ဆရာ ကြီးလည်း သံသယ ဝင်တယ်၊ ဆရာဝန်ကြီးလည်း သံသယ ဝင်တယ်၊ ကျုပ် ဘာမှမသိဘဲ အများရဲ့သံသယဝင်တာ ခံနေရတာဗျ "

ဟု ပြောလိုက်ရာ အင်စပက်တော်လှမိုးသည် မိုးအောင် ကို ကရုဏာသက်ဟန်ဖြင့် ကြည့်၍

" ခင်ဗျား လိမ်ညာဟန်ဆောင်နေတာ မဟုတ်ဘူးဆိုတာ ကျုပ်ယုံပါတယ်၊ ဒါပေမဲ့ ဒီမြို့မှာဖြစ်ခဲ့တဲ့ လူသတ်မှုတွေမှာ ခင်ဗျားက သံသယဖြစ်စရာအကောင်းဆုံးလူ ဖြစ်နေပြီ၊ …ကြောင့် ပုလိပ်အဖွဲ့က ခင်ဗျားကို စောင့်ကြည့်နေတာ အမှန် … ဒီမှာဖြစ်နေတဲ့ လူသတ်မှုတွေက ကျုပ်ရဲ့အတွေ့အကြုံအရ …တော့ အထူးခြားဆုံးပဲ၊ ဒီမှာ ကိုမိုးအောင်၊ လူသတ်မှုဖြစ်ပွားတဲ့

နေ့တွေအားလုံး သောကြာနေ့ ညနေစောင်းအချိန်တွေပဲ
ဒီအချိန်တွေက ခင်ဗျားရဲ့အားလပ်ရက်တွေနဲ့ ဘာကြောင့်
တိုက်ဆိုင်နေရတာလဲ၊ ဆရာမလေး တောင်ပေါ်ကပြုတ်ကျ
နေ့ကလည်း ဆရာမလေးနဲ့အနီးဆုံးမှာ ခင်ဗျားရှိနေတယ်
တောင်ပေါ်ကို တက်လာတဲ့ လူသတ်သမားဟာ ကိုယ်ပျောက်
သွားသလား၊ မြေလျှိုးမိုးပျံသွားသလား၊ ခင်ဗျားရဲ့ခေါင်း
ရိုက်နှက်သွားတဲ့ လူက ဘယ်သူလဲ၊ ဒီဒဏ်ရာကို ခင်ဗျား
ကိုယ်တိုင်ကိုယ့်ဘာသာလုပ်ရင်လည်း ဖြစ်နိုင်တာပဲ ”

ဟု ပြောလိုက်ရာ မိုးအောင်က အင်စပက်တော်လှမိုး
ဒေါသတကြီးဖြင့်ကြည့်၍

“ ခင်ဗျား ကျုပ်ကို လူသတ်သမားလို့ စွပ်စွဲနေတာလား
ခင်ဗျား ကျုပ်ကို ဖမ်းချင်ဖမ်းလိုက်ပါ၊ ကျုပ် ဒီအမှုတွေ
မကျူးလွန်ဘူးဗျ ”

ဟု ပြောလိုက်၏။ အင်စပက်တော်လှမိုးက

“ ခင်ဗျားအပေါ်မှာ ဒီထက်ပိုပြီးခိုင်မာတဲ့ သက်သေ

ရင်တော့ ခင်ဗျားကို ကျုပ်ဖမ်းမှာပဲ၊ ခင်ဗျားရဲ့မှတ်ဉာဏ်တွေ
အမြန်ဆုံးပြန်ကောင်းလာအောင် ကြိုးစားပေတော့၊ ကဲ…
ကျုပ်တို့ တောင်ပေါ်က ပြန်ကြမယ် ”

ဟု ပြောလိုက်၏။ မိုးအောင်က ခေါင်းခါယမ်း၍

“ ကျုပ် ခင်ဗျားနဲ့မလိုက်ချင်ဘူး၊ ကျုပ်ဘာသာ တစ်ကိုယ်
တည်း တောင်ပေါ်မှာ နေချင်သေးတယ် ”

ဟု ပြောလိုက်၏။ အင်စပက်တော်လှမိုးက

“ လူသတ်မှုဖြစ်ပွားတဲ့နေရာမှာ ခင်ဗျားတစ်ယောက်
တည်း ရှိနေတာ အန္တရာယ်များပါတယ်ဗျာ ”

ဟု ပြောလိုက်၏။ မိုးအောင်က အင်စပက်တော်လှမိုးကို
မထီလေးစားကြည့်၍

“ လူသတ်သမားဟာ ကျုပ်ပဲဆိုပြီး သံသယဖြစ်နေ
တယ် မဟုတ်လား၊ ကိုယ့်ကိုယ်ကိုယ်ပြန်ပြီးမသတ်နိုင်ပါဘူး
ဗျာ၊ ခင်ဗျား ဘာသာ ပြန်ပေတော့ ”

ဟု ပြောလိုက်ရာ အင်စပက်တော်လှမိုးက သက်ပြင်း

ချ၏

" ဒါဆိုရင်တော့ ကျုပ်သွားမယ်၊ ခင်ဗျားလည်း အမြန်ဆုံး ပြန်ဖို့စဉ်းစားပါ၊ ခင်ဗျားသိထားဖို့က ကျုပ်က ခင်ဗျားနဲ့ မိတ်ဆွေပဲဖြစ်ချင်တယ်၊ ရန်သူမဖြစ်ချင်ဘူး၊ ခင်ဗျားရဲ့ရင်ထဲက ရိုးသားမှုကို ကျုပ်သိတယ် "

ဟု ပြောလိုက်လေ၏။

မိုးအောင်သည် ရင်ကွဲတောင်၌ တစ်ကိုယ်တည်း စိတ်ညစ်ညူးစွာဖြင့် ကျန်ရစ်ခဲ့၏။ သူသည် တောင်ပေါ်ရှိ မြက်ခင်းပေါ်၌ ပက်လက်လှန်၍ မျက်လုံးမှိတ်ပြီး စဉ်းစားဆင်ခြင်နေလေ၏။

ရင်ကွဲတောင်ပေါ်သို့ ဆရာမလေးနှင့် ဘာကြောင့်ရောက်ရှိလာသနည်း။ ဆရာမ မနှင်းဖြူက မိမိ၏အနောက်သို့ အဘယ်ကြောင့် လိုက်ပါလာသနည်း။

ဆရာမလေးနှင့် ရင်ကွဲတောင်သို့ ရောက်လာမည့်

အကြောင်းကို မည်သူမျှ ကြိုတင်ရိပ်စားမိခြင်း ရှိပုံမရချေ။

သူ၏သမီးလေး ပန်းဝါကိုသာ ရင်ကွဲတောင်ပေါ်သို့ အဖော်အဖြစ် ခေါ်ဆောင်လာ၏။

မိုးအောင်သည် မြက်ခင်းပေါ်၌ မျက်လုံးမှိတ်၍ အချိန် ကြာမြင့်စွာ စဉ်းစားဆင်ခြင်နေ၏။

သို့သော် မိမိ၏မှတ်ဉာဏ်ထဲတွင် ရင်ကွဲတောင်ပေါ်သို့ ရောက်ခဲ့သည့်အကြောင်းကို ရေးရေးမျှပင် တွေးမရချေ။

ထိုအခိုက်မှာပင် မိုးအောင်၏အနီးသို့ တစ်စုံတစ်ဦး ရောက်ရှိလာကြောင်း ခံစားရသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်ရာ မိမိအနီးသို့ တိတ်တဆိတ် ချည်းကပ်လာသော အရူးတစ် ယောက်ကို တွေ့မြင်လိုက်ရ၏။

မိုးအောင်သည် အရူးကို ရုတ်တရက်မြင်သောအခါ အထိတ်တလန့် ခုန်ထ၍

" ဟေ့ကောင်··· မင်း ငါ့အနားမကပ်နဲ့ "

ဟု အော်ဟစ်လိုက်၏။

အရူးက မိုးအောင်ကို စူးစူးရဲရဲကြည့်၍ ဗလုံးပထွေး ရေရွတ်ကာ တောင်ပေါ်မှထွက်ပြေးရန် ကြံစည်လေ၏။

မိုးအောင်သည် အရူးကို လူသတ်မှုများ၏တရားခံဟု ယူဆပြီး

" ဟေ့ကောင်··· မင်း ဆရာမလေးကို တောင်ပေါ်က တွန်းချတယ် မဟုတ်လား၊ ငါ့ကိုလည်း ရိုက်သွားတယ်လေ၊ ဟုတ်တယ် မဟုတ်လား "

ဟု မေးမြန်းလိုက်ရာ အရူးက ခေါင်းတဆတ်ဆတ်ညိတ်၍

" ရိုက်တယ်၊ ရိုက်တယ်၊ ငါရိုက်တာမဟုတ်ဘူး "

ဟု အော်ဟစ်၍ ရင်ကွဲတောင်၏အနောက်ဘက်သို့ ထွက်ပြေးလေ၏။

မိုးအောင်သည် အရူးကို တရားခံဟုယူဆပြီး

" မပြေးနဲ့၊ မပြေးနဲ့ "

ဟု အော်ဟစ်ကာ အနောက်မှ ပြေးလိုက်သွားလေ၏။

သို့သော် အရူးသည် လွန်စွာသန်မာဖျတ်လတ်သဖြင့်

ငှင်းကိုအမီလိုက်ရန် ခက်ခဲနေလေ၏။

အရှုးသည် ရင်ကွဲတောင်အနောက်ဘက်ရှိ ဝါးရုံတောများကို ကျော်လွန်၍ လှိုအတွင်းသို့ ငှင်း၏ကိုယ်ကို လှိမ့်ချလိုက်လေ၏။

မိုးအောင်သည် လှိုကြီးထဲသို့ အရှုးကဲ့သို့လှိမ့်ဆင်းရန် မဖြစ်နိုင်သဖြင့် တရွတ်တိုက်လျှောဆင်းပြီး လိုက်လေ၏။ သို့သော် ရင်ကွဲတောင်အနောက်ရှိတောထဲသို့ အရှုး ဝင်ရောက်ပျောက်ကွယ်သွားလေ၏။

မိုးအောင်သည် အရှုးကို လက်ရဖမ်းဆီးမရသဖြင့် တက်ခေါက်လိုက်ပြီး

" ဒီကောင်ဟာ လူသတ်သမား၊ ဆရာမလေးကိုသတ်တာ ဒီကောင်ဖြစ်မယ်၊ ငါ့ခေါင်းကိုရိုက်တာကို သူသိပုံရတယ်၊ရင်ကွဲတောင်က ကပ္ပိယကြီးကို အရှုးအကြောင်း မေးကြည့်ရမယ် "

ဟု ရေရွတ်ကာ ကပ္ပိယကြီးရှိရာသို့သွားပြီး အရှုးအကြောင်းကို မေးမြန်းလေရာ ကပ္ပိယကြီးက အံ့ဩဟန်ဖြင့်

" ရင်ကွဲတောင်မှာ အရှုးတစ်ယောက်ကိုတွေ့တယ်လို့

ဘုန်းကြီးကျောင်းသား တစ်ယောက်စ၊ နှစ်ယောက်စ ပြောဖူး

တယ်၊ ဒါပေမဲ့ ဘယ်သူမှ အရူးကို သေသေချာချာ မတွေ့ဖူး

ကြဘူး၊ သူက အလွန်သန်မာဖျတ်လတ်တယ်လို့လည်း ဆို

တယ်၊ ဆရာလေးက အရူးကို သေသေချာချာ တွေ့ခဲ့တယ်

ပေါ့ ''

ဟု ပြောလေ၏။ မိုးအောင်က မကျေမချမ်းဖြင့် ခေါင်း

ညိတ်၍

'' ဒီကောင့်ကို လူသတ်သမားလို့ ကျုပ်ထင်တယ်၊

ကျုပ် သူ့ကို မရရအောင် ဖမ်းဖို့ကြိုးစားတယ်၊ ဒါပေမဲ့

ဒီကောင် လွတ်ထွက်ပြေးသွားတယ်၊ ဒီကောင့်ကို ပုလိပ်ခေါ်ပြီး

မရရ အောင် ဖမ်းရမယ် ''

ဟု ပြောလေရာ ကပ္ပိယကြီးက

'' ရင်ကွဲတောင်အနောက်ဘက်ကိုသွားရင် တောနဲ့ဆက်

နေတယ်၊ မြောက်ဘက်ခြမ်းကို သွားရင်တော့ ရွာတွေကို တွေ့

လိမ့်မယ်၊ အရူးကို ပုလိပ်အဖွဲ့နဲ့ တောနင်းရှာဖို့ မလွယ်ဘူး

နော် ''

ဟု ပြောလေ၏။ မိုးအောင်က အံကိုကြိတ်၍

'' အို… လူသတ်သမားကို ဒီအတိုင်းလွှတ်ထားလို့

မရဘူး၊ ပုလိပ်အဖွဲ့ကို အကူအညီတောင်းပြီး သူ့ကို မရ

ရအောင် ဖမ်းရမယ် ''

ဟု ပြောလိုက်လေ၏။

မိုးအောင် အိမ်သို့ပြန်ရောက်သောအခါ သမီးလေးပန်းဝါ

က ဆီးကြိုနေပြီး

'' ဖေဖေ ပြန်လာပြီ၊ ဒီနေ့တစ်နေ့လုံး ဘယ်ရောက်နေ

တာလဲ၊ သမီး ဒီနေ့ သာကူထိုးထားတယ်၊ စားပါဦး ဖေဖေ ''

ဟု ပြောကာ မိုးအောင်စားရန် သာကူပန်းကန်ကို ပေး

လေ၏။

မိုးအောင်သည် သမီးဖြစ်သူ ကျေနပ်စေရန် သာကူ

တစ်ဖွန်း နှစ်ဖွန်းကို စားလိုက်သော်လည်း သမီးက ကျေနပ်

ဟန်မရှိဘဲ

" အေ‌ေ တစ်ပန်းကန်ကုန်အောင် စားရမယ် "

ဟု ဆိုလေ၏။

သမီးလေး ပန်းဝါသည် သာကူ၊ နို့ထမင်း၊ ပေါင်မုန့် အုန်းနို့ဆမ်း စသည်ဖြင့် စားသောက်ဖွယ်ရာများကို အရွယ်နှင့် မလိုက်အောင် မကြာခဏ ကြိုးစားလုပ်တတ်၏။

မိုးအောင်သည် သာကူပန်းကန်ကို ကြိုးစား၍ စားသောက်ရလေ၏။ ထိုအခိုက်မှာပင် အနီးသို့ မမြတ်လေး ရောက်ရှိလာပြီး မိုးအောင်ကို မြင်သောအခါ စိုးရိမ်ဟန်ဖြင့်

" အစ်ကို တစ်နေကုန်ပျောက်နေပြန်ပြီ၊ အိမ်မှာပဲ အေးအေးဆေးဆေး နေပါတော့ကွယ်၊ အစ်ကို ဒီအမှုကြီးနောက်ကို လိုက်နေတာ ကျွန်မတော့ မကြိုက်ဘူး၊ အမှုလိုက်ဖို့ ပုလိပ်တွေ ရှိနေတာပဲ "

ဟု ပြောလေရာ မိုးအောင်က ခေါင်းခါယမ်း၍

" မနှင်းဖြူက ကိုယ့်ကြောင့် တောင်ပေါ်က ပြုတ်ကျသွားတာကွ၊ ကျုပ် ဒီအမှုကို ကိုယ်နဲ့မဆိုင်သလို လက်ပိုက်

ကြည့်မနေနိုင်ဘူး "

ဟု ပြောလေ၏။ မမြတ်လေးက သက်ပြင်းချ၍

" ကိုယ်နဲ့ဆိုင်လည်း ကိုယ် ဘာမှမလုပ်နိုင်တာပဲ အစ်ကိုရယ်၊ အစ်ကို့ကျန်းမာရေးကို ကျွန်မ စိုးရိမ်လို့ပါ "

ဟု ပြောလေ၏။ မိုးအောင်က သမီးဖြစ်သူ အနီးမှထွက်ခွာသွားသောအခါ လေသံတိုးတိုးဖြင့်

" လူသတ်သမားကို ငါတွေ့ခဲ့ပြီကွ "

ဟု ဆိုကာ တောင်ပေါ်၌တွေ့ရသော အရူး၏အကြောင်းကို ပြောပြလေရာ မမြတ်လေးက အထိတ်တလန့် နားထောင်၍

" အမလေး... မသေကောင်း မပျောက်ကောင်း အစ်ကိုရယ်၊ အရူးနောက်ကို ဘာဖြစ်လို့ တစ်ယောက်တည်း လိုက်ရတာလဲ၊ မတော်လို့ အရူးက လူသတ်သမားအစစ် ဖြစ်နေရင် အစ်ကို့ကို အန္တရာယ်ပေးသွားမှာပါ "

ဟု ပြောလေရာ မိုးအောင်က လက်သီးဆုပ်၍

" ကိုယ်မကြောက်ပါဘူးကွာ၊ ဒီအရူးကို အမိဖမ်းနိုင်တာကိုပဲ ကိုယ့်ကိုယ်ကိုယ် မကျေနပ်ဖြစ်မိတယ်၊ မနက်ဖြန် အင်စပက်တော်လှမိုးကို ပြောပြပြီး အရူးကိုဖမ်းရမယ် "

ဟု ပြောလေ၏။ မမြတ်လေးက မျက်မှောင်ကြုတ်၍

" အရူးက တောထဲကိုဝင်ပြေးသွားရင် ဒုက္ခပါပဲ "

ဟု တီးတိုးရေရွတ်နေလေ၏။

မိုးအောင်သည် ရင်ကွဲတောင်၌တွေ့ရသော အရူး၏ အကြောင်းကို စိတ်အားထက်သန်စွာဖြင့် အင်စပက်တော်လှမိုးအား ပြောပြလေ၏။

အင်စပက်တော်လှမိုးက မိုးအောင်ကဲ့သို့ တက်ကြွခြင်းမရှိဘဲ

" ရင်ကွဲတောင်ရဲ့အနောက်မှာ တောကြီးရှိတယ်ဆိုတော့ ကျုပ်တို့ တောနင်းပြီးရှာမှဖြစ်မယ်၊ ကျုပ်တို့နှစ်ယောက်ရဲ့

အင်အားနဲ့ မလွယ်ဘူး၊ ဒီမြို့ခံပုလိပ်တွေက လုံးဝအားကိုးလို့မရ ဘူး၊ ဒီမြို့မှာ အင်မတန်ဆိုးဝါးတဲ့လူသတ်မှုကြီးတွေ ဆက်တိုက် ဖြစ်နေတာတောင် မြို့ခံပုလိပ်တွေ အားကြိုးမာန်တက်မရှိဘူး၊ စီအိုင်ဒီကလာပြီး ဒီမြို့မှာ ကျုပ်တစ်ယောက်တည်း ရုန်းကန်နေ ရတာ ကြည့်ပါ၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားရဲ့စကားကို အသိအမှတ် ပြုတဲ့အနေနဲ့ ရင်ကွဲတောင်ပတ်ဝန်းကျင်ကို ကျုပ်လိုက်ရှာပါ မယ် ”

ဟု ပြောလေရာ မိုးအောင်က

“ အင်စပက်တော်နဲ့ ကျုပ်လည်းလိုက်မယ်၊ ဒီအရူးကို ကျုပ် မှတ်မိတယ် ”

ဟု ပြောလေ၏။

မိုးအောင်နှင့် အင်စပက်တော်လှမိုးသည် ရင်ကွဲတောင် သို့ ဂျစ်ကားဖြင့် ထွက်ခဲ့လေ၏။ ရင်ကွဲတောင်သို့ရောက်သော အခါ ရင်ကွဲတောင်ပတ်ဝန်းကျင်ကို ကျွမ်းကျင်သော ဘုန်းကြီး ကျောင်းသားကလေးတစ်ယောက်ကိုခေါ်ပြီး အရူးကို လိုက်လံ

ရှာဖွေလေ၏။

ဘုန်းကြီးကျောင်းသားလေးက

“ တောင်ပေါ်မှာ အရူးတစ်ယောက်ကို တွေ့ဖူးတယ်လို့ ပြောတာ ကြားဖူးတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ တစ်ခါမှမတွေ့ ဖူးပါဘူး ”

ဟု ပြောလေ၏။

မိုးအောင်သည် ရင်ကွဲတောင်အနောက်ရှိ အရူးခုန်ဆင်း ပြေးသော လှိုဏ်ကြီးကိုကြည့်၍

“ ဒီလှိုဏ်ကြီးထဲကို အရူးလိမ့်ချသွားတယ်၊ ကျုပ်လိုက် ဆင်းကြည့်တော့ မတွေ့တော့ဘူး ”

ဟု ပြောလေ၏။

မိုးအောင်နှင့် အင်စပက်တော်လှမိုးတို့သည် ရင်ကွဲတောင် ပေါ်မှဆင်း၍ တောစပ်၌ လှည့်လည်ရှာဖွေလေ၏။

သို့သော် အရူး၏အရိပ်အယောင်မျှပင် မတွေ့ရချေ။ င်းတို့သည် တောတွင်းသို့ တဖြည်းဖြည်းဝင်၍ ရှာဖွေလေ၏။

နေ့လယ်သို့ရောက်သောအခါ ပါလာသောရိက္ခာများကို ထုတ်၍စားသောက်ကြ၏။ နေ့လယ်စာစားပြီးနောက် တောထဲသို့ လှည့်လည်ရှာဖွေကြပြန်၏။

ညနေစောင်းသို့ရောက်သောအခါ သူတို့အားလုံး လက်လျှော့ပြီးတောထဲမှပြန်ခဲ့ကြ၏။ ရင်ကွဲတောင်ခြေသို့ ပြန်ရောက်သောအခါ အင်စပက်တော်လှမိုးက

" ခင်ဗျားရဲ့ဆန္ဒအတိုင်း ကျုပ်တို့ရှာဖွေခဲ့ပြီးပြီ၊ အမှန်အတိုင်း ပြောရရင် ခင်ဗျားပြောတဲ့အရူးကို တွေ့မယ်လို့မထင်ခဲ့ဘူး၊ အခုတော့ ကျုပ်ယူဆထားတဲ့အတိုင်း ဖြစ်နေပြီ "

ဟု ပြောလိုက်ရာ မိုးအောင်သည် အင်စပက်တော်လှမိုးကို မျက်မှောင်ကြုတ်ကြည့်၍

" ကျုပ်ရဲ့စကားကို မယုံကြည်တာလား "

ဟု မေးမြန်းလိုက်၏။ အင်စပက်တော်လှမိုးက ခေါင်းခါယမ်း၍

" ခင်ဗျားကိုမယုံကြည်ဘူးလို့ မဆိုလိုဘူး၊ ဒါပေမဲ့

အရူးကို လူသတ်သမားလို့ မယုံကြည်ဘူး "

ဟု ပြောလေ၏။

မိုးအောင်သည် သူ၏မျှော်လင့်ချက်များ ပျောက်ဆုံးသွားသဖြင့် အင်စပက်တော်လှမိုးနှင့် စိတ်ပျက်လက်ပျက် လမ်းခွဲထွက်ခဲ့၏။

မိုးအောင်သည် အိမ်သို့ တိတ်ဆိတ်စွာ ပြန်လည်ရောက်ရှိလာ၏။ အိမ်သို့ပြန်ရောက်သောအခါ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

ထိုအခိုက်မှာပင် ထမင်းစားခန်းထဲမှ စကားပြောသံကြားရသဖြင့် နားစွင့်ကြည့်လိုက်ရာ ဇနီးဖြစ်သူ မြမြတ်လေးနှင့် သမီး ပန်းဝါတို့ စကားပြောဆိုနေကြောင်း ကြားရ၏။

မမြတ်လေးက

" ဟင်… ဒါဆိုရင် သမီးအဖေက ဒီမြို့မှာ လူသတ်မှုဖြစ်တဲ့အချိန်တိုင်း အိမ်မှာမရှိဘူးပေါ့ "

ဟု ပြောလေရာ သမီးလေး ပန်းဝါက

" ဟုတ်တယ် မေမေ၊ ဒီသုံးရက်စလုံး ဖေဖေရဲ့အားလပ်ရက်တွေပဲ "

ဟု ပြောလေ၏။

မမြတ်လေးသည် သမီးဖြစ်သူ၏စကားကြောင့်

" ဒုက္ခပါပဲ၊ ဘာတွေဖြစ်နေပါလိမ့်၊ ကဲ့… သမီးဖေဖေ ဒီရက်ပိုင်းမှာ မေမေမသိအောင် ဘာတွေလုပ်သလဲ "

ဟု မေးမြန်းလေ၏။ မပန်းဝါက စဉ်းစားဟန်ပြု၍

" မေမေမသိအောင် ဖေဖေ ဘာလုပ်သလဲဆိုတော့ သမီး သိတယ်၊ စတိုခန်းထဲက ဓားမြှောင်ကိုယူပြီး သွေးတွေကို ရေနဲ့ဆေးတယ်၊ ဖေဖေ တိတ်တိတ်လေး ရေဆေးနေတာ တွေ့တယ်၊ ဖေဖေဟာ အဲဒီဓားကြီးကို မကြာခဏ ကျောင်းယူသွားလေ့ရှိတယ် "

ဟု ပြောလိုက်ပြန်ရာ မမြတ်လေးသည် မိမိ၏ရင်ဝကို လက်ဖြင့်ဖိ၍

" အမလေး... နင့်အဖေ ဘာတွေလုပ်နေသလဲ၊ သူ ရူးနေသလား မသိဘူး၊ ငါ စိတ်ညစ်လိုက်တာ၊ သူ ဒီအကြောင်းတွေကို ငါ့ကို ဘာလို့မပြောတာလဲ မသိဘူး "

ဟု ပြောလေ၏။ ထိုအခိုက်မှာပင် မိုးအောင်သည် ထမင်းစားခန်းထဲသို့ ဝင်သွားပြီး

" မင်းကို ငါပြောမလို့ ကြံစည်နေတာပါ မိန်းမရယ်၊ မင်း ငါ့ကို အထင်လွဲမှာစိုးလို့ ငါမပြောခဲ့တာပါ၊ သမီးက လူကြီးနေရာမှာဝင်ပါတော့လည်း အခုပဲ ပြောရတော့မှာပေါ့"

ဟု ပြောလိုက်၏။ မမြတ်လေးက မိုးအောင်ကို နားမလည်ဟန်ဖြင့်ကြည့်၍

" ဒီအကြောင်းတွေကို ကျွန်မ သိတယ်၊ အစ်ကိုဟာ ဘယ်တော့မှ မဟုတ်တာလုပ်မှာမဟုတ်ဘူး၊ အစ်ကိုရဲ့စိတ်ထား မှန်ကန်တဲ့အချိန်မှာ အစ်ကိုဟာ အင်မတန် သနားကရုဏာစိတ်

ရှိပါတယ်၊ ဘယ်တော့မှမဟုတ်တာမလုပ်ဘူး "

ဟု ပြောလိုက်ရာ မိုးအောင်က မမြတ်လေးကို နားလည်ဟန်ဖြင့်

" စိတ်ထားမှန်ကန်တဲ့အချိန်မှာ မဟုတ်တာမလုပ်ဘူးဆိုတော့ မင်းက ငါ့ကို စိတ်ထားမမှန်ဘူးလို့ ဆိုလိုတာလား၊ စိတ္တဇဖြစ်နေတယ်လို့ ဆိုချင်တာလား "

ဟု မေးမြန်းလေ၏။ မမြတ်လေးက မိုးအောင်ကို ကြည့်၍

" ဒီမှာ အစ်ကိုရဲ့မှတ်ဉာဏ်တွေ ဒီအချိန်မှာ ချို့ယွင်းနေတယ်လေ၊ အစ်ကိုဟာ အတိတ်က ဘာဖြစ်ခဲ့သလဲဆိုတာ ပြန် မပြောနိုင်ဘူး၊ ကိုယ့်အကြောင်း ကိုယ်အသိဆုံးပါ၊ အစ်ကို ဘာတွေလုပ်နေသလဲ၊ ဘာတွေဖြစ်နေသလဲ၊ အစ်ကိုရဲ့ ားမြှောင်းမှာ ဘာဖြစ်လို့ သွေးတွေပေနေသလဲ၊ အစ်ကို ကျွန်မ မသိအောင် ဘာတွေလုပ်နေသလဲ ပြောစမ်းပါ "

ဟု မေးမြန်းလေ၏။

မိုးအောင်သည် မည်သည့်စကားမျှ ပြန်မပြောနိုင်ဘဲ တွေဝေငေးမောနေမိ၏။ ဇနီးဖြစ်သူ နားလည်အောင် မိမိ မည်ကဲ့သို့ ပြောပြရမည်နည်း။

မမြတ်လေးက မိုးအောင်ကို မကျေမနပ်ကြည့်၍

" ဘာပဲဖြစ်ဖြစ် ကျွန်မက အစ်ကိုရဲ့မိန်းမပါ၊ အစ်ကိုမှာ ဘာတွေအခက်အခဲရှိသလဲ ပြောပြသင့်ပါတယ်၊ ဒီလောက် ဖုံးကွယ်စရာမလိုပါဘူး "

ဟု ပြောလိုက်လေ၏။

မိုးအောင်သည် ဇနီးဖြစ်သူ၏မေးခွန်းများကြောင့် ခေါင်းထဲတွင် မူးနောက်လာပြီး

" မင်းကို ငါရှင်းပြဖို့ အစီအစဉ်ရှိတယ်၊ ဒါပေမဲ့ အချိန် မတန်သေးလို့ ပြောမပြတာပါ "

ဟု ပြောရင်း သမီးဖြစ်သူဘက်သို့လှည့်၍ လေသံမာမာဖြင့်

" ဟဲ့... သမီးပန်းဝါ၊ နင် ဘာဖြစ်လို့ အမေ့ကို ဒီ

အကြောင်းတွေ လျှောက်ပြောနေရတာလဲ၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စ တွေမှာ ဝင်ပါတာ ငါမကြိုက်ဘူးဆိုတာ မသိဘူးလား၊ ကျောင်းသားက ကျောင်းပညာပဲ စိတ်ဝင်စား၊ ကြားလား၊ နောက်တစ်ခါ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စမှာဝင်ပါရင် ငါ့အကြောင်း အသိပဲ "

ဟု ကြိမ်းမောင်းလိုက်ရာ ပန်းဝါသည် ဖခင်ဖြစ်သူ၏ မျက်နှာကို အထိတ်တလန့်ကြည့်၍ တရှုံ့ရှုံ့ငိုယိုပြီး အခန်းထဲမှ ပြေးထွက်သွားလေ၏။

ထိုအခါ မမြတ်လေးက မိုးအောင်၏မျက်နှာကို ကြည့်၍

" အစ်ကို ဘယ်လိုဖြစ်သွားတာလဲ၊ အစ်ကို့စိတ်တွေ တကယ်ပဲ ကြမ်းတမ်းခက်ထန်သွားပြီလား၊ သမီးလေးကို မိဘမဲ့ကျောင်းကခေါ်ပြီး မွေးစားတုန်း အစ်ကိုနဲ့ကျွန်မ သဘော တူညီချက်တစ်ခုထားခဲ့တယ်လေ၊ သမီးလေးကို ကိုယ့် သမီး အရင်းလို သဘောထားရမယ်ဆိုတာ အစ်ကိုမေ့နေပြီလား "

ဟု မေးမြန်းလိုက်ရာ မိုးအောင်က သက်ပြင်းချ၍

" အစ်ကို မမေ့ပါဘူး၊ သမီးက မွေးစားသမီးဆိုပေမဲ့ သူ့ကို အစ်ကို ဘယ်လောက်ချစ်တယ်ဆိုတာ မင်း သိပါတယ်၊ အစ်ကိုတို့ သမီးကိုမွေးစားခဲ့တာ တစ်နှစ်ကျော်ပြီ၊ သူ့ကို ဘယ်တုန်းကများ ဆူပူကြိမ်းမောင်းဖူးလို့လဲ၊ အခုအချိန်မှာ အစ်ကို့ရဲ့စိတ်တွေ ဗလောင်ဆူနေတယ်၊ အစ်ကို့စိတ်ထား ဘယ်လောက်သိမ်မွေ့နူးညံ့တယ်ဆိုတာ မင်းသိပါတယ်၊ ဒါပေမဲ့ အစ်ကိုနဲ့ လူသတ်မှုတွေ လာပြီးပတ်သက်နေတယ်၊ ဒီလိုဖြစ်တာဟာ ဘာကြောင့်လဲ အစ်ကိုဝေခွဲလို့မရသေးဘူး"

ဟု ပြောရင်း မမြတ်လေး၏အနီးမှ ထွက်ခဲ့လေ၏။

မမြတ်လေးသည် ယောကျ်ားဖြစ်သူ၏နောက်ကျောကို နားမလည်ဟန်ဖြင့်ကြည့်ပြီး ကျန်ရစ်ခဲ့လေ၏။

မိုးအောင်သည် ထိုနေ့ညစာကို စားသောက်ပြီးနောက် တစ်ကိုယ်တည်း အိပ်ရာထဲသို့ဝင်၍ ရင်ကွဲတောင်ပေါ်၌ တွေ့ကြုံခဲ့ရသော အရူးအကြောင်းကို စဉ်းစားနေလေ၏။

ထိုအရူးသည် လူသတ်မှုများ၏တရားခံဟု ယူဆနေလေ

၏။ သို့သော် မိမိ၌ လူသတ်မှုကျူးလွန်သော သက်သေ အထောက်အထားများရှိနေသဖြင့် မည်သို့ဆုံးဖြတ်ရမှန်းမသိ ဖြစ်နေလေ၏။

ထိုအခိုက်မှာပင် မမြတ်လေးသည် သူ၏အနီး၌ဝင်၍ အိပ်စက်လိုက်ပြီး မိုးအောင်၏ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်ကာ

" အစ်ကိုနဲ့ အေးအေးဆေးဆေး မနေရတာ ကြာပြီနော်၊ အစ်ကို့မှာ ဘာအခက်အခဲတွေရှိသလဲ ကျွန်မကိုပြောလေ"

ဟု နူးညံ့သောလေသံဖြင့် ပြောဆိုလေ၏။ မိုးအောင်က မမြတ်လေး၏နဖူးကိုနမ်း၍

" အစ်ကို့ရင်ထဲမှာ ဘာတွေဖြစ်နေမှန်းမသိဘူး၊ လူသတ်မှုဖြစ်တဲ့အချိန်တွေက ကိုယ့်ရဲ့အားလပ်ရက်တွေ ဖြစ်နေတယ်၊ ကိုယ်တို့အိမ်အနောက်က စတိုခန်းထဲက ရှမ်းဓားမြှောင်မှာလည်း သွေးတွေစွန်းပေနေတယ် "

ဟု ပြောလိုက်ရာ မမြတ်လေးက ခဏကြာအောင် ငေးစား၍

" ဒါတွေအားလုံးဟာ တိုက်ဆိုင်မှုတွေ မဖြစ်နိုင်ဘူးလား၊ ဓာတ်ခန်းထဲက ရှမ်းဓားမြှောင်မှာ သွေးရှိတယ်လို့ ကျွန်မ မယုံဘူး၊ အစ်ကိုရဲ့စိတ်တွေက အမျိုးမျိုးခံစားနေရတယ်၊ အစ်ကို့ရဲ့ဓားမှာ သွေးတွေပေနေတယ်ဆိုပြီး ထင်ယောင်ထင်မှား ဖြစ်နေတာလည်း ဖြစ်နိုင်တာပဲ "

ဟု ပြောလေ၏။ မိုးအောင်သည် မမြတ်လေး၏စကားကြောင့် မျက်မှောင်ကြုတ်၍

" အစ်ကိုရဲ့စိတ်တွေ တကယ်ပဲ ထင်ယောင်ထင်မှား ဖြစ်နေပြီလား၊ ဒါဆိုရင် လူသတ်မှုတွေက ကိုယ်နဲ့မပတ်သက်ဘူး၊ ထူးဆန်းတဲ့တိုက်ဆိုင်မှုတွေ ဖြစ်နိုင်တယ် "

ဟု ပြောလေ၏။ မမြတ်လေးက ခေါင်းညိတ်၍

" ဟုတ်တယ်၊ တိုက်ဆိုင်မှုတွေလို့ပဲ သဘောထားလိုက်ပါ အစ်ကိုရယ်၊ ဒါမှ အစ်ကိုစိတ်ချမ်းသာမယ်၊ ကျွန်မရဲ့ သဘောထားကတော့ အစ်ကို ဒီအမှုတွေကို ခေါင်းထဲက ထုတ်ပစ်လိုက်စေချင်တယ် "

ဟု ပြောရင်း မိုးအောင်ကို တင်းတင်းကြပ်ကြပ် ဖက်ထားလိုက်၏။

မိုးအောင်၏ရင်ထဲတွင် ပူနွေးလာပြီး မမြတ်လေးကို တယုတယ နမ်းရှုံ့လိုက်လေ၏။ ပြီးနောက် မမြတ်လေးကိုယ်ပေါ်၌ ခြုံထားသောစောင်ကို ဆွဲဖယ်လိုက်၏။

မမြတ်လေးကလည်း ရမ္မက်စိတ်များပြည့်လျှံနေသော မျက်ဝန်းများဖြင့် မိုးအောင်ကို ကြည့်ရှုလိုက်၏။ မိုးအောင်၏ တစ်ကိုယ်လုံး ပူနွေးပြီး အာခေါင်များ ခြောက်ကပ်လာ၏။ ပြီးနောက် မမြတ်လေး၏နှုတ်ခမ်းကို စုတ်နမ်းလိုက်၏။

ထိုအခိုက်မှာပင် သမီးဖြစ်သူ၏အခန်းမှ

" အမလေး "

ဟု ငယ်သံပါအောင် အော်လိုက်သောအသံကြောင့် လင်မယားနှစ်ယောက်စလုံး ပန်းဝါ၏အခန်းသို့ ပြေးသွားကြ၏။

ထိုအခါ ပန်းဝါသည် ပြတင်းပေါက်ကို လက်ညှိုးထိုး၍

" အပြင်မှာ ဘာကြီးလဲ မသိဘူး၊ ပြတင်းပေါက်အပြင်က လာချောင်းနေတယ် "

ဟု ဆိုလိုက်ရာ မိုးအောင်၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး လက်နှိပ်ဓာတ်မီးနှင့် တုတ်တစ်ချောင်းကိုယူ၍ အိမ်ပြင်သို့ အပြေးအလွှား သွားကြည့်လေ၏။

အိမ်အပြင်၌ လူသူအရိပ်အယောင်မျှပင် မမြင်ရချေ။ မိုးအောင်တို့နေထိုင်သောအရပ်သည် မြို့၏အစွန်ပိုင်းဖြစ်ပြီး အနီးပတ်ဝန်းကျင်၌ လူနေကြဲပါး၏။ မိုးအောင်၏အိမ်တစ်အိမ်တည်းသာ ရှိလေ၏။

မိုးအောင်သည် အတန်ကြာအောင် ပတ်ဝန်းကျင်၌ ရှာဖွေပြီးနောက် မည်သည့်အရိပ်အယောင်မျှ မတွေ့ရသဖြင့် အိမ်ထဲသို့ ပြန်ဝင်လာခဲ့၏။

သို့သော် သူ၏ရင်ထဲ၌ တစ်စုံတစ်ရာကို စိုးရွံ့နေသလို ခံစားရ၏။

မမြတ်လေးက မိုးအောင်၏မျက်နှာကိုကြည့်၍

" ကျွန်မတို့ အေးအေးဆေးဆေးမှ တွေ့ကြတာပေါ့၊ ဒီညတော့ သမီးကြောက်နေလို့ သူနဲ့အတူအိပ်ပေးလိုက်မယ် "

ဟု ပြောလေ၏။

မိုးအောင်သည် အိပ်ခန်းအတွင်းသို့ တစ်ကိုယ်တည်း ပြန်လာပြီး အိပ်စက်လိုက်လေ၏။

သူသည် မနက်ဖြန်မှစ၍ အိမ်သော့များကို ထပ်ဆင့်၍ ခတ်ထားရန် ဆုံးဖြတ်လိုက်၏။

မိုးအောင်သည် ထိုညက တစ်ညလုံး အိပ်မပျော်ဘဲ ရှိနေ လေ၏။ အရုဏ်တက်ချိန်ရောက်မှ အိပ်ပျော်သွားလေ၏။

မိုးအောင်သည် နောက်တစ်နေ့သို့ရောက်သောအခါ ဆေးရုံရှိ ဆရာဝန်ကြီးနှင့် သွားတွေ့ပြီး မိမိ၏စိတ်ခံစားချက်များကို ပြောဆိုလေ၏။

မိုးအောင်က ဆရာဝန်ကြီးကိုကြည့်၍

“ ဒေါက်တာ... ကျွန်တော် ဘယ်တော့ပြန်သတိရမှာလဲ၊ ကျွန်တော့်အတွက် ဝေဒနာကြီးတစ်ခုလို ခံစားနေရတယ်၊ ကျွန်တော့်ကိုယ်ကျွန်တော် လူတွေကို လိမ်ညာနေသလားလို့ ခံစားရတယ်၊ ကျွန်တော်ဟာ ဘဝမှာ ရိုးသားစွာနေထိုင်လာတဲ့

လူတစ်ယောက်ပါ၊ အခုတော့ ကျွန်တော့်ကို ဘယ်သူမှ ယုံကြည်ပုံမရဘူး၊ ပုလိပ်အင်စပက်တော်နဲ့ ကျွန်တော့်မိန်းမ၊ မြို့သူမြို့သားတွေအားလုံး ကျွန်တော့်ကို သံသယဖြစ်နေပုံရတယ်၊ ကျွန်တော့်ရင်ထဲမှာ အရမ်းခံစားရတယ်၊ အိပ်မက်ဆိုးတစ်ခုကို မြင်မက်နေသလိုပဲ၊ ကျွန်တော့်စိတ်တွေ တစ်ချိန်လုံး ယောက်ယပ်ခတ်နေတယ်၊ ကျွန်တော် အမှားတွေလုပ်မိမှာကြောက်တယ်၊ ကျွန်တော် အမှားတွေထပ်မလုပ်ချင်တော့ဘူး”

ဟု ပြောလိုက်ရာ ဆရာဝန်ကြီးက မျက်မှောင်ကြုတ်၍

“ ခင်ဗျားက အမှားတွေလုပ်တယ် ဟုတ်လား၊ ဘာတွေလုပ်မိလို့လဲ ”

ဟု မေးမြန်းလိုက်၏။ မိုးအောင်က သက်ပြင်းချ၍

“ ကျွန်တော့်ကိုယ်ကျွန်တော် အမှားတွေလုပ်မိသလားလို့ သံသယဖြစ်နေတယ်၊ ကျွန်တော် အမှားတွေ မကျူးလွန်ချင်ဘူး၊ မှားယွင်းသွားမှာကြောက်တယ် ”

ဟု ပြောလိုက်ရာ ဆရာဝန်ကြီးက

" ဘာမှမကြောက်နဲ့၊ ဝေဒနာကို အချိန်ကာလက ကုစားသွားလိမ့်မယ်၊ ခင်ဗျားကို စိတ်ပညာဆရာဝန်နဲ့ ပြကြည့်စေချင်တယ် "

ဟု ပြောလေ၏။ မိုးအောင်က ခေါင်းခါယမ်း၍

" မလိုပါဘူးဗျာ၊ ကျုပ်ဝေဒနာကို ကျုပ် နားအလည်ဆုံး ပါ "

ဟု ပြောလေ၏။ ထိုအခါ ဆရာဝန်ကြီးက

" ခင်ဗျားရဲ့ဝေဒနာကို သွေးစစ်ကြည့်ချင်တယ်၊ ဦးနှောက်ကိုလည်း ဓာတ်မှန်ရိုက်ကြည့်ချင်တယ်၊ အဲဒီမှာ အကြံတစ်ခုခုတော့ ထွက်မှာပဲ "

ဟု ပြောလိုက်ရာ မိုးအောင်သည် စိတ်ပျက်ဟန်ဖြင့် ခေါင်းညိတ်လိုက်လေ၏။

မိုးအောင်သည် ဆရာဝန်ကြီးထံမှ ပြန်ခဲ့လေ၏။ လမ်းတလျှောက်၌ မိုးအောင်ကိုတွေ့သော မြို့သူမြို့သားများသည် အတင်းအဖျင်းမျိုးစုံ ပြောကြကုန်၏။

သူတို့မြို့၌ လူသတ်မှုများ ဆက်တိုက်ဖြစ်ပွားနေသဖြင့် ပုလိပ်အဖွဲ့၏ ဂုဏ်သိက္ခာကျဆင်းနေလေ၏။ မြို့ပေါ်ရှိလူများသည် ညဦးနက်သည်အထိမနေဘဲ ညမှောင်ရီသန်းသည်နှင့် အိမ်တွင်းပုန်း၍သာ နေကြလေ၏။

မိုးအောင်သည် အိမ်သို့ပြန်လာပြီး တစ်ယောက်တည်း အခန်းအောင်းနေလေ၏။ သမီးလေး ပန်းဝါသည် မိုးအောင်ရှိရာ အခန်းထဲသို့ ဝင်ရောက်လာပြီး သူမပြုလုပ်ထားသော ကြက်ဥပူတင်းများကို ကျွေးမွေးလေ၏။

မိုးအောင်တို့ဇနီးမောင်နှံသည် လက်ထပ်ပြီး ၅ နှစ်ကြာသည်အထိ သားသမီးမရသဖြင့်ပန်းဝါလေးကို မိဘမဲ့ကျောင်းမှ ခေါ်ယူမွေးစားခဲ့ခြင်းဖြစ်၏။

မိုးအောင်တို့လင်မယားသည် ပန်းဝါ၏လိမ္မာပါးနပ်မှုနှင့် ချစ်စဖွယ်ကောင်းခြင်းတို့ကြောင့် သားသမီးရင်းနှင့်မခြား ချစ်ခင်လေ၏။

ပန်းဝါကို သူတို့မွေးစားစဉ်က အသက် (၁၀)နှစ်သာ

ရှိသေး၏။ ယခုတော့ ပန်းဝါ၏အသက် (၁၂)နှစ်ကျော်နေချေ

ပြီ။

မိုးအောင်သည် ပန်းဝါကျေနပ်အောင် သူမပြုလုပ်ထား

သော ကြက်ဥပူတင်းများကို ကုန်စင်အောင် စားလိုက်၏။

ထိုအခါ ပန်းဝါက လက်ခုပ်လက်ဝါးတီး၍

" ဒါမှ တို့ဖေဖေကွ "

ဟု ကြွေးကြော်လေ၏။

မိုးအောင်သည် ထိုနေ့က တစ်နေကုန် အခန်းအောင်း၍

နေလေ၏။ မိမိ၏မှတ်ဉာဏ်များ အဘယ်ကြောင့် ပြန်လည်

ကောင်းမွန်ခြင်းမရှိသနည်း။။

ဆရာဝန်ကြီး၏အဆိုအရ မိမိ၏ရောဂါအခြေအနေ

ကောင်းမွန်နေသည် ဆို၏။ မိုးအောင်သည် ထိုညက ညစာပင်

မစားဘဲ အစောကြီး အိပ်ပျော်သွားလေ၏။

နောက်တစ်နေ့နံနက်သို့ရောက်သောအခါ အရုဏ်

မတက်မီ အိပ်ရာနိုးနေ၏။

သူသည် ဆက်၍မအိပ်နိုင်တော့ဘဲ အိပ်ရာထဲမှထွက်၍

မျက်နှာသစ်လိုက်၏။ ပြီးနောက် ပြတင်းပေါက်ခန်းဆီးကိုဖွင့်၍

ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။

ထိုအခါ သူ၏မျက်လုံးထဲ၌ မပီပိုးတဝါး အလင်းရောင်

ဖြင့် လူတစ်ဦး မိမိအိမ်ကို ကြည့်ရှုနေကြောင်း တွေ့ရ၏။

မိုးအောင်သည် ထိုသူကို သေချာစွာကြည့်ရှုလိုက်သော အခါ ရင်ကွဲတောင်၌ မိမိတို့လိုက်လံရှာဖွေနေသော အရူးဖြစ် ကြောင်း တွေ့လိုက်ရ၏။

အရူးသည် မိမိအိမ်ကို အန္တရာယ်ပေးရန် လာရောက် ချောင်းမြောင်းနေလေ၏။ မိုးအောင်သည် အရူးကိုဖမ်းဆီးရန် ဆုံးဖြတ်လိုက်ပြီး အနီးရှိ သံတူရွင်းကြီးကိုကောက်ကိုင်ကာ အိမ်တံခါးကိုဖွင့်၍ အရူးရှိရာသို့ ပြေးလွှားသွားလေ၏။

အရူးသည် မိုးအောင် အိမ်တံခါးဖွင့်၍ ပြေးထွက်လာ သောအခါ ထိုနေရာမှ တချိုးတည်း ထွက်ပြေးလေ၏။ မိုးအောင်က

" ဟေ့ကောင် ... မပြေးနဲ့၊ မပြေးနဲ့ "

ဟု အော်ဟစ်ကာ အနောက်မှ ပြေးလိုက်သွားလေ၏။

သို့သော် အရူးသည် လျှင်မြန်ဖျတ်လတ်လွန်းလှ၏။ မိုးအောင်တို့အိမ်သည် မြို့စွန်၌ရှိသဖြင့် သစ်ရိပ်ဝါးရိပ်များကို

အကာအကွယ်ပြု၍ ကိုယ်ယောင်ပျောက်သွားလေ၏။

မိုးအောင်သည် ပတ်ဝန်းကျင်အနှံ့ လိုက်လံရှာဖွေပြီး နောက် စိတ်ပျက်လက်ပျက်ဖြင့် အိမ်သို့ ပြန်လာခဲ့၏။

အိမ်သို့ရောက်သောအခါ ခြံထဲသို့ဆင်း၍ စောင့်ကြိုနေ သော မမြတ်လေးကို တွေ့လိုက်ရ၏။

မမြတ်လေးက တူရွင်းကြီးကိုင်၍ ပြန်လာသော မိုးအောင် အား

" ဘယ်လိုဖြစ်တာလဲ အစ်ကို၊ လက်ထဲမှာလည်း သံတူ ရွင်းကြီးနဲ့ "

ဟု မေးမြန်းလိုက်၏။ မိုးအောင်က ပတ်ဝန်းကျင်အနှံ့ ချက်လုံးဝေ့ကြည့်၍

" ဒီနေ့ကစပြီး ငါတို့မိသားစုမှာ အန္တရာယ်ရှိနေပြီ၊ ငါတို့အိမ်ကို အရူးလာပြီးချောင်းနေတယ်၊ ငါတို့ကို အန္တရာယ် ပြုမလို့ ဖြစ်နိုင်တယ် "

ဟု ပြောလေရာ မမြတ်လေးက ထိတ်လန့်သော အမူ

အရာဖြင့်

" သေချာလို့လားရှင်၊ ကျွန်မ ရင်ထိတ်လိုက်တာ "

ဟု ပြောလေ၏။ မိုးအောင်က ခေါင်းညိတ်၍

" သေချာတာပေါ့၊ ဒီကောင့်နောက်ကို သံတူရွှင်းကိုင်ပြီးလိုက်တာ ထွက်ပြေးသွားတယ်၊ သူက ငါ့အိမ်ကို ဘယ်လိုသိသွားသလဲ မသိဘူး၊ ဒီကောင် ငါတို့အိမ်ကို အန္တရာယ်ပေးမလို့ ချောင်းနေတာ၊ ငါတို့အိမ်အတွက် အန္တရာယ်ရှိနေပြီ၊ ဒီနေ့ကစပြီး အိမ်ရဲ့လုံခြုံရေးကို ဂရုစိုက်ရမယ်၊ အိမ်သော့ကိုလည်း လဲပစ်ရမယ်၊ မင်းတို့မိသားစု အိမ်ပြင်ကိုမထွက်ပါနဲ့၊ ငါ မြို့ထဲသွားပြီး သော့တွေဝယ်မယ် "

ဟု ပြောလေ၏။ မိုးအောင်သည် မြို့ထဲသို့သွားပြီး သော့များကိုဝယ်ယူလေ၏။ ငှက်ကြီးတောင်ဓားတစ်လက်ကိုလည်း ဝယ်ယူလေ၏။

မိုးအောင်သည် ထိုအချိန်မှစ၍ အိမ်ပြင်သို့မထွက်ဘဲ မိမိ၏အိမ်သူအိမ်သားများအား အရှုးလက်မှကာကွယ်ရန် စောင့်

ကြပ်နေလေ၏။

မိုးအောင်သည် မိသားစုကို အန္တရာယ်ဖြစ်မှာစိုးရိမ်လွန်းသဖြင့် ငှက်ကြီးတောင်ဓားတစ်လက်ကိုကိုင်၍ စောင့်ကြည့်နေလေ၏။

မိုးအောင်သည် မမြတ်လေးကိုပင် ဈေးသွားဈေးပြန်မပြုလုပ်စေဘဲ မိမိကိုယ်တိုင်ဈေးသို့သွား၍ ဝက်အူချောင်း၊ ငါးသေတ္တာ၊ ငါးပိ၊ ငါးခြောက်၊ နို့ဆီဘူး၊ နို့မှုန့် စသည်ဖြင့် ကြာရှည်ခံအစားအစာများကို ဝယ်ယူထားလေ၏။

ထို့နောက် ငှက်ကြီးတောင်ဓားတစ်ချောင်းကိုထောင်၍ ပြတင်းပေါက်မှ စောင့်ကြပ်နေလေ၏။

တစ်နေ့တွင် သမီးလေးပန်းဝါသည် သူမ၏ ဘိုမရုပ်ကလေးများဖြင့် ဆော့ကစားနေလေ၏။

မိုးအောင်သည် ငှက်ကြီးတောင်ဓားတစ်လက်ကိုကိုင်၍ စောင့်ကြပ်ရင်း ရုတ်တရက် ပန်းဝါ၏ဘိုမရုပ်ကလေးကို ငုံ့စောင်းကြည့်လိုက်၏။

ထိုအခါ ဘိုမရုပ်ကလေး၏လည်တိုင်၌ ပေါက်ပြဲနေကြောင်း တွေ့လိုက်ရ၏။ ထိုဘိုမရုပ်လေးကို ရိုးကုမ္ပဏီမှ

ဝယ်ယူခဲ့ခြင်းဖြစ်၏။

မိုးအောင်သည် မျက်မှောင်ကြုတ်၍ ပန်းဝါ၏ဘိုမရုပ်ကလေးကို ကောက်ကိုင်လိုက်ပြီး

" သမီးအရုပ်ရဲ့လည်ပင်းမှာ ဘာလို့ပေါက်ပြဲနေတာလဲ "

ဟု မေးမြန်းလိုက်ရာ ပန်းဝါက ဖခင်ကိုကြည့်၍

" တစ်ခါတုန်းက ဘိုမရုပ်လေးကို အဖေယူပြီး အရုပ်ရဲ့လည်ပင်းကို ဓားနဲ့ထိုးမိုက်နေတာ သမီးတွေ့တယ်၊ အရုပ်ကလေးကို သနားလွန်းလို့ သမီးတစ်ယောက်တည်း ကျိတ်ငိုခဲ့ရတယ်၊ ဖေဖေ နေမကောင်းဖြစ်နေတုန်းမို့ သမီး ဘယ်သူမှ မပြောခဲ့ဘူး "

ဟု ပြောလေ၏။ မိုးအောင်သည် သမီးလေး ပန်းဝါ၏ စကားကြောင့် ခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားလေ၏။

ထို့ကြောင့် ပန်းဝါကို မျက်မှောင်ကြုတ်ကြည့်၍

" တကယ်ပဲလား သမီးရယ်၊ အဖေ ဘာမှမမှတ်မိပါ

လား၊ သမီး အဖေ့ကိုနောက်နေတာ မဟုတ်ပါဘူးနော် "

ဟု ပြောလေရာ ပန်းဝါက

" သမီး မနောက်ပါဘူး ဖေဖေရယ်၊ သမီးအ ကလေးကို သနားလွန်းလို့ ငိုတောင်ငိုရတယ် "

ဟု ပြောလေ၏။

မိုးအောင်သည် ပန်းဝါ၏စကားကြောင့် အလွန်ထိတ်လ တုန်လှုပ်နေလေ၏။

မိမိ အဘယ်ကြောင့် ဘိုမရုပ်လေး၏လည်တိုင် ဓားဖြင့်စိုက်နေရသနည်း။ ထိုကဲ့သို့အပြုအမူကို ကျူးလွန်ခဲ့သေ လည်း မိမိ၏မှတ်ဉာဏ်က သိရှိခြင်း မရှိချေ။

သမီးလေး ပန်းဝါ၏စကားကြောင့်သာ ယုံကြည့်လိုက် ၏။ ထိုအပြုအမူမျိုးကို ကျူးလွန်မည်ဟု ယုံကြည်ခြင်းမရှိချေ

မိမိအဘယ်ကြောင့် ရက်စက်သောအပြုအမူများ ကျူးလွန်နေသနည်း။

ဤမြို့၌ဖြစ်ပွားခဲ့သော လူသတ်မှုသုံးမှု၌ သေသူ၏

လည်တိုင်ကို ဓားဖြင့်ထိုးစိုက်သော မှုခင်းများဖြစ်ခဲ့၏။ မိမိ၏ အပြုအမူသည် လူသတ်မှုကျူးလွန်သူ၏ အပြုအမူများနှင့် ဆင်တူနေ၏။

မိုးအောင်သည် မိမိကိုယ်မိမိ ဝေခွဲမရသဖြင့် စိတ်ရှုပ် ထွေးလာ၏။

လွန်ခဲ့သောရက်က မိမိ၏အိမ်ပတ်ဝန်းကျင်၌ အရူးကို တွေ့ရသဖြင့် မြို့ပေါ်ရှိ လူသတ်မှုများကျူးလွန်သူမှာ အရူးဖြစ် သည်ဟု ယုံကြည်ခဲ့၏။

အရူးသည် မိမိ၏စတိုခန်းထဲသို့ခိုးဝင်ပြီး ရှမ်းဓားမြှောင် ကိုယူကာ လူသတ်မှုများ ကျူးလွန်သည်ဟု ယူဆခဲ့၏။

မိမိ၏အားလပ်ရက်များနှင့် လူသတ်မှုဖြစ်ပွားရာနေ့များ တူညီနေခြင်းကို တိုက်ဆိုင်မှုဟု ထင်မြင်၏။

မြို့ပေါ်၌ဖြစ်ပွားခဲ့သော လူသတ်မှုများကို အရူးက ကျူးလွန်ခဲ့သည်ဆိုလျှင် မိမိ၏အပြုအမူများသည် အဘယ် ကြောင့် သံသယဖြစ်ဖွယ်အပြုအမူများ ဖြစ်နေသနည်း။

ထို့ပြင် လူသတ်မှုများကျူးလွန်ရာ၌ လူသတ်သမား ချထားခဲ့သော အဝါရောင်ကတ်ပြားနှင့် လိပ်ပြာရုပ်ကလေးကို မိမိ၏စားပွဲအံဆွဲ၌ အဘယ်ကြောင့် တွေ့ရသနည်း။

လူသတ်မှုများကို ကျူးလွန်သူမှာ အရူးလော။ မိမိ ကိုယ်တိုင်ပင်လော့။ ဝေခွဲ၍မရတော့ချေ။ မိုးအောင်သည် စိတ်ဓာတ်ကျပြီး ခွေယိုင်လဲချင်သလို ဖြစ်လာ၏။

မိုးအောင်၏အပြုအမူကို စောင့်ကြည့်နေသော ဇနီးဖြစ်သူ က

" အစ်ကို ဘယ်လိုဖြစ်တာလဲ၊ အရမ်းပင်ပန်းနေပြီ ထင်တယ်၊ သိပ်လည်း မစိုးရိမ်ပါနဲ့အစ်ကိုရယ်၊ အစ်ကို ခဏ အိပ်ရင်အိပ်လိုက်ပါ၊ ကျွန်မ စောင့်ပေးပါ့မယ် "

ဟု ပြောလေရာ မိုးအောင်သည် မည်သည့်စကားမှ မတုံ့ပြန်ဘဲ အိမ်နံရံကိုမှီ၍ မျက်လုံးမှိတ်ထားလိုက်၏။

ထို့နောက် မိုးအောင်သည် သူ၏ကျန်းမာရေးအခြေအနေ ကို ယုံကြည်ခြင်းမရှိတော့ဘဲ ဆရာဝန်ကြီးထံတွင် သွားရောက်

ဆေးပြမ်းရန် ကြံစည်လိုက်၏။

မိုးအောင်သည် ဇနီးဖြစ်သူကို အိမ်၏လုံခြုံရေးအတွက် သေချာစွာ မှာကြားပြီးနောက် ဆရာဝန်ကြီးထံသို့ ထွက်ခဲ့ လေ၏။

ဆရာဝန်ကြီးက မိုးအောင်၏ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြောင်း ပြောလေ၏။

" ကိုမိုးအောင်ရဲ့ဓာတ်မှန်အရ ခင်ဗျားရဲ့ခေါင်းက ဒဏ်ရာသက်သာသွားပြီ၊ ဦးနှောက်ကလည်း ပုံမှန်ပါပဲ၊ ဒါပေမဲ့ ခင်ဗျားသွေးထဲမှာ ထူးခြားတာတစ်ခုရှိတယ်၊ သွေးစစ် ကြည့်လိုက်တော့ ပရိုမနောလို့ခေါ်တဲ့ သွေးတိုးကျဆေး တစ်မျိုး တွေ့တယ်၊ ဒီဆေးက လူတွေကို ဒုက္ခပေးတဲ့အတွက် သုံးစွဲမှု နည်းပါးသွားတယ်၊ ဒါပေမဲ့ အချို့ဆရာဝန်တွေက ဒီဆေးကို သုံးစွဲနေတုန်းပဲ၊ ဒီဆေးသုံးစွဲမှုလွန်သွားရင် မူးဝေပြီး သတိလစ် တတ်တယ်၊ ထူးခြားတာက ခင်ဗျားရဲ့သွေးထဲမှာ ဒီဆေးဟာ ရာခိုင်နှုန်းတော်တော်များများ ပါဝင်နေတယ်၊ ခင်ဗျားက

ဒီဆေးကို ခွဲခွဲမြဲမြဲ သုံးစွဲနေသလိုပဲ၊ ခင်ဗျားမှာ ဆေးအဆိ သင့်နေပြီ ”

ဟု ပြောလိုက်ရာ မိုးအောင်သည် ဆရာဝန်ကြီးစကား ကြောင့် အလွန်အံ့သြနေလေ၏။

“ ကျုပ်က ဒီဆေးတွေကို အဆက်မပြတ် သုံးစွဲနေတယ် လို့ ဆိုလိုတာလား၊ ဆရာဝန်ကြီးစကား မှားယွင်းနေပြီ၊ ကျုပ် ကျန်းမာရေးအတွက် ဘာဆေးမှမသောက်ဘူးဗျ ”

ဟု ပြောကာ ဆရာဝန်ကြီးထံမှ ထွက်ခဲ့လေ၏။

ဆရာဝန်ကြီးက မိုးအောင်၏နောက်ကျောကိုကြည့်၍

“ ခင်ဗျားရဲ့ကျန်းမာရေးကို ဂရုစိုက်ပါဗျာ၊ ခင်ဗျားရဲ့ သွေးထဲမှာ အဆိပ်သင့်နေတာ မမေ့ပါနဲ့ ”

ဟု ပြောဆိုပြီး ကျန်ရစ်ခဲ့လေ၏။

မိုးအောင်သည် ဆရာဝန်ကြီး၏စကားကြောင့် တစ်နေ့ လုံး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြင့် ပြန်ခဲ့လေ၏။

ထိုအချိန်၌ အင်စပက်တော်လှမိုးသည် မိုးအောင်၏အိမ် သို့ ရောက်ရှိနေပြီး မမြတ်လေး တည်ခင်းဧည့်ခံသော လက် ဖက်သုပ်ပန်းကန်ကို စားသောက်နေလေ၏။

မမြတ်လေးအား မိုးအောင်၏ကျန်းမာရေးအခြေအနေကို မေးမြန်းလေ၏။ ထိုအခါ မမြတ်လေးက မိုးအောင်၏ စိုးရိမ် သောကများကို ပြောပြလေ၏။

ထိုအခါ အင်စပက်တော်လှမိုးက

" ကိုမိုးအောင်မှာ စိတ်ဝေဒနာတစ်ခု ခံစားနေပုံရ တယ် ''

ဟု ပြောလေရာ မမြတ်လေးက ခေါင်းညိတ်၍

" ကျွန်မလည်း အစ်ကို့ကို စိတ်ဝေဒနာဖြစ်နေသလား သံသယဖြစ်နေတယ်၊ အစ်ကိုဟာ ဆရာမလေးဆုံးပါးသွား ကတည်းက စိတ်ထိခိုက်နေပုံရတယ် ''

ဟု ပြောလေ၏။ ထိုအခိုက်မှာပင် ပန်းဝါသည် အဝါရောင်စက္ကူရွက်များဖြင့် ဆော့ကစားနေလေ၏။

အဝါရောင်စက္ကူရွက်အချို့၌ လိပ်ပြာပုံလေးများ ရေးဆွဲ ထားလေ၏။ အင်စပက်တော်လှမိုးသည် ပန်းဝါ၏လက်ထဲ၌ အဝါရောင်စက္ကူကတ်များကိုမြင်သောအခါ အလွန်ထိတ်လန့် တုန်လှုပ်သွားလေ၏။ သူသည် လိပ်ပြာရုပ်များကို ယူ၍ကြည့် သောအခါ လူသတ်မှုဖြစ်ပွားရာနေရာ၌ တွေ့ရသော အဝါရောင် စက္ကူကတ်၌ရေးဆွဲထားသော လိပ်ပြာရုပ်လေးများပင် ဖြစ်၏။

မိုးအောင်သည် လူသတ်မှုတရားခံဖြစ်သည်ဟု ယူဆ

ယ်ရှိ၏။ မိုးအောင် လူသတ်တရားခံဖြစ်ကြောင်း အဝါရောင် ကတ်ပြားပေါ်ရှိ လိပ်ပြာလေးများက အထင်ရှားဆုံး သက်သေ င် ဖြစ်၏။

အင်စပက်တော်လှမိုးသည် မမြတ်လေးထံ၌ မိုးအောင်၏ ယ်စဉ်ဘဝကို မသိမသာ စုံစမ်းကြည့်လေ၏။

ထိုအခါ မမြတ်လေးက

" အစ်ကိုရဲ့အမေက ဒီမြို့မှာ လူကုံထံစာရင်းဝင်တစ် ယောက်ပါ၊ အစ်ကိုရဲ့အဖေကတော့ ဒီမြို့သားမဟုတ်ဘူး၊ အစ်ကို့အဖေက မိန်းမရပြီးမှ ဒီမြို့မှာ အခြေချခဲ့တာပဲ၊ အစ်ကို က တစ်ဦးတည်းသောသားဖြစ်ပေမဲ့ ငယ်စဉ်ကတည်းက င်မတန် လိမ္မာရေးခြားရှိတယ်၊ အစ်ကိုကောလိပ်ကျောင်းပြီး တော့ ဇာတိမြို့ကိုပြန်လာပြီး ပွဲရုံထောင်ဖို့ပြင်နေတယ်၊ ဒီလို ပြင်ဆင်နေတုန်းမှာပဲ အစ်ကိုရဲ့မိဘနှစ်ပါးစလုံး ရှမ်းပြည်နယ် ဘက်မှာ ကားမှောက်ပြီး အသက်ဆုံးပါးသွားခဲ့ရတယ်၊ အဲဒီ အချိန်ကစပြီး အစ်ကိုတစ်ယောက်တည်း အထီးကျန်ဖြစ်ပြီး

ကျွန်မနဲ့ လက်ထပ်ခဲ့တာပဲ ”

ဟု ပြောလေရာ အင်စပက်တော်လှမိုးက ခေါင်းညိတ်၍

“ ကိုမိုးအောင်နဲ့ မမြတ်လေးက ချစ်သူရည်းစားတွေ

လား၊ ဒါမမဟုတ် လူကြီးတွေက စီစဉ်ပေးတာလား ”

ဟု မေးမြန်းလေ၏။ မမြတ်လေးက ရှက်ရွံ့ဟန်ဖြ

ရယ်မော၍

“ အစ်ကိုတစ်ယောက်တည်း အထီးကျန်ဖြစ်နေတာ

ကျွန်မမိဘတွေက စီစဉ်တာပါ၊ အစ်ကို့မိဘနဲ့ ကျွန်မမိဘတွေ

က အင်မတန်ရင်းနှီးတဲ့ ရပ်ဆွေရပ်မျိုးတွေပါ၊ အစ်ကိုလည်း

မိဘတွေဆုံးပြီးနောက်ပိုင်းမှာ စိတ်ဓာတ်ကျသွားသလား

မသိဘူး၊ ပွဲရုံမထောင်ဖြစ်တော့ဘဲ ဆရာကြီး ဦးဘလှအောင်

အလွတ်ပညာသင်ကျောင်းမှာ ဆရာဝင်လုပ်ခဲ့တာပဲ ”

ဟု ပြောလေ၏။ ထိုအခါ အင်စပက်တော်လှမိုးက

မျက်မှောင်ကြုတ်၍

“ ကိုမိုးအောင်ရဲ့ငယ်စဉ်ဘဝမှာ နာကြည်းကြေကွဲစရာ

အဖြစ်ဆိုးတွေ ရှိခဲ့သလား ”

ဟု မေးမြန်းလေ၏။ မမြတ်လေးက ခေါင်းခါယမ်း၍

“ ကျွန်မသိရသလောက်တော့ အစ်ကို့ရဲ့ငယ်စဉ်ဘဝက

အေးချမ်းပါတယ်၊ အစ်ကို့မှာ စိတ်ညစ်စရာမရှိသလောက်ပါပဲ၊

ငွေရေးကြေးရေးအနေနဲ့လည်း အစ်ကိုမိဘတွေက ချမ်းသာ

တော့ မကျဗင့်ဘဏ်မှာ တစ်သက်စားမကုန်အောင်ရှိပါတယ် ”

ဟု ပြောလေ၏။

အင်စပက်တော်လှမိုးက သက်ပြင်းချ၍

“ ကိုမိုးအောင်ဟာ သူ့ဘဝသူ ကျေနပ်ရဲ့လား ”

ဟု မေးမြန်းလိုက်၏။ မမြတ်လေးက ခေါင်းညိတ်၍

“ အစ်ကိုက သူ့ဘဝသူ ကျေနပ်ပါတယ်၊ သူဟာ

စာသင်ရတာ ဝါသနာပါတဲ့အတွက် ကျောင်းဆရာတစ်ယောက်

အနေနဲ့ သူ့ဘဝသူ ကျေနပ်နေပါတယ်၊ အစ်ကို့မှာ စိတ်နဲ့

ပတ်သက်တဲ့ရောဂါ မရှိနိုင်ပါဘူး၊ ဒါပေမဲ့ ဘာဖြစ်လို့ အစ်ကို

ရဲ့အတိတ်တွေကို သတိမရသလဲဆိုတာ ကျွန်မတွေးလို့မရ

ပါဘူး၊ အစ်ကို့ ကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်တာ ကျွန်မ ဝမ်းကြိမ်မှ မမြင်ဖူးဘူး၊ ရင်ကွဲတောင်က အဖြစ်ဆိုးကြီးဖြစ် ကတည်းက အစ်ကို့ကို ကြည့်ရတာ ကျွန်မ သိပ်သနားတာပဲ အစ်ကိုဟာ မှတ်ဉာဏ်တွေ ချို့ယွင်းသွားလို့ အတော်စိတ်ထိခိုက် နေတယ်၊ တစ်ခါတလေ တစ်နေကုန် ဘယ်သူနဲ့မှစကား မပြောဘဲ အခန်းအောင်း နေတတ်တယ် ”

ဟု ဆိုကာ အနီးရှိ ဗီရိုအံဆွဲကိုဖွင့်၍ ဓာတ်ပုံစာအုပ်ကို ထုတ်ကာ မိုးအောင်၏ငယ်စဉ်ဘဝဓာတ်ပုံများကို ပြသလေ၏။

အင်စပက်တော်လှမိုးသည် မိုးအောင်၏ငယ်စဉ်ဘဝ ဓာတ်ပုံများကို စိတ်ဝင်စားစွာ ကြည့်ရှုလေ၏။

ဓာတ်ပုံများအားလုံးကြည့်ရှုပြီးသောအခါ အင်စပက် တော် လှမိုးက သူ၏နာရီကို ငုံ့ကြည့်၍

“ ဟင်... အတော်တောင် အချိန်လင့်သွားပြီ၊ ကျုပ် ပြန်တော့မယ်ဗျာ၊ ကိုမိုးအောင်ပြန်လာတဲ့အခါ ကျုပ်လာသွား တယ်လို့ ပြောပြပါဗျာ ”

ဟု ပြောလေ၏။

အင်စပက်တော်လှမိုးပြန်သွားသောအခါ မိုးအောင် ပြန် သည် ရောက်ရှိလာ၏။ မမြတ်လေးက မိုးအောင်ကို ကြိုဆို၍

“ အိမ်ကို အင်စပက်တော် လာသွားတယ် အစ်ကို၊ အစ်ကို့ကို အကြာကြီးထိုင်စောင့်နေပြီးမှ ပြန်သွားတာ ”

ဟု ပြောလိုက်ရာ မိုးအောင်သည် ဇနီးဖြစ်သူကို မကျေနပ်ဟန်ဖြင့် ကြည့်၍

“ ဒီလူ့ကို အချိန်ကုန်ခံပြီးလိုက်ရှာမနေနဲ့ ”

ဟု ပြောလိုက်၏။

မိုးအောင်သည် ညှော်ခန်းထဲ၌ ခြေပစ်လက်ပစ်ထိုင်ရင်း ဆရာဝန်ကြီးပြောသော အဆိပ်သင့်သည်ဆိုသည့်စကားကို ကြားယောင်နေလေ၏။

မိမိ၏သွေးအတွင်း၌ အဆိပ်တစ်မျိုးသင့်နေသည် ဆိုပါ လား။ ထိုဆေးသည် သွေးတိုးကျဆေးတစ်မျိုး၌ ပါဝင်သော ဆေးဖြစ်ပြီး ဆရာဝန်များပင် အန္တရာယ်ရှိ၍ မသုံးစွဲကြတော့ဟု

ဆိုၢ၏။

ဆရာဝန်ကြီး၏စကားသည် ဖြစ်နိုင်ချေမရှိဟု ထင်မြင်၏။ ထို့ကြောင့် ခေါင်းထဲကထုတ်ပစ်လိုက်ရန် ကြိုးစားလိုက်၏။

မိုးအောင်သည် ကုလားထိုင်၌ ခြေပစ်လက်ပစ်ထိုင်ရင်း စားပွဲခုံပေါ်၌တွေ့သော ဓာတ်ပုံစာအုပ်ကလေးကို ကောက်ကိုင်လိုက်၏။

ထိုဓာတ်ပုံစာအုပ်လေးသည် အင်စပက်တော်လှမိုး ကြည့်ရှုခဲ့သော စာအုပ်လေးဖြစ်၏။ မိုးအောင်သည် ဓာတ်ပုံစာအုပ်လေးကို အမိပ္ပာယ်မဲ့လှန်လှောကြည့်ရှုနေမိ၏။

ငယ်စဉ်ဘဝက မိဘများနှင့်ရိုက်ကူးထားသောဓာတ်ပုံများကို မြင်တွေ့သောအခါ မိဘများကို သတိရ တမ်းတမိ၏။

မိုးအောင်သည် ဓာတ်ပုံများကိုကြည့်ရှုရင်း ငယ်စဉ်ကကျောင်း၌ဆုရခဲ့သော ဓာတ်ပုံလေးကို ပြန်လည်ကြည့်ရှုနေ၏။

ထိုဓာတ်ပုံထဲတွင် ဆုတံဆိပ်ကိုယ်စီကိုင်ထားသော သူငယ်ချင်းလေးယောက် တွေ့ရ၏။ မိုးအောင်သည် ဓာတ်ပုံ၏

နောက်ကျော၌ရေးသားထားသော စာများကို ဖတ်ရှုကြည့်လိုက်၏။

ပထမဆု - မအေးကြည်

ဒုတိယဆု - (ပူးတွဲ) မောင်အေးလွင်၊ မလှမေ

တတိယဆု - မိုးအောင်

ဓာတ်ပုံထဲတွင် မိုးအောင်က တတိယဆုရရှိပြီး ကျန်သော သူငယ်ချင်းများက ပထမဆုနှင့် ဒုတိယဆုကို ပူးတွဲရရှိကြလေ၏။

မိုးအောင်သည် ဓာတ်ပုံနောက်ကျောရှိနာမည်များကို ဖတ်ရှုရင်း ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားလေ၏။

မိုးအောင်သည် ဓာတ်ပုံများကို အပြန်ပြန် အလှန်လှန်ကြည့်၍ တစ်ကိုယ်လုံး ချွေးများစို့ရွှဲပြီး ထိတ်လန့်တုန်လှုပ်လာ၏။

မိုးအောင်သည် အင်စပက်တော်လှမိုးပြောသော စကားများကို ပြန်လည်ကြားယောင်လာ၏။

"ပထမဆုံး လူသတ်သမားရဲ့သားကောင်ဖြစ်သွားတဲ့ မိန်းမကတော့ မအေးကြည်တဲ့ဗျ၊ ဒုတိယမြောက် အသတ်ခံရတဲ့သူက ကိုအေးလွင်တဲ့၊ ဓာတ်ပုံဆရာတစ်ယောက်ပဲ၊ တတိယ အသတ်ခံရတဲ့မိန်းမက မြို့ထဲမှာ ထီလက်မှတ်လှည့်လည်ရောင်းတဲ့ မလှမေဆိုတဲ့ မိန်းမပဲ"

မိုးအောင်သည် ဓာတ်ပုံထဲရှိလူများ အသတ်ခံရခြင်းကို နားမလည်နိုင်အောင် ဖြစ်မိ၏။

အဘယ်ကြောင့် အသတ်ခံရသူများသည် မိမိ၏ သူငယ်ချင်းရောင်းရင်းများ ဖြစ်နေသနည်း။ မိုးအောင်သည် ရန်ကုန်မြို့၌ နှစ်ပေါင်းများစွာ ကျောင်းတက်နေခဲ့ရသဖြင့် ငယ်စဉ်က သူငယ်ချင်းများနှင့် ဝေးကွာခဲ့ရ၏။

ထို့ကြောင့် မြို့ပေါ်၌ လူသတ်မှုဖြစ်ပွားသောအခါ သူ၏ ငယ်သူငယ်ချင်းများဖြစ်ကြောင်း မသိရှိခဲ့ချေ။

ထိုသို့ မိမိ၏သူငယ်ချင်းများ အသတ်ခံရခြင်းကို အင်စပက်တော်လှမိုး ရိပ်မိသွားလျှင် မိမိကို လူသတ်သမား အဖြစ်

သံသယဝင်ပေတော့မည်။

ငယ်စဉ်က မိမိထက်သာလွန်သူများကို မနာလိုဝန်တိုစိတ်ဖြင့် လိုက်လံသတ်ဖြတ်သည်ဟု ယူဆပေလိမ့်မည်။

မိုးအောင်သည် အဝါရောင်ကတ်ပြားပေါ်၌ လိပ်ပြာရုပ်လေးများကို မြင်ယောင်လာ၏။ ထိုလိပ်ပြာရုပ်လေးများသည် မိမိ၏စားပွဲအံဆွဲ၌ ရှိနေ၏။

စတိုခန်းထဲရှိ ရှမ်းဓားမြှောင်မှာလည်း သွေးများစွန်းပေနေ၏။ သမီးလေးပန်းဝါ၏ အရုပ်လေးကို ဓားဖြင့်လှီးဖြတ်သူမှာ မိမိကိုယ်တိုင်ပင် ဖြစ်၏။

မိမိ၏သူငယ်ချင်းများ သေဆုံးသောနေ့ရက်အချိန်များသည် မိမိ၏အားလပ်ချိန်များ ဖြစ်နေ၏။ ထို့ပြင် ဆရာမလေးနှင်းဖြူကို တောင်ပေါ်သို့ ခေါ်ဆောင်လာသူမှာလည်း မိမိကိုယ်တိုင်ပင် ဖြစ်နေ၏။

မိမိခေါင်းကို ဒဏ်ရာရအောင်ရိုက်နှက်ပြီး အတိတ်ကို မေ့လျော့စေသူမှာ မည်သူဖြစ်သနည်း။

ရင်ကွဲဘောင်ပေါ်၌တွေ့ဆုံပြီး မိမိ၏အိမ်သို့ လိုက်လာ ချောင်းမြောင်းသောအရူးမှာ လူသတ်သမားဖြစ်သလား။

မိမိ၏မှတ်ဉာဏ်မှာလည်း ယနေ့ထက်တိုင် အတိတ် ဖြစ်ရပ်များကို သတိရခြင်းမရှိချေ။

ထိုအခိုက်မှာပင် အနီးသို့ ဇနီးဖြစ်သူ မမြတ်လေး ရောက် ရှိလာပြီး

" ထမင်းစားရအောင် အစ်ကို၊ ဟင်… အစ်ကို ဘယ်လို ဖြစ်တာလဲ၊ အစ်ကို မျက်နှာလည်းမကောင်းပါလား "

ဟု ပြောလေရာ မိုးအောင်က ခေါင်းညိတ်၍

" ခေါင်းထဲမှာ နည်းနည်းနောက်နေလို့ပါကွာ "

ဟု ပြောလိုက်၏။

ထိုအခါ မမြတ်လေးက မိုးအောင်ကို စိုးရိမ်ဟန်ဖြင့် ကြည့်၍

" အစ်ကို ဘယ်လိုဖြစ်နေတာလဲ၊ အစ်ကို ဘာခံစားနေရ သလဲ၊ ကျွန်မကို ပြောပါ၊ ကျွန်မနဲ့ အစ်ကိုက လင်မယားတွေ

ပဲ၊ တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်မှဖြစ်မှာပေါ့၊ အစ်ကို့ စိတ်မှာ ဘာတွေအလိုမကျမှုရှိနေသလဲ၊ အင်စပက်တော်က တောင် အစ်ကို့စိတ်အခြေအနေကို မေးမြန်းနေသေးတယ် "

ဟု ပြောလိုက်ရာ မိုးအောင်သည် အင်စပက်တော်လှမိုး ကို စိတ်ကုန်နေသဖြင့်

" ဒီလူဟာ စုံထောက်တစ်ယောက်သာ ဆိုတယ်၊ တကယ့်တရားခံအစစ်နောက်ကို မလိုက်ဘူး၊ ကိုယ့်စကားတွေ ကိုလည်း နားမဝင်ဘူး၊ သူ ဘာတွေမေးသွားသေးသလဲ၊ ဓာတ်ပုံ တအုပ်ကိုကြည့်ပြီး သူ ဘာတွေပြောသွားလဲ "

ဟု ပြောလေ၏။ ထိုအခါ မမြတ်လေးက သက်ပြင်းချ ၍

" အင်စပက်တော်က အစ်ကို့ရဲ့ ငယ်စဉ်ဘဝတွေကို မေးတယ်၊ ဒါကြောင့် ငယ်ငယ်တုန်းက အစ်ကိုရဲ့ဓာတ်ပုံတွေကို ပြမိတာပါ "

ဟု ပြောလေ၏။ မိုးအောင်က အံကိုကြိတ်၍

“ ခတ်ပုံတွေကိုကြည့်ပြီး သူ ဘာပြောသေးသလဲ ”

ဟု မေးမြန်းလိုက်၏။ မမြတ်လေးက ခေါင်းခါယမ်း၍

“ ဘာမှထွေထွေထူးထူး မမေးပါဘူး၊ အစ်ကိုရဲ့ယော် ဘဝကို မေးမြန်းပြီး ပြန်သွားတယ်၊ အင်စပက်တော် ကြည့်ရတာ သဘောကောင်းပုံရပါတယ်၊ အစ်ကို့ရဲ့ကျန်းမာရေး ကို ဂရုစိုက်ဖို့ပြောသွားပါတယ် ”

ဟု ပြောလေရာ မိုးအောင်သည် မည်သည့်စကား၍ မဆိုတော့ဘဲ ငြိမ်သက်သွားလေ၏။

မမြတ်လေးက

“ အစ်ကို ဘာတွေခံစားနေရတာလဲ၊ အစ်ကို့ကို ကြည့် ရတာ ကျွန်မ ရင်မောလိုက်တာ ”

ဟု ပြောလေ၏။ မိုးအောင်က မမြတ်လေးကိုကြည့်၍

“ အစ်ကို့ရင်ထဲမှာ ဘာတွေဖြစ်နေသလဲ မသိဘူး အစ်ကိုကိုယ်တိုင်တောင် ကိုယ့်ကိုယ်ကိုယ် နားမလည်ဘူး ဒါကြောင့် ကိုယ်ကိုယ်တိုင်နားလည်အောင် ကြိုးစားနေရတယ်

အိမ်မှာ ဘာပြဿနာပေါ်သေးလဲ၊ မသင်္ကာစရာရှိသေးလား ”

ဟု မေးမြန်းလေရာ မမြတ်လေးက ခေါင်းခါ၍

“ ဘာမသင်္ကာစရာမှ မဖြစ်ပါဘူး၊ ကဲ… ဒါဆိုရင် ကျွန်မတို့ ထမင်းစားရအောင် ”

ဟု ဆိုကာ မိုးအောင်ကိုခေါ်ဆောင်သွားလေ၏။

မိုးအောင်သည် ထမင်းကို တို့ကနန်း ဆိတ်ကနန်းစား၍ အိပ်ခန်းထဲသို့ တစ်ကိုယ်တည်း ဝင်သွားလေ၏။

သူသည် အိပ်ရာထဲသို့ရောက်ပြီးမကြာမီ အိပ်ပျော်သွား လေ၏။ မမြတ်လေး အနီး၌ လာရောက်အိပ်စက်ခြင်းကိုပင် မသိလိုက်ချေ။

မိုးအောင်သည် ညဦးသန်းခေါင်ကျော်သောအခါ အိမ်ရှေ့

မှ မှန်ကွဲသံကြားရသဖြင့် အိပ်ရာမှ လန့်နိုးလာ၏။

သူသည် အိပ်ခန်းမီးကိုဖွင့်၍ အိမ်ရှေ့ဘက်သို့ သတိ

ကြီးစွာထား၍ ထွက်သွားလေ၏။ အိမ်ရှေ့သို့ရောက်သောအခါ

ပြတင်းပေါက်မှန်ချပ်ကွဲကြေနေကြောင်း တွေ့ရ၏။

မိုးအောင်သည် မိမိအိမ်အတွင်းသို့ လူတစ်ဦး ဝင်ရောက်

ရန် ကြိုးစားကြောင်း ရိပ်စားမိသွား၏။

ထို့ကြောင့် ဧည့်ခန်းထဲ၌ ငှက်ကြီးတောင်ဓားကိုကိုင်၍

အိမ်ရှေ့တံခါးကို ဝုန်းခနဲဆွဲဖွင့်ပြီး မီးထွန်းလိုက်၏။

ထိုအခါ တံခါးဝ၌ ပုဆိန်ကြီးတစ်လက်ကိုင်၍ စောင့်

နေသော အရူးကိုမြင်လိုက်ရသဖြင့် ဒေါသတကြီး

" ဟေ့ကောင် လူသတ်သမား၊ သေပေတော့ "

ဟု ကြုံးဝါးပြီး ငှက်ကြီးတောင်ဓားဖြင့် ပိုင်းချလိုက်၏။

သို့သော် မိမိ၏ငှက်ကြီးတောင်ဓားသည် ရုတ်တရက်

လက်ထဲမှ လွတ်ထွက်သွားပြီး အရူး၏ပုဆိန်က မိမိ၏ကိုယ်ခန္ဓာ

ကို ခုတ်ပိုင်းလိုက်၏။

မိုးအောင်သည် အထိတ်တလန့် အော်ဟစ်လိုက်လေ၏။

ထိုအခါ သူ၏အနီး၌ အိ[illegible]က်နေသော မမြတ်လေးက

" အစ်ကို ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ "

ဟု မေးမြန်းလေ၏။

မိုးအောင်သည် ထိုအခါမှပင် မိမိ အိပ်မက်မက်နေ

ကြောင်း ရိပ်စားမိလိုက်၏။

သူ၏တစ်ကိုယ်လုံး ချွေးချေးများပြန့်နေပြီး ရင်ခုန်နှုန်း

မြန်ဆန်နေကြောင်း တွေ့ရ၏။

မမြတ်လေးက မိုးအောင်သောက်ရန် ရေတစ်ခွက်ခပ်

ပြီး ပြန်လည်အိပ်စက်စေ၏။

မိုးအောင်သည် မမြတ်လေး၏နှစ်သိမ့်မှုများကြော

ပြန်လည်အိပ်ပျော်သွားလေ၏။

အင်စပက်တော်လှမိုးသည် မိုးအောင်၏အိမ်၌တွေ့ခဲ့သော

ရောင်ကတ်ပေါ်ရှိ လိပ်ပြာရုပ်လေးကိုသာ မြင်ယောင်နေ

၏။

အဝါရောင်လိပ်ပြာရုပ်လေးများသည် မိုးအောင်နှင့်

သက်နေပုံရ၏။

လူသတ်မှုများဖြစ်ပွားရာ၌တွေ့ရသော အဝါရောင်

ပြားလေးများကို မိုးအောင်ထံမှလွဲ၍ အခြားမည်သူထံတွင်

တွေ့ရချေ။

ထို့ပြင် လူသတ်မှုများ၌တွေ့ရှိရသော လိပ်ပြာရုပ်

ကလေးများလည်း မိုးအောင်ထံ၌ တွေ့ရှိရ၏။

အင်စပက်တော်လှမိုးသည် မိုးအောင်ကို သံသယဖြစ်ဖွယ် အကောင်းဆုံးတရားခံဟု ယူဆထားလိုက်၏။ သူသည် မိုးအောင်၏အိမ်၌ကြည့်ရှုခဲ့သော ဓာတ်ပုံများကို သတိရသဖြင့် သဲလွန်စရလိုရငြား အသတ်ခံရသူများ၏ ငယ်စဉ်ဘဝဓာတ်ပုံများကို တောင်းရမ်းခိုင်းလိုက်၏။

ညနေစောင်းသောအခါ မြို့ခံပုလိပ်များရောက်ရှိလာပြီး အင်စပက်တော်လှမိုးအား သေသူများ၏အိမ်မှ တောင်းယူလာသော ဓာတ်ပုံစာအုပ်အချို့ကို ပေးလေ၏။

အင်စပက်တော်လှမိုးသည် သေသူတစ်ဦးချင်း၏ ငယ်စဉ်ဘဝဓာတ်ပုံအမျိုးမျိုးကို ကြည့်ရှုနေမိ၏။ ထိုသို့ကြည့်ရှုရင်း ထိုဓာတ်ပုံများသည် ထူးခြားမှုမရှိသဖြင့် မိမိအတွက် အပိုအလုပ် တစ်ခုဟု ထင်မြင်နေမိ၏။

မိမိအချိန်ဖြုန်းတီးခြင်းတစ်ခု ပြုလုပ်မိလေသလော။ ထိုအခိုက်မှာပင် သေသူကိုအေးလွင်၏ဓာတ်ပုံစာအုပ်ထဲမှ

ဓာတ်ပုံ တစ်ပုံကို မြင်လိုက်ရသဖြင့် အလွန်စိတ်လှုပ်ရှားသွားလေ၏။

အင်စပက်တော်လှမိုး၏နှုတ်မှလည်း

" ဘုရား... ဘုရား... ကိုမိုးအောင်ဆီက ဓာတ်ပုံနဲ့ အတူတူပါလား "

ဟု ဆိုကာ ဓာတ်ပုံထဲရှိ ကလေးများကို ကြည့်လေ၏။

ဓာတ်ပုံထဲ၌ ပညာရည်ချွန်ဆုယူပြီးသော ကျောင်းသားကလေးငယ်လေးဦးကို တွေ့ရ၏။ ထိုကလေးထဲ၌ မိုးအောင်၏ ကလေးဘဝရုပ်ရည်ကိုလည်း မြင်ရ၏။

မိုးအောင်နှင့်အတူ သေသူကိုအေးလွင်၏ ကလေးဘဝရုပ်သွင်ကိုလည်း မြင်ရ၏။ အင်စပက်တော်လှမိုးက တအံ့တသြဖြင့်

" ဟင်... မိုးအောင်နဲ့ သေသူ ကိုအေးလွင်က ငယ်ငယ်တုန်းက သူငယ်ချင်းတွေပါလား "

ဟု ရေရွတ်ကာ ကျန်သော သေသူနှစ်ဦး၏ဓာတ်ပုံ

များကို လှန်လှောရှာဖွေလေ၏။

ထိုသို့ရှာဖွေရင်း ကျန်သော သေသူနှစ်ဦးထံမှ ထိုဓာတ်ပုံနှင့်အလားတူ ဓာတ်ပုံနှစ်ပုံကို ထပ်မံတွေ့ရှိလိုက်ရ၏။

အင်စပက်တော်လှမိုးသည် တစ်ပုံစံတည်းဖြစ်နေသော ဓာတ်ပုံသုံးပုံကိုကြည့်၍ မိမိ၏ထောက်လှမ်းမှုများ ပြီးဆုံးသွားပြီဖြစ်ကြောင်း ရိပ်စားမိလိုက်၏။ ထို့ကြောင့်

" အားလုံးပြီးသွားပြီ မိုးအောင်၊ မင်း ဘယ်ပြေးမလဲ" ဟု တီးတိုးရေရွတ်လိုက်၏။

သေသူသုံးယောက်စလုံးသည် မိုးအောင်နှင့် ငယ်စဉ်က သူငယ်ချင်းများဖြစ်ကြ၏။ အင်စပက်တော်လှမိုးသည် ဓာတ်ပုံများ၏အနောက်၌ ရေးသားထားသောစာများကို ဖတ်ကြည့်ရာ

ပထမဆု - မအေးကြည်

ဒုတိယဆု - (ပူးတွဲ) မောင်အေးလွင်၊ မလှမေ

တတိယဆု - မိုးအောင်

ဟု တွေ့ရှိရလေ၏။

ငယ်စဉ်က ပညာရည်ချွန်ဆုယူစဉ်က မိုးအောင်သည် တတိယဆုသာ ရရှိခဲ့လေ၏။

မိုးအောင်သည် မိမိထက်သာလွန်သူများကို မနာလိုစိတ်ဖြင့် လိုက်လံလုပ်ကြံနေခြင်းပေလော။

ဤသို့ဆိုလျှင် ဆရာမလေး မနှင်းဖြူကို အဘယ်ကြောင့် ဘောင်ပေါ်မှ တွန်းချလိုက်သနည်း။

အင်စပက်တော်လှမိုးသည် မိုးအောင်ကို တရားခံတစ်ဦးအဖြစ် စွဲချက်တင်ရန် အချက်အလက်များ ပြည့်စုံနေပြီဟု ယူဆ၏။

သို့သော် မိုးအောင်ကို ဖမ်းဆီးချုပ်နှောင်၍ မေးမြန်းခြင်းဆက် မိုးအောင်၏ဝန်ခံချက်ကို ရယူလို၏။ မိုးအောင် ဝန်ခံလိုက်ပါက ဤအမှုပြီးဆုံးသွားနိုင်၏။

ထို့ကြောင့် မိုးအောင်နှင့် အမြန်ဆုံးတွေ့ဆုံရန် ဆုံးဖြတ်လိုက်၏။

နောက်တစ်နေ့သို့ရောက်သောအခါ အင်စပက်တော်လှမိုးသည် မိုးအောင်အား ဂျစ်ကားဖြင့် သွားရောက်ခေါ်ယူပြီး ရင်ကွဲတောင်သို့ မောင်းနှင်ခဲ့လေ၏။

မိုးအောင်သည် အင်စပက်တော်လှမိုးကို ကြည်ဖြူဟန်မရှိဘဲ

" ခင်ဗျား ကျုပ်ကို ဘာကြောင့်ခေါ်လာတာလဲ "

ဟု မေးမြန်းလိုက်၏။ အင်စပက်တော်လှမိုးကသက်ပြင်းချ၍

" တောင်ပေါ်ရောက်မှ ကျုပ်ပြောမယ်၊ ခင်ဗျား အေးအေးဆေးဆေးသာ လိုက်ခဲ့ပါ "

ဟု ပြောလေ၏။

ရင်ကွဲတောင်ပေါ်သို့ရောက်သောအခါ နှစ်ဦးသားတောင်ပေါ်သို့ တက်ခဲ့ကြလေ၏။

တောင်ပေါ်သို့ရောက်သောအခါ မိုးအောင်က

" ခင်ဗျား ဘာပြောမလဲ ပြောဗျာ၊ ကျုပ်အိမ်မှာ အန္တရာယ်ရှိတယ်၊ မိသားစုကိုကာကွယ်ဖို့ ကျုပ် အိမ်မှာရှိမှဖြစ်မယ် "

ဟုပြောလေ၏။ ထိုအခါ အင်စပက်တော်လှမိုးက မိုးအောင်ကို မျက်လုံးချင်းဆုံအောင်ကြည့်၍

" ခင်ဗျား အခုအချိန်ထိ ဟန်ဆောင်နေတုန်းပဲလား၊ ခင်ဗျား ပွင့်လင်းဖို့သင့်နေပြီ "

ဟု ပြောလိုက်ရာ မိုးအောင်က အင်စပက်တော်လှမိုးကို နားမလည်ဟန်ဖြင့်

" ကျုပ်က ဘာပွင့်လင်းရမှာလဲ၊ ဘာကိုဟန်ဆောင်နေလို့လဲ "

ဟု ပြောလိုက်၏။ အင်စပက်တော်လှမိုးက မိုးအောင်ကို မကျေဟန်ဖြင့်ကြည့်၍

" လူသတ်မှုတွေကို ဘာကြောင့်ကျူးလွန်တာလဲဆိုတာ ခင်ဗျားပြောပြဖို့ သင့်နေပြီ "

ဟု ပြောလိုက်ရာ မိုးအောင်သည် အင်စပက်တော်လှမိုးကို မကျေမချမ်းဖြစ်သွားပြီး

" ခင်ဗျား ကျုပ်ကို အသားလွတ်စွပ်စွဲနေတာပဲ၊ ကျုပ် လူသတ်မှုတွေ ကျူးလွန်တယ်လို့ ခင်ဗျား ဘာကြောင့်ပြောနိုင်တာလဲ "

ဟု မေးမြန်းလိုက်၏။ ထိုအခါ အင်စပက်တော်လှမိုးက အံကိုကြိတ်၍

" ခင်ဗျားကို လူသတ်မှုကျူးလွန်တယ်လို့ ကျုပ် ယုံကြည်တယ်၊ ခင်ဗျားရဲ့အိမ်မှာ ဘာကြောင့် အဝါရောင်ကတ်

ပြားနဲ့ လိပ်ပြာရုပ်တွေ တွေ့နေရတာလဲ "

ဟု မေးမြန်းလိုက်၏။

မိုးအောင်သည် အင်စပက်တော်လှမိုး၏စကားကြောင့် စိတ်လှုပ်ရှားသွားပြီး

" ခင်ဗျား ကျုပ်အိမ်က လိပ်ပြာရုပ်တွေကို တွေ့လိုက်ရပြီပေါ့၊ ဒီလိပ်ပြာတွေ ကျုပ်အိမ်ကို ဘယ်လိုရောက်နေတယ်ဆိုတာ ကျုပ် မမှတ်မိဘူးဗျ၊ ဒါ အမှန်တရားပဲ၊ ခင်ဗျားမယုံရင် မတတ်နိုင်ဘူး "

ဟု ပြောလိုက်ရာ အင်စပက်တော်လှမိုးက မိုးအောင်ကို မယုံကြည်ဟန်ဖြင့်ကြည့်၍

" ခင်ဗျားရဲ့ဦးခေါင်းက ဒဏ်ရာက လုံးဝပျောက်ကင်းနေပြီ၊ ခင်ဗျား ဘာကြောင့် အရာရာကို မေ့လျော့နေတယ်လို့ ပြောနေရတာလဲ၊ ခင်ဗျား ဘာကြောင့် ဆရာမလေးကို တောင်ပေါ်ကို ခေါ်လာသလဲ၊ တောင်ပေါ်ရောက်တော့ ဘာကြောင့် လုပ်ကြံသတ်ဖြတ်လိုက်သလဲ၊ ခင်ဗျားကို သူတစ်ပါးရိုက်သွား

တယ်ဆိုပြီး ကိုယ့်ကိုယ်ကို လုပ်ကြံရတာလဲ ”

ဟု စွပ်စွဲလိုက်ရာ မိုးအောင်က အံကိုကြိတ်၍

“ ခင်ဗျားစွပ်စွဲတာတွေကို ကျုပ် လုံးဝမသိဘူး၊ မှတ်လည်း မမှတ်မိဘူး၊ ကျုပ်ရဲ့မှတ်ဉာဏ်တွေ ပြန်မကောင်းတာ အမှန်ပဲ၊ ခင်ဗျားမယုံရင်လည်း ကျုပ်မတတ်နိုင်ဘူး၊ ခင်ဗျား ဘာလုပ်မှာလဲ၊ ကျုပ်ကိုဖမ်းမှာလား၊ ဖမ်းရင်လည်း ဖမ်းလိုက်လေ၊ ကျုပ် လုံးဝမသိဘူးဗျ ”

ဟု ပြောလိုက်လေ၏။

ထိုအခါ အင်စပက်တော်လှမိုးက မိုးအောင်ကို မယုံကြည်ဟန်ဖြင့် ကြည့်၍

“ ခင်ဗျား ဘယ်လိုဆက်ပြီးလိမ်ဦးမှာလဲဆိုတာ ကျုပ်ကြည့်မယ်၊ ဒါဆိုရင် သေသူအားလုံးဟာ ဘာဖြစ်လို့ ခင်ဗျားရဲ့ငယ်စဉ်က သူငယ်ချင်းတွေဖြစ်နေရတာလဲ၊ တိတိကျကျပြောရရင် ခင်ဗျားအိမ်မှာရှိတဲ့ ပညာရည်ချွန်ဆုယူနေတဲ့ ဓာတ်ပုံဟာသေတဲ့သူတွေဆီမှာလည်း ရှိတယ်၊ အဲဒီတုန်းက ခင်ဗျားက

တတိယဆုသာရတဲ့အတွက် ခင်ဗျားထက်သာလွန်တဲ့သူတွေကို မနာလိုစိတ်နဲ့ သတ်ဖြတ်တာ မဖြစ်နိုင်ဘူးလား ”

ဟု စွပ်စွဲလိုက်ရာ မိုးအောင်သည် မခံရပ်နိုင်လွန်းသဖြင့်

“ ရပ်လိုက်စမ်း၊ ခင်ဗျား မဟုတ်တဲ့စကား မပြောနဲ့၊ ကျုပ်ရန်ကုန်မြို့မှာကျောင်းတက်နေတာ နှစ်ပေါင်းများစွာ ကြာပြီ၊ ကျုပ်သူငယ်ချင်းတွေနဲ့ ကွဲနေတာကြာပြီ၊ မနေ့ကမှ အိမ်မှာဓာတ်ပုံစာအုပ်ကို ပြန်ကြည့်ပြီး ဒီမြို့မှာ အသတ်ခံရတဲ့လူတွေဟာ ကျုပ်ရဲ့ငယ်ငယ်တုန်းက သူငယ်ချင်းတွေဆိုတာ သိရတယ်၊ ကျုပ်သူငယ်ချင်းတွေကို မသတ်ဘူးဆိုတာ ကျိန်တွယ်ပြီးပြောဝံ့တယ်ဗျ ”

ဟု ဒေါသတကြီး ပြောလိုက်၏။ အင်စပက်တော်လှမိုးက မခိုးမခန့် ရယ်မောလိုက်ပြီး

“ ခင်ဗျားကိုယ်တိုင် မှတ်ဉာဏ်ချို့ယွင်းနေတဲ့လူက ဒီအမှုတွေကို မကျူးလွန်ဘူးလို့ ဘာကြောင့် တိတိကျကျ ပြောနိုင်တာလဲ ”

ဟု မေးမြန်းလိုက်ရာ မိုးအောင်သည် အင်စပက်တော်

လှမိုးကို ဒေါသတကြီးကြည့်၍

" ခင်ဗျားဟာ ဘာမှအသုံးမကျတဲ့စုံထောက်တစ် ယောက်ပဲ၊ လူသတ်မှုကျူးလွန်တဲ့လူကို မှန်ကန်အောင် မဖမ်း နိုင်ဘူး၊ စိတ်ဓာတ်အကျဉ်းကျနေတဲ့ကျုပ်ကို နည်းအမျိုးမျိုး ဖိနှိပ်ဖို့ ကြိုးစားနေတဲ့သူပဲ၊ ဒီမှာ ခင်ဗျား ဘာလုပ်ချင်သလဲ၊ ကျုပ်ကို ဖမ်းချင်သလား၊ ဖမ်းလိုက်လေ၊ ကျုပ် အတိတ်ကို ကျုပ် မသိဘူးဗျ၊ ဘာတွေဖြစ်သလဲဆိုတာ ကျုပ် ဘာမှမသိ ဘူး၊ ကျုပ်ခေါင်းထဲမှာ အမြဲရှုပ်ထွေးနေတယ်၊ ကျုပ်ကို ဘယ်သူမှမယုံတော့ဘူး၊ ဆရာဝန်ကြီးလည်း မယုံဘူး၊ ကျောင်း အုပ်ကြီးလည်း မယုံဘူး၊ နောက်ဆုံး ကျုပ်မိန်းမတောင် ကျုပ်ကိုမယုံတော့ဘူး၊ ရင်ကွဲတောင်မှာ ဘာဖြစ်ခဲ့သလဲဆိုတာ ကျုပ်ကို ကျုပ်တောင် မမှတ်မိဘူး၊ အပြစ်မဲ့တဲ့ ဆရာမလေး မနှင်းဖြူကို ကျုပ် သိပ်သနားတယ်၊ ဒါပေမဲ့ ကျုပ် ဘာမှ မတတ်နိုင်ဘူး "

ဟု ပြောဆိုလိုက်လေ၏။ ထိုအခါ အင်စပက်တော်လှမိုး

" ဒီမှာ ကိုမိုးအောင်၊ ကျုပ်က ကိုလိုနီပုလိပ်တစ် ယောက်ဖြစ်ပေမဲ့ အပြစ်မဲ့တရားခံကို ဘယ်တော့မှဖမ်းဖို့မကြိုး စားဘူး၊ ဒါကြောင့်လဲ ခင်ဗျား သက်သာနေတယ်မှတ်ပါ၊ ကျုပ်နေရာမှာ ဒီပြင်ပုလိပ်ဆိုရင် ခင်ဗျားကို မရမက စွဲချက် တင်မှာပဲ၊ ကျုပ် ခင်ဗျားကို အများကြီးစိတ်ရှည်ခဲ့တယ်၊ အခွင့်အရေးတွေလည်း အများကြီးပေးခဲ့တယ်၊ ဒီနေ့ ခင်ဗျားကို ခေါ်တွေ့တာလည်း ခင်ဗျားကျူးလွန်ခဲ့တဲ့အမှုတွေကို ခင်ဗျား ကိုယ်တိုင်ဝန်ခံစေချင်လို့ပဲ၊ ဒါပေမဲ့ ခင်ဗျားက ဝန်မခံဘူးဆိုရင် ငြင်းဆက်နိုင်လုံတဲ့ သက်သေကို ရအောင်ရှာရမှာပဲ၊ ခင်ဗျား အမှန်တကယ် ပြစ်မှုကျူးလွန်ရင်တော့ ကျုပ်လက်က ပြေးလို့ လွတ်မှာမဟုတ်ဘူး၊ လူသတ်မှုတွေနဲ့ပတ်သက်ပြီး ခင်ဗျား ကျူးလွန်ကြောင်း အထောက်အထားတွေ တွေ့ရတယ်၊ ဒါပေမဲ့ ခင်ဗျားရဲ့မျက်လုံး ထဲက ရိုးသားမှုကို ဒီနေ့အထိ ကျုပ်တွေ့နေရ

တုန်းပဲ၊ ဘယ်လိုပဲ ပိရိအောင် ကျူးလွန်ပါစေ၊ နောက်ဆုံးတော့ အမှန်တရားက အနိုင်ရလိမ့်မယ်လို့ ကျုပ်ယုံကြည်တယ် "

ဟု ပြောလေရာ မိုးအောင်က အင်စပက်တော်လှမိုးကို ကြည့်၍

" မကြာမီ တစ်ခုခုတော့ ရှင်းလင်းသွားမှာပါ "

ဟု အဓိပ္ပာယ်လေးနက်သောအမူအရာဖြင့် ပြောလိုက်လေ၏။

မိုးအောင် အိမ်သို့ပြန်ရောက်သောအခါ ဇနီးဖြစ်သူက စောင့်ကြိုနေပြီး မျက်စိမျက်နှာပျက်နေသော မိုးအောင်ကို ကြည့်၍

" အပြင်မှာ အင်စပက်တော်နဲ့ ဘာပြဿနာ ဖြစ်ခဲ့သေးလဲ "

ဟု မေးမြန်းလိုက်ရာ မိုးအောင်က ခေါင်းခါယမ်း၍

" ဘာမှမဖြစ်ပါဘူး "

ဟု ဆိုလိုက်ရာ မိုးအောင်၏အမူအရာကို ကြည့်၍

မြတ်လေးက

" အစ်ကို ဘာလို့ လင်မယားချင်းလျှို့ဝှက်ချင်ရတာလဲ၊ အစ်ကို့မျက်နှာအမူအရာကို ကြည့်တာနဲ့ အစ်ကို့မှာ အကြီးအကျယ် စိတ်သောကရောက်နေတယ်ဆိုတာ သိတယ်၊ အစ်ကို ဘာတွေဖြစ်နေသလဲ၊ အစ်ကို ဘာတွေလုပ်ခဲ့သလဲ၊ ဘာတွေ ကျူးလွန်ခဲ့သလဲ "

ဟု မေးမြန်းလိုက်ရာ မိုးအောင်က ဇနီးဖြစ်သူ၏မျက်နှာကို ကြည့်၍

" မင်းကတောင် ငါ့ကို မယုံသင်္ကာဖြစ်နေပြီပေါ့၊ ဟုတ်လား၊ လောကမှာ လူတွေက ငါ့ကိုမယုံတော့ဘူးလား "

ဟု မေးမြန်းလိုက်၏။ မမြတ်လေးက မိုးအောင်ကိုမချင့်မရဲ ဖြစ်ဟန်ဖြင့်

" အစ်ကို ဘာဖြစ်လို့ ကျွန်မကို လျှို့ဝှက်နေရတာလဲ၊ ကျွန်မက အစ်ကို့မယားမဟုတ်ဘူးလား "

ဟု ပြောလိုက်၏။ ထိုအခါ မိုးအောင်က ခေါင်းခါယမ်း

၍

" ငါ လျှို့ဝှက်တာ မဟုတ်ဘူးကွ၊ ငါ့ရင်ထဲမှာ ဘာတစ်ခုမှ ရေရေရာရာ မသိဘူး၊ အရာရာရှုပ်ထွေးနေတယ်၊ မင်းဘာကြောင့် ငါ့ကို စိတ်ညစ်အောင်လုပ်နေရတာလဲ"

ဟု ဒေါသတကြီး ပြောလိုက်၏။ မမြတ်လေးကလည်း မိုးအောင်ကို နားမလည်နိုင်တော့ဘဲ

" အစ်ကို့ကို ကျွန်မက ဘာကြောင့်စိတ်ညစ်အောင် လုပ်ရမှာလဲ၊ အစ်ကိုရဲ့ပြဿနာတွေကို ကူညီဖြေရှင်းပေးချင်လို့ မေးနေတာ "

ဟု ပြောလေ၏။ မိုးအောင်သည် ဇနီးဖြစ်သူ၏စေတနာကို နားမလည်နိုင်ဘဲ

" မင်းကူညီနေတာ ငါ့အတွက် အခက်အခဲဖြစ်နေတယ်ကွ၊ ကျေးဇူးပြုပြီး ငြိမ်ငြိမ်လေးနေစမ်းပါကွာ၊ ငါ့အတွက် အနှောင့်အယှက်မပေးပါနဲ့ "

ဟု ပြောလေရာ မမြတ်လေးသည် မိုးအောင်၏စကား

ကြောင့် ရင်ထဲတွင် နာကျင်သွားပြီး မျက်ဝန်းအစုံမှ မျက်ရည်များ ကျလာ၏။

ဇနီးမယားတစ်ယောက်၏ စိုးရိမ်ပူပန်မှုအား ရက်ရက်စက်စက် ပြောရက်သည်ဟု ထင်မြင်နေလေ၏။

မိုးအောင်သည် အခန်းထဲသို့ဝင်၍ တံခါးကို ဂုန်းခနဲ ပိတ်ချလိုက်လေ၏။

မမြတ်လေးသည် ဝမ်းနည်းလွန်းသဖြင့် တရှုံ့ရှုံ့ ငိုယိုနေမိလေ၏။

မိုးအောင်သည် အတန်ကြာသောအခါ အခန်းထဲမှထွက်၍ ဇနီးဖြစ်သူအား

" အိမ်ထဲကအိမ်ပြင်ကို ဘယ်သူမှမထွက်ရဘူး "

ဟု ပြောလိုက်ရာ မမြတ်လေးက သက်ပြင်းချ၍

" အစ်ကို ဘာတွေကို ဒီလောက်ကြောက်ပြီး ကျွန်မတို့ကို ချုပ်ခြယ်နေတာလဲ၊ ကျွန်မတို့သားအမိ အိမ်ထဲမှာ ခိုအောင်းနေရတာ အတော်ကြာနေပြီပဲ၊ ကျွန်မတို့ ငြီးငွေ့နေပါပြီ "

ဟု ပြောလိုက်ရာ မိုးအောင်က လက်သီးဆုပ်ပြီး

" မင်းတို့ ငြိုးငွေ့တာ အရေးမကြီးဘူး၊ အသ
အန္တရာယ်မဖြစ်ဖို့ အရေးကြီးတယ်၊ မင်းတို့နှစ်ယောက်
လူဆိုးလက်က ကာကွယ်ဖို့ ငါ့ဝတ္တရားရှိတယ်ကွ "

ဟု ပြောလိုက်၏။ မမြတ်လေးက ခေါင်းခါယမ်း

" ဘာလူသတ်သမားလဲ၊ အစ်ကိုပြောတာ အဓိပ္ပာယ်
ဘူး၊ အစ်ကိုပြောတဲ့ လူသတ်သမားအရှူးကို ကျွန်မလည်း
မတွေ့ဘူး၊ သမီးလည်း မတွေ့ဘူး၊ အစ်ကိုတစ်ယောက်ပဲတွေ့
နေတာ၊ အစ်ကိုရဲ့မှတ်ဉာဏ်တွေက ချို့ယွင်းနေတယ်၊ အစ်ကို
တစ်ခုခုကို ထင်ယောင်ထင်မှားဖြစ်နေတာ မဟုတ်လား "

ဟု ပြောလိုက်ရာ မိုးအောင်သည် မမြတ်လေးကို မကျေ
မချမ်းကြည့်၍

" မင်းက ငါ့ကိုမယုံဘူးပေါ့၊ ငါ့ကို အရူးတစ်ယောက်
လို့ထင်နေပြီပေါ့၊ အရူးတစ်ယောက်ရဲ့စကားကိုမယုံဘဲ
အန္တရာယ်တောထဲကို တိုးဝင်မယ်ဆိုတဲ့သဘောလား၊ သွားပါ

ပြီကွာ၊ ငါ့ဘဝမှာ ယုံကြည်ရတဲ့လူ တစ်ယောက်မှမရှိတော့
ဘူး၊ ငါ့ဘဝက အဓိပ္ပာယ်မရှိတော့ဘူးကွ "

ဟု ပြောဆိုလိုက်လေ၏။ မိုးအောင်သည် မိမိ၏စကားကို
မယုံသော ဇနီးသည်ကို မကျေမချမ်း ဖြစ်နေ၏။

မိုးအောင်သည် အိပ်ခန်းထဲသို့ဝင်၍တံခါးကို ဝုန်းခနဲ
ပိတ်ချလိုက်သည်။

မိမိ၏အဖြစ်ဆိုးကြီးသည် အိပ်မက်တစ်ခုဖြစ်လျှင်
မည်မျှ ကောင်းမည်နည်းဟု တွေးမိလေ၏။

မိုးအောင်သည် ထိုနေ့က ညစာကိုပင် အခန်းပြင်သို့ထွက်
မစားသဖြင့် မမြတ်လေးက အခန်းထဲသို့ လင်ပန်း ဖြင့်ယူဆော
ပေးလေ၏။

မိုးအောင်က ညစာမစားချင်ကြောင်း ငြင်းဆိုလိုက်ရာ
မမြတ်လေးက

“အစ်ကို…နေမကောင်းတဲ့အချိန်မှာ အာဟာရရှိအော
နေမှာပေါ့၊ အစားအသောက်မပျက်စေနဲ့”

ဟုပြောလိုက်ရာ မိုးအောင်သည် မိမိရင်ထဲတွင် အရှုပ်အရှင်းကို မကျေနပ်နိုင်သဖြင့်

“ဘာတွေလာပြောနေတာလဲကွာ၊ ငါမစားချင်လို့ မစားတာကွ၊ အတင်းအကြပ် စားရင် အန်ထွက်ကုန်လိမ့်မယ်”

ဟုပြောဆိုပြီး ကုလားထိုင်ပေါ်မှထထိုင်၍ ငှက်ကြီးတောင်စားကိုကိုင်ကာ ပြတင်းပေါက်အနီး၌ သွားထိုင် လေ၏။

မမြတ်လေးသည် မိုးအောင်ကို ဖျောင်းဖျ၍မရသဖြင့် သက်ပြင်းရှည်ကြီးကိုသာ ချလိုက်၏။

မိုးအောင် ယနေ့ည မအိပ်ဘဲ ငှက်ကြီးတောင်စားဖြင့် စောင့်ကြပ်နေပေရော့မည်။ မမြတ်လေးသည် မိုးအောင်အတွက် ပက်လက်ကုလားထိုင်နှင့် စောင်ကို ပြုလုပ်ပေးလေ၏။

ညဘက် အိပ်ချင်ပြေသောက်ရန် ရေနွေးကြမ်းတစ်အိုးကိုလည်း အသင့်ပြင်ပေးလေ၏။

ပြီးနောက် ပြတင်းပေါက်အပြင်သို့ ငေးကြည့်နေသော မိုးအောင်အား နှုတ်သိမ့်၍ အိပ်ခန်းထဲသို့ ဝင်လိုက်၏။

မိုးအောင်သည် မမြတ်လေးကို စကားမတုံ့ပြန်ဘဲ ပြူး

ကျယ်သော မျက်လုံးများဖြင့် အမှောင်ထဲသို့ ငေးကြည့်နေ၏။

မိုးအောင်သည် တစ်ညလုံး ပင်ပန်းကြီးစွာ စောင့်ကြည့်

သော်လည်း အရူး၏အရိပ်အယောင်ကိုမျှ မမြင်ရချေ။

မိုးအောင်သည် နံနက်မိုးသောက် အလင်းရောက်သော

အခါမှပင် မှေးခနဲ အိပ်ပျော်သွားလေ၏။

အိပ်ရာမှ ထလာသောအခါ နေအတော်မြင့်နေလေ၏။

မိုးအောင်သည် မျက်နှာသစ်ပြီး ကိုယ်လက်သန့်စင်ကာ

အိမ်အနီးရှိ သစ်တောအစပ်၌ လမ်းလျှောက်ရန် ထွက်ခဲ့၏။

မိုးအောင်သည် တောစပ်၌လမ်းလျှောက်ရင်း သစ်ပင်

ကြီး တစ်ပင်အနီးသို့ရောက်သောအခါ ညောင်ပင်၌ အပ်ချည်

ဖြင့် ချိတ်ဆွဲထားသော ဓာတ်ပုံတစ်ပုံကိုတွေ့ရသဖြင့် မျက်လုံး

ပြူးသွား၏။

ထိုဓာတ်ပုံကို သေချာစွာကြည့်လိုက်သောအခါ မိမိတို့

ငယ်စဉ်က ပညာရည်ချွန်ဆုပေးပွဲတွင်ရိုက်ထားသော ဓာတ်ပုံ

ဖြစ်နေသဖြင့် အလွန်အံ့ဩသွားလေ၏။

ဓာတ်ပုံစာအုပ်ထဲရှိ ဓာတ်ပုံသည် အဘယ်ကြောင့်

တောစပ်က သစ်ပင်ကြီးမှာ ချိတ်ဆွဲခံရနေသနည်း။

မိုးအောင်သည် နေရောင်နောက်ခံဖြင့် ဓာတ်ပုံထဲရှိ ဆု

အသီးသီးကိုင်ထားသော ကလေး ၄ ယောက်ကို ကြည့်ရှု

နေမိ၏။

ကလေးများ၏မျက်လုံးများသည် တောက်ပြောင်နေပြီး

အောင်မြင်မှုအတွက် ကျေနပ်ဝမ်းမြောက်နေပုံရ၏။

ထိုစဉ်က သူတို့သူငယ်ချင်းလေးယောက်ကို ဆရာ ဦးဘဖြူ

ကျောင်း၌ပညာသင်ကြားစဉ် ငါးတန်းနှစ်၌ ဦးဘဖြူ ကိုယ်တိုင်

ပညာရည်ချွန်ဆု ပေးအပ်ခဲ့ခြင်းဖြစ်၏။

ယခုတော့ ဓာတ်ပုံထဲ၌ ပါရှိသော သူငယ်ချင်း သုံး

ယောက်စလုံး လူသတ်သမား၏ ရက်ရက်စက်စက်သတ်

ဖြတ်ခြင်းကို ခံလိုက်ရချေပြီ။

ထိုလူသတ်သမားသည် ရင်ကွဲတောင်ပေါ်၌ တွေ့ရ

သော အရူးပင်လော။

မိမိကိုယ်တိုင်ပင် ဖြစ်လေသလော ဝေခွဲမရဘဲ ...

နေလေ၏။

မိုးအောင်သည် ငယ်စဉ်က သူငယ်ချင်းများ၏ ဂုဏ်...
ဝမ်းမြောက်နေသော မျက်နှာလေးများကိုကြည့်ရှုရင်း ဓာတ်ပုံ...
အနောက်၌ ဝိုးတဝါးပေါ်နေသော ဆင်းရဲသားနွမ်းပါးသော...
ကောင်မလေးတစ်ယောက်၏ ညှိုးငယ်သောမျက်နှာကို ...
တွေ့လိုက်၏။

မိုးအောင်သည် ဓာတ်ပုံထဲ၌တွေ့ရသော ဆင်းရဲသား...
ကောင်မလေးကို ကြည့်၍

"သူတောင်းစားမလေး"

ဟု တီးတိုးရေရွတ်လိုက်၏။ မိုးအောင်သည် ထိုဓာတ်...
ကို ယခင်က ကြည့်ရှုခဲ့ဖူးသော်လည်း ဓာတ်ပုံထဲတွင် သူ...
တောင်းစားမလေး ပါဝင်နေခြင်းကို သတိပြုမိခြင်း မရှိခဲ့...
ယခု ပထမဦးဆုံးအကြိမ် မြင်တွေ့ဖူးခြင်းဖြစ်၏။

မိုးအောင်သည် လွန်ခဲ့သော နှစ်ပေါင်းများစွာက အဖြစ်...
...ပျက်လေးတစ်ခုကို ပြန်လည်သတိရလိုက်၏။

ထိုနေ့က ဆရာကြီးဦးဘဖြူကျောင်း၏ ဆုပေးပွဲနေ့...
...ဖြစ်၏။

ထိုနေ့က ဆရာကြီးဦးဘဖြူက မိမိနှင့်သူငယ်ချင်း...
...းယောက်အား ရွှေရောင်ကလပ်လေးများပါသော ဆုတံဆိပ်...
... ချီးမြှင့်ခဲ့၏။

မိုးအောင်တို့ ကျောင်းသားလေးယောက်သည် ဆုရသော
...ရွှေရောင်ကလပ်လေးများကို ကိုင်၍ ဂုဏ်ယူဝင့်ကြွားစွာဖြင့်
...ဓာတ်ပုံအရိုက်ခံခဲ့၏။

၎င်းတို့ကို ဓာတ်ပုံရိုက်ကူးပေးသူမှာ သတင်းထောက်
...ဘိုးကြီးတစ်ဦးဖြစ်၏။

မိုးအောင်သည် မိမိဆုအဖြစ်ရရှိသော ရွှေရောင်ကလပ်
...လေးများကို ကျောင်းအရှေ့ရေအိုးစင်၌တင်ပြီး သူငယ်ချင်း
...လေးယောက် စုပေါင်း၍ ပျော်ရွှင်စွာဓာတ်ပုံရိုက်ကူးကြ၏။

ထိုအခိုက်မှာပင် သူတောင်းစားမလေးတစ်ဦးသည် မိုးအောင်ဆုအဖြစ် ရရှိထားသော ရွှေရောင်ကလပ်လေးကို တိတ်တဆိတ် ကိုင်တွယ်ကြည့်ရှုလေ၏။

ထိုမြင်ကွင်းကို မိုးအောင် မြင်တွေ့သွားသောအခါ ခေတ်ပုံ အရိုက်ခံနေရာမှ ဒေါ်သတကြီး ပြေးလွှားရ၍

"ဟဲ့…သူတောင်းစားမ၊ ငါ့ရဲ့ရွှေကလပ်ကို နင့်ရဲ့အညစ်အကြေး လက်နဲ့ဘာလို့ကိုင်ရသလဲ၊ ပြန်ပေးစမ်း"

ဟုကြိမ်းမောင်းကာ ရွှေကလပ်ကို သူတောင်းစားမလေး၏လက်မှ ဆတ်ခနဲ လုလိုက်၏။ ပြီးနောက် သူ၏ရွှေကလပ်ကို ရွံရှာဟန်ဖြင့်ကြည့်၍

"ငါ့ရဲ့ဆုရထားတဲ့ရွှေကလပ်ဟာ မျိုးမသန့်တဲ့ သူတောင်းစားမကိုင်လို့ ကြက်သရေယုတ်သွားပြီ"

ဟု ဒေါ်သတကြီးပြောလိုက်၏။ ထိုအခါ သူတောင်းစားမလေးသည် မိုးအောင်ကို ကြေကွဲစွာကြည့်၍

"မျိုးမသန့်တဲ့ သူတောင်းစားမ ဟုတ်လား၊ နင်က ငါ့ကို မျိုးမသန့်တဲ့လူလို့ စွပ်စွဲရင် နင်လဲ မျိုးမသန့်တဲ့လူပဲဖြစ်တော့မှာပေါ့ဟ"

ဟုပြောလိုက်ရာ မိုးအောင်သည် သူတောင်းစားမလေးကို ဒေါသတကြီးကြည့်၍

"ဟဲ့ကောင်မစုတ်၊ နင်နဲ့ငါနဲ့ ဘာဆိုင်လို့ ငါက မျိုးမသန့်ဖြစ်ရမှာလားဟဲ့၊ နင်နဲ့ငါ တူသလား တန်သလား"

ဟုပြောလိုက်၏။

သူတောင်းစားမလေးသည် မိုးအောင်ကို မကျေမနပ်ကြည့်၍

"နင် တော်တော်မောက်မာတဲ့ကောင်လေးပါလား၊ နင်နဲ့ငါနဲ့ ဘာဆိုင်လဲဆိုတော့ အမျိုးတော်တယ်ဟဲ့၊ အမျိုးတော်တာမှ အဝေးကြီးမဟုတ်ဘူး၊ နင့်အဖေနဲ့ငါ့အဖေက တူတူပဲ၊ နင်နဲ့ငါ ဖအေတူ မအေကွဲ မောင်နှမဟဲ့၊ သိပြီလား"

ဟု ပြောလိုက်ရာ မိုးအောင်သည် သူတောင်းစားတစ်ယောက်က မိမိနှင့် မအေတူ မအေကွဲ မောင်နှမတော်သည်ဟု

စေတနာစာပေ

ရှပ်ရှသဖြင့် မခံရပ်နိုင်အောင် ဒေါသဖြစ်သွားပြီး သူတောင်းစားမလေး၏ ပါးကို ဖြန်းခနဲချ၍

"မှတ်ထား၊ ငါ့လို သူဌေးသားက နင့်လိုသူတောင်းစားနဲ့ ကမ္ဘာပြိုသွားရင်တောင် အမျိုးမတော်ရဘူးဟဲ့ သိပြီလား"

ဟုကြိမ်းမောင်းလိုက်ရာ သူတောင်းစားမလေးက အံကိုတင်းတင်းကြိတ်၍

"နင့်စကားကို နင်မှတ်ထားပါ၊ ကမ္ဘာပြိုသွားရင်တောင် အမျိုးမတော်ဘူးဆိုတဲ့ သူတောင်းစားမနဲ့ ကမ္ဘာမပြိုခင် အမျိုးတော်စေရမယ်"

ဟုဆိုကာ မိုးအောင်၏အနီးမှ ငိုယို၍ ထွက်ပြေးသွားလေ၏။ မိုးအောင်သည် ငယ်စဉ်ကလေးဘဝက မိမိ၏မောက်မာရိုင်းပြခဲ့ပုံများကို ရုတ်တရက် ပြန်လည်သတိရလိုက်၏။

❀ ❀ ❀

ထိုစဉ်က သူတောင်းစားမလေးသည် အဘယ်ကြောင့် ...နှင့် ဖအေတူ မအေကွဲ မောင်နှမတော်စပ်သည်ဟု စွပ်စွဲ...သည် မသိချေ။ သူတောင်းစားမလေး၏စကားသည် မိမိဖခင်...ဂုဏ်သိက္ခာကို ထိပါးစေနိုင်သဖြင့် အကြီးအကျယ် ဒေါသ...ထခဲ့၏။ ငယ်စဉ်က သူဌေးသားပီပီ မာန်မာနထောင်လွှား...ခြင်းလည်းဖြစ်၏။

မိုးအောင်သည် ဓာတ်ပုံထဲ၌ ဝိုးတဝါးမြင်ရသော သူ

တောင်းစားမလေး၏ မျက်နှာကိုကြည့်၍ အတိတ်ကာလ
ပြန်လည် သတိရနေလေ၏။

ထိုအခိုက်မှာပင် သူ၏အနောက်ဘက်ရှိ သစ်ပင်အနောက်မှ

"သူတောင်းစားမနဲ့ ကမ္ဘာမပြိုခင် အမျိုးတော်ရစေမယ် ဆိုတဲ့စကားကို မှတ်မိပြီလား"

ဟူသော အသံကို ကြားရလေ၏။

မိုးအောင်သည် အသံကြားရာသို့ အံ့ဩဟန်ဖြင့် လှမ်းကြည့်လိုက်လေ၏။

ထိုအခါ သစ်ပင်အနောက်မှ ထွက်လာသော သမီး ဖြစ်သူ ပန်းဝါကိုတွေ့လိုက်ရ၏။

ပန်းဝါ၏မျက်လုံးများသည် မထီလေးစားအသွင်ဆောင် နေလေ၏။ မိုးအောင်သည် အချစ်ဆုံးသမီးကို မယုံနိုင်ဟန်ဖြင့် ကြည့်၍

"သမီး ပန်းဝါ၊ အဖေ့ကို ဘယ်လိုပြောလိုက်တာလဲ"

ဟုမေးမြန်းလိုက်လေ၏။

ပန်းဝါက မိုးအောင်ကို စိမ်းကားဟန်ဖြင့်ကြည့်၍

"ငါလိုသူဌေးသားနဲ့ နင့်လိုသူတောင်းစားမ ကမ္ဘာပြို သွားရင်တောင် အမျိုးမတော်ဘူးဆို၊ အခုတော့ အမျိုးတော်နေ ပြီလေ"

ဟုပြောလိုက်ရာ မိုးအောင်သည် သမီးဖြစ်သူကို မယုံနိုင် ဟန်ဖြင့်ကြည့်၍

"သမီး ဘာတွေပြောနေတာလဲ၊ ဒီစကားတွေကို သမီးကို ဘယ်သူပြောခိုင်းသလဲ၊ ဘယ်လိုလုပ်ပြီး လွန်ခဲ့တဲ့

အနှစ်နှစ်ဆယ်လောက်က စကားတွေကို သမီးသိနေတာလဲ"

ဟုမေးမြန်းလိုက်၏။

ထိုအခါ မပန်းဝါက မိုးအောင်ကို ရွံမုန်းဟန်ဖြင့်

"ဒီစကားတွေကို ဘယ်သူမှမပြောခိုင်းဘူး၊ ငါ့ရင်ထဲ မှာ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်လောက်ကတည်းက ကိန်းအောင်းနေ တာ"

ဟုရှင်းပြစွာပြောဆိုလိုက်ရာ မိုးအောင်သည် မိမိနားကိုပင် မိမိမယုံနိုင်ဘဲ

"သမီး ဘယ်လိုပြောလိုက်တာလဲ၊ အဖေ့ကို ဒီလိုပဲ ရိုင်းရိုင်းပြပြပြောရသလား၊ သမီး ငရဲကြီးလိမ့်မယ်"

ဟုပြောလိုက်၏။

ထိုအခါ ပန်းဝါက နှုတ်ခမ်းကိုတွန့်၍

"ဆုရထားတဲ့ ရွှေကလပ်ကို မျိုးမသန့်တဲ့သူတောင်း စားမက ကိုင်လို့ ကြက်သရေယုတ်သွားပြီဆိုပြီး ငါ့ပါးကို ဖြန်းခနဲ ရိုက်ခဲ့တာ မှတ်မိသလား၊ ကိုယ့်ထက်အသက်ကြီး

တဲ့သူကို ပါးရိုက်တာ ငရဲမကြီးဘူးလား''

ဟုပြောလိုက်ရာ မိုးအောင်သည် မိမိ၏နားကိုပင် မိမိမယုံနိုင်ဘဲ စိတ်ဖောက်ပြန်ပြီး ကြားချင်ရာ ကြားနေသလောဟု ထင်မြင်မိလေ၏။ မိုးအောင်သည် သမီးဖြစ်သူကို နားမလည်ဟန်ဖြင့် ကြည့်၍

''မင်းဘယ်သူလဲ၊ ငါ့သမီးရဲ့ကိုယ်ထဲကို ပူးကပ်ပြီးပြောနေတာ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်က ပါးရိုက်ခဲ့တဲ့သူတောင်းစားမမဟုတ်လား။ နင် ငါ့သမီးကိုယ်ထဲက အခုထွက်စမ်း''

ဟုအော်ဟစ်ပြောဆိုလိုက်ရာ ပန်းဝါက မိုးအောင်ကို မခိုးမခန့်ကြည့်၍

''ငါ့ကိုယ်ထဲမှာ ဘယ်သူမှ ဝင်မပူးဘူး၊ ငါဟာ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်က သူတောင်းစားမပဲ၊ သူတောင်းစားမကို နင်သမီးလို့ယူဆပြီး ရူးသွပ်နေတာ နင်ပဲ''

ဟုပြောလိုက်၏။ မိုးအောင်က ခေါင်းခါယမ်း၍

''သမီး ဘာတွေပြောနေတာလဲ၊ မဖြစ်နိုင်ဘူး၊ မဖြစ်

နိုင်ဘူး၊ ငါ့ဦးနှောက်တွေ ဘာဖြစ်ကုန်ပြီလဲ''

ဟုအော်ဟစ်လိုက်လေ၏။ ထိုအခါ သမီးဖြစ်သူက မိုးအောင်ကို မခိုးမခန့်ကြည့်၍

''ငါ နင့်ကို မလိမ်ချင်တော့ဘူး၊ နင်က ငါ့ရဲ့မောင်လေးပဲ၊ ဒါကြောင့် နင့်ကိုမောင်လေးလို့ပဲခေါ်တော့မယ်၊ နင့်ထက်ငါ အသက်ကြီးတယ်၊ ငါ့အသက် (၃၅)နှစ်ရှိပြီ''

ဟုပြောလိုက်၏။

မိုးအောင်သည် သမီးဖြစ်သူ၏စကားကြောင့် မိမိကိုယ်မိမိရူးသွပ်နေပြီဟု ယူဆလိုက်၏။

ပြီးနောက် ခေါင်းခါယမ်းကာ

''ငါ့ဦးနှောက်တွေ မကောင်းတော့ဘူးထင်တယ်၊ ငါဘာတွေဖြစ်ပြီး ဘာတွေကြားနေတာလဲ၊ သမီးဟာ ဘာဖြစ်လို့ လွန်ခဲ့တဲ့ အနှစ်(၂၀)က လူဖြစ်သွားရတာလဲ၊ ငါရူးနေပြီ ထင်တယ်''

ဟုပြောလိုက်ရာ သမီးလေး ပန်းဝါက မခိုးမခန့်ရယ်၍

"နင်မရှုးပါဘူး၊ နင့်ဦးနှောက်တွေလဲကောင်းပါ
ငါ့ကိုယ်ထဲမှာလဲ ဘယ်သူတောင်းစားမကမှ ဝင်မပူးပါ
ငါက သူတောင်းစားမ အစစ်ပါ၊ လွန်ခဲ့တဲ့အနှစ်(၂၀)က
ကိုယ်တိုင် မုံ့းမသန့်ဘူးလို့ စွပ်စွဲခဲ့တဲ့သူတောင်းစား
တကယ်တော့ ငါဟာ မကြီးထွားနိုင်တဲ့ရောဂါရှိတဲ့ လူ
ယောက်ပါ၊ ငါ့ရဲ့အရပ်အမောင်းနဲ့ အသက်အရွယ်ဟာ
တော့မှမကြီးနိုင်တော့ဘူး၊ ငါငယ်စဉ်က ဆေးရုံမှာစစ်
ကြည့်တော့ ငါ့မှာ မကြီးထွားနိုင်တဲ့ရောဂါရှိတာ သိခဲ့ရတ
ခန္ဓာကိုယ်ဖွံ့ဖြိုးမှုဟာ အသက်အရွယ်တစ်ခုမှာ ရပ်တန့်သွ
တယ်၊ ကိုယ်ခန္ဓာကြီးထွားမှု ရပ်သွားပေမဲ့ ကံကောင်းတာ
ငါ့ရဲ့အသိဉာဏ်ကတော့ သာမန်အတိုင်းကောင်းမွန်တ
ဘိလပ်ပြန်ကုလားဆရာဝန်ကြီးတစ်ယောက်က ငါ့ရဲ့ရောဂ
ဖော်ထုတ်နိုင်ခဲ့တယ်၊ ငါဟာ ဖလိုရိုက်လွန်ကဲတဲ့ ရောဂါဖြစ်
တယ်တဲ့၊ အာရှတိုက်မှာ ဖလိုရိုက်ဓာတ်သင့်တဲ့ ရောဂါခံစား
ရသူဟာလက်ဆယ်ချောင်းမပြည့်ဘူးတဲ့၊ ဘိလပ်ပြန်ဆရာ

ကြီးက ငါ့ကို အိန္ဒိယကိုပို့ပြီး လေ့လာချင်တယ်လို့ပြောတယ်၊ အမိမြန်မာပြည်က မခွာနိုင်တဲ့ငါက ဆရာဝန်ကြီးနဲ့ဘယ်တော့မှ သွားမတွေ့တော့ဘူး၊ ဘာပဲဖြစ်ဖြစ် မင်းတို့မိသားစုမှာနေခွင့် ရလို့ ငါကံကောင်းပါတယ်"

ဟုပြောလိုက်ရာ မိုးအောင်သည် သမီးဖြစ်သူကို မယုံနိုင် ဟန်ဖြင့်ကြည့်၍

"နင် တကယ်ပြောနေတာလား၊ ငါ့ကိုလိမ်ညာနေတာ မဟုတ်ပါဘူးနော်"

ဟုပြောလိုက်ရာ ပန်းဝါက ခေါင်းခါယမ်း၍

"လိမ်ညာစရာအကြောင်းမရှိပါဘူး၊ ဒီနေ့ ငါ့အသက် (၃၅)နှစ်ရှိနေပြီ၊ နင်နဲ့ငါဟာ အဖေတူ အမေကွဲ မောင်နှမပဲ၊ အဖေဟာ ပိုက်ဆံချမ်းသာတဲ့ နင့်အမေအပေါ်မှာ ကောင်း သလောက် ငါ့အမေပေါ်မှာ ရက်စက်ခဲ့တယ်၊ အဖေက မြေ တိုင်းအင်စပက်တော်ဘဝနဲ့ တောမြို့လေးကိုရောက်လာပြီး ငါ့ အမေကို ရယူခဲ့တယ်၊ ငါ့ကိုမွေးပြီးတော့ သားအမိနှစ်ယောက်

ကို ပစ်ထားပြီး ရက်ရက်စက်စက်ကျောခိုင်းထွက်သွားတယ်၊ အမေဟာ နင့်အမေကိုရှာဖို့ ငါ့ကိုလက်ဆွဲပြီး မြို့ကထွက်လာခဲ့တယ်၊ အဲဒီတုန်းက ငါတို့သားအမိ သိပ်ပြီး ပင်ပန်းဆင်းရဲခဲ့ကြတယ်၊ နောက်တော့ နင့်အဖေဟာ ဒီမြို့မှာ သူဌေးသမီးဖြစ်တဲ့ နင့်အမေကိုယူပြီး အမေနဲ့ငါ့ကို ပစ်ထားခဲ့တာကို သိရတယ်၊ အမေဟာ အဖေ့ကို တောင်းပန်ခယခဲ့ပေမဲ့ နင့်အမေကတော့ ပိုက်ဆံရှိတဲ့ နင့်အမေကို မစွန့်လွှတ်နိုင်ဘူးလေ၊ ငါတို့ သားအမိကို ရက်ရက်စက်စက်မောင်းထုတ်ခဲ့တယ်၊ အဲဒီတုန်းက နင်တို့မိသားစု ပျော်ရွှင်နေတာကိုကြည့်ပြီး ငါတို့သားအမိ ငိုခဲ့ရတယ်၊ အမေဟာ အဖေ့စိတ်ကြောင့် ဆုံးပါးသွားခဲ့တယ်၊ ငါလဲ ကြည့်ရှုစောင့်ရှောက်မဲ့သူမရှိလို့ နောက်ဆုံးသူတောင်းစားဘဝကိုရောက်ခဲ့တယ်၊ ဒါတွေအားလုံးဟာ နင့်အဖေကြောင့်ပဲ၊ အမေ့အတွက်နဲ့ နင့်အဖေကို စိတ်နာကြည်းတယ်၊ အဲဒီ တုန်းက ငါတို့သားအမိကို ရိုက်နှက်ပြီး ဆုံးမခဲ့တာ ငါ မျက်လုံးထဲက မထွက်ဘူး၊ နင်တို့မိသားစု ပျော်နေတာကို

ငါအမြဲချောင်းကြည့်ပြီး ငိုခဲ့ရတယ်"

ဟုပြောရင်း သူမ၏စကားကို ခဏရပ်လေ၏။ မိုးအောင်သည် ပြူးဝိုင်းသော မျက်လုံးများဖြင့် ပန်းဝါကိုကြည့်ရှုနေ၏။ ပန်းဝါက ဆက်လက်၍

"နင်ကျောင်းတက်နေတာကို ငါခဏခဏချောင်းကြည့်ပြီး ငါလဲ ကျောင်းတက်ခွင့်ရရင် ဘယ်လောက်ကောင်းမလဲလို့ စိတ်ကူးယဉ်ခဲ့တယ်၊ လွန်ခဲ့တဲ့ နှစ်(၂၀) ဆရာဦးဘဖြူကျောင်းမှာ ပညာရည် ချွန်ဆုပေးပွဲနေ့က နင်ရတဲ့ ရွှေကလပ်လေးကို ငါတယုတယနဲ့ကိုင်တွယ်ကြည့်နေတုန်း နင်ရောက်လာပြီး ရိုင်းပြတဲ့စကားတွေနဲ့စော်ကားတယ်၊ မတူမတန်သလိုဆက်ဆံပြီး ငါ့ပါးကို ရိုက်ခဲ့တယ်၊ နင်နဲ့ငါ အမျိုးတော်တယ်လို့ငါဘယ်တော့မှ မပြောဘူးလို့ ဆုံးဖြတ်ထားတယ်၊ ဒါပေမဲ့ အဲဒီနေ့က နင်ငါ့ကို မျိုးမသန့်တဲ့သူတောင်းစားလို့ စော်ကားလိုက်တဲ့အတွက် နင်နဲ့ငါ အမျိုးတော်ကြောင်း ဖွင့်ပြောလိုက်မိတယ်၊ အဲဒီတုန်းက နင် ပက်ပက်စက်စက်ပြောပြီး ငါ့ပါးကို

ရိုက်ခဲ့တယ်၊ ငါလို သူတောင်းစားမနဲ့ ကမ္ဘာပြုသွားရင်တောင် အမျိုးမတော်ဘူးလို့ ပြောခဲ့တယ်၊ ငါကလဲ နင့်ကိုနာကြည်း လွန်းလို့ သူတောင်းစားမနဲ့ ကမ္ဘာမပြုခင် အမျိုးတော်စေရမယ် လို့ ကြုံးဝါးခဲ့တယ်၊ အခုတော့ နင်သိပြီမဟုတ်လား''

ဟုပြောလိုက်ရာ မိုးအောင်သည် ပန်းဝါကို မယုံနိုင်ဟန် ဖြင့် ကြည့်ရှုနေလေ၏။ ပန်းဝါက ဆက်၍

''ငါ့ဘဝက နာကြည်းကြေကွဲစရာကောင်းတယ်၊ နင့်အမေ မောင်းထုတ်လိုက်တဲ့အချိန်ကစပြီး ငါတို့သားအမိ ငတ်တစ်လှည့် ပြတ်တစ်လှည့် စားသောက်ခဲ့ရတယ်၊ နင့်အဖေရဲ့ ရက်စက်မှု ကြောင့် အမေသေဆုံးသွားပြီးတဲ့နောက် ငါ့ရဲ့ မကြီးထွားနိုင်တဲ့ ဘဝကို သိတဲ့လူတွေက ခွေးတစ်ကောင်လို နှိမ့်ချဆက်ဆံတယ် ငါဟာ အမှိုက်ပုံနံဘေးမှာ ကြီးပြင်းခဲ့ရတယ်၊ နောက်တော့ ကြင်နာတတ်တဲ့မိသားစုက ငါ့အကြောင်းကိုမသိဘဲ မွေးစားဖို့ခေါ် သွားတယ်၊ နောက်တော့ ငါ့ရောဂါအကြောင်း သိသွားတဲ့အခါ သူတို့နဲ့ဆက်ပြီးနေလို့မရတော့ဘူး၊ ငါ့ကို အကြောင်းမသိဘဲ

မွေးစားခဲ့တဲ့ မိသားစုတွေရှိတယ်၊ ဒါပေမယ့် ငါ့ရောဂါအကြောင်း သိတဲ့အခါ ဘယ်သူမှ ငါ့ကိုမလိုလားတော့ဘူး၊ ငါအိမ်မှာရှိနေတာ မကောင်းဆိုးဝါးတစ်ကောင်ရှိနေသလိုပဲ၊ ဒီလိုနဲ့ ငါဟာ ငါ့ကို မွေးစားတဲ့မိသားစုက ပစ္စည်းတွေကို ရသလောက် ခိုးယူထား ခဲ့တယ်၊ ငါ့ဘဝဟာ နင့်အဖေကြောင့် သူတောင်းစားဘဝနဲ့နေ ခဲ့ဖူးတယ်၊ ဒါကြောင့် ပိုက်ဆံကိုရသလောက် စုဆောင်းတတ် လာတယ်၊ ဒီလိုနဲ့ ငါဟာ အကျင့်စာရိတ္တမကောင်းတဲ့ လူတစ် ယောက်ဖြစ်ခဲ့တယ်၊ နင် ငါ့စကားကို နားလည်တယ်မဟုတ်လား''

ဟုဆိုလိုက်ရာ မိုးအောင်သည် ပန်းဝါကို ဒေါသတကြီး ကြည့်၍

''နင်ဟာ မကောင်းဆိုးဝါးမပဲ၊ ယုတ်မာပက်စက်တဲ့ လူပဲ''

ဟုပြောလေ၏။

ထိုအခါ ပန်းဝါက မျက်မှောင်ကြုတ်၍

''ဘာပဲဖြစ်ဖြစ် နင့်အမေရဲ့နေရာက ငါဝင်ပြီးခံစား

ကြည့်တော့ နင်တို့ဘဝက ပျော်ရွှင်ကြည်နူးနေပြီး၊ ငါတို့မိသားစုရဲ့ဘဝက ငရဲလိုခံစားနေရတယ်၊ အမေဟာ နင့်အမေကြောင့် သေဆုံးခဲ့ရတာပဲ''

ဟုပြောလေရာ မိုးအောင်က လက်သီးဆုပ်၍

''နင်ဘာကြောင့် ငါတို့မိသားစုမှာရှိနေတာလဲ''

ဟုမေးမြန်းလိုက်၏။

''နင်ငါ့ကို မုန်းတီးနာကြည်းလို့ ဒုက္ခပေးရင် ရနိုင်တာပဲ၊ ငါဘာရည်ရွယ်ချက်နဲ့ ရောက်လာတာလဲ''

ဟုမေးမြန်းလိုက်ရာ ပန်းဝါက လက်သီးဆုပ်၍

''လောကကြီးမှာ အမှားလုပ်မိတယ်ဆိုတဲ့ ခံစားမှုမျိုးကို ရစေချင်လို့ပဲ''

ဟုပြောလိုက်ရာ ပန်းဝါသည် မိုးအောင်ကိုကြည့်၍ တဟား ဟားရယ်မောကာ

''ငါ့ကိုမိဘမဲ့ဂေဟာကနေ စာချုပ်စာတမ်းနဲ့မွေးဖို့ကြိုးစားခဲ့တာ နင်တို့ရဲ့အမှားပဲ၊ ဟဲဟဲ… နင်ဟာ ကံဆိုးစွာနဲ့ပဲ

လူအုပ်ထဲမှာရှိနေတဲ့ ကလေးတွေကြားမှာ ငါ့ကိုရွေးခေါ်ခဲ့တယ်၊ ဒါဟာ နင်တို့မိသားစု ကံဆိုးမိုးမှောင်ကျတာပဲ''

ဟုပြောလိုက်လေ၏။ မိုးအောင်သည် ပန်းဝါကို ဒေါသတကြီးကြည့်၍

''ငါ့သူငယ်ချင်းတွေကို သတ်တာနင်ပဲမဟုတ်လား''

ဟုမေးမြန်းလိုက်ရာ ပန်းဝါက သဘောကျဟန်ဖြင့် ရယ်မော၍

''ဟုတ်တယ်၊ လွန်ခဲ့တဲ့နှစ် ၂၀ လောက်က ပညာရည်ချွန်ဆုပေးပွဲမှာ ဆုယူခဲ့တဲ့လူအားလုံးကို ငါမုန်းတယ်၊ သူတို့အားလုံး ငါ့ကိုဝိုင်းပြီးလှောင်ပြောင်သရော်ခဲ့တယ်၊ အဲဒီနေ့က ငါ့ပါးကို ရက်ရက်စက်စက်အရိုက်ခံရတဲ့နေ့ပဲ၊ ငါသူတို့ကို သတ်ခဲ့တာဟာ မုန်းတီးလို့မဟုတ်ပါဘူး၊ နင် သူငယ်ချင်းတွေကို သတ်ဖြတ်သူအဖြစ် စွပ်စွဲခံရပြီး နင့်ရဲ့စိတ်တွေကယောင်ချောက်ချားစေချင်လို့ပဲ''

ဟုပြောလိုက်ရာ မိုးအောင်က အံကိုကြိတ်၍

"ငါ့ရဲ့မှတ်ဉာဏ်တွေ ဘာလို့မကောင်းတော့တာလဲ"

ဟုမေးမြန်းလိုက်၏။ ပန်းဝါက ရယ်မော၍

"ငါ အိမ်မှာနေတုန်းက သာကူတို့ ပေါင်မုန့်အုန်းနို့ဆမ်းတို့ လုပ်တာမှတ်မိတယ်မဟုတ်လား၊ အဲဒီမုန့်တွေထဲမှာ ဆေးထည့်ပြီး တိုက်ခဲ့တာပဲ၊ ငါ့ကို တစ်ခါတုန်းက မွေးစားတဲ့လူက စိတ်ရောဂါ ဆရာဝန်ကြီးပဲ၊ သူ့ဆီမှာ နင့်ရဲ့မှတ်ဉာဏ်တွေကို ကောင်းကောင်းဒုက္ခပေးနိုင်တဲ့ဆေးကိုရတယ်၊ ဒါကြောင့် နင့်ရဲ့အသိဉာဏ်တွေ ကပေါက်ထိကပေါက်ချာဖြစ်နေတာပဲ၊ ငါ့ရဲ့အကြံမပိုင်ဘူးလား၊ လူသုံးယောက်ကိုသတ်ပြီတော့ နင့်ကို တစ်နေ့နေ့မှာ ဒုက္ခရောက်စေချင်တဲ့အတွက် ကျောင်းက အဝါရောင်ကတ်တွေကိုခိုးပြီး လိပ်ပြာရုပ်တွေရေးဆွဲခဲ့တယ်၊ ပြီးတော့ သေသူတွေရဲ့အနီးမှာ ချထားခဲ့တယ်၊ လူသတ်မှုကျူးလွန်တဲ့ အချိန်တွေကိုလဲ နင့်ရဲ့အားလပ်ချိန်တွေမှာရွေးပြီး လုပ်ခဲ့တယ်၊ ဒါမှ နင်ဟာ ဆေးတွေကြောင့်ပြီး လူသတ်မှုတွေကို ကိုယ်တိုင်ကျူးလွန်တယ်လို့ထင်မယ်၊ ပုလိပ်အဖွဲ့ကလဲ

နင့် အပေါ်ကို သံသယဝင်လာလိမ့်မယ်၊ အင်စပက်တော်လှမိုး ကို လိပ်ပြာပုံရေးထားတဲ့ အဝါရောင်ကတ်တွေကို ပြသခဲ့ တယ်၊ နင့်ကိုယ်နင် ဇဝေဇဝါဖြစ်ပြီး လူသတ်မှုတွေကို ကိုယ်တိုင်ကျူးလွန်တယ်လို့ ထင်နေခဲ့တယ်၊ နင့်စိတ်တွေ ချောက်ချားနေတာ...ဝေယောင်ကတတမ်းဖြစ်နေတာကြည့်ပြီး ငါဝမ်းသာလို့မဆုံးဘူး"

ဟုပြောလိုက်ရာ မိုးအောင်က ဒေါသတကြီးဖြင့်

"နင်ဟာ အတော်ယုတ်မာကောက်ကျစ်တဲ့မိန်းမ ပါလား"

ဟုကြိမ်းမောင်းလိုက်၏။ ပန်းဝါက မထီလေးစား ကြည့်၍

"လောကမှာ ဘယ်တော့မှ ခေါင်းငုံ့နေလို့မရဘူး၊ ခေါင်း ငုံ့နေရင် ပိုပိုငုံ့ရပြီး မြေကြီးနဲ့ခေါင်း ဆောင့်သွားလိမ့်မယ်၊ ရင်ကွဲ ဆောင်ပေါ်ကို ဆရာမလေးနဲ့သွားတဲ့ကိစ္စကို နင်အခုထိ စဉ်းစား လို့မရသေးဘူး မဟုတ်လား၊ ဆရာမလေး မနှင်းဖြူဟာ ငါ့ရဲ့ ကိုယ်ခန္ဓာကြီးထွားမှုကို သံသယဖြစ်ပြီး နင့်မိန်းမကို ဆရာဝန်

နဲ့စစ်ဆေးကြည့်ဖို့ အကြံပြုတယ်၊ နင့်မိန်းမကလဲ သူ့စကား
နားယောင်တယ်၊ ဒါကြောင့် သူ့ကို အငြိုးတကြီးနဲ့ စောင့်နေ
တယ်၊ နောက်တော့ မနှင်းဖြူဟာ လိပ်ပြာဝါသနာရှင်မှန်းသိတော့
ရင်ကွဲတောင်ပေါ်မှာ လိပ်ပြာတွေအများကြီးရှိတယ်၊ နင့်ကို
အကူအညီတောင်းပြီး ရင်ကွဲတောင်ကို သွားဖို့ စည်းရုံးခဲ့တယ်
ရင်ကွဲတောင်ပေါ်ကိုရောက်တော့ တောင်အောက်မှာ စာဖတ်ချင်
ယောင်ဆောင်ပြီး ငါနေရစ်ခဲ့တယ်၊ နောက်တော့ အလစ်မှာ
တောင်ပေါ်ကိုတက်ပြီး ဆရာမ မနှင်းဖြူကို တွန်းချခဲ့တယ်
နင့်ရဲ့ခေါင်းကိုလည်း တိတ်တဆိတ် တုတ်နဲ့ရိုက်ချခဲ့တယ်၊ ငါ့ရဲ့
အကြံပိုင်လွန်းလို့ တစ်မြို့လုံးကလူတွေဟာ နင့်ကို သံသယ
ဝင်ကုန်ပြီပေါ့၊ နင်ကိုယ်တိုင်တောင် ရူးသလို ကြောင်သလိုဖြစ်ပြီး
ဆရာမ မနှင်းဖြူကို ကိုယ်တိုင် သတ်တယ်လို့ ထင်မြင်ခဲ့တယ်
မြို့လူထုက နင့်အပေါ်သံသယ ဝင်အောင်လုပ်ခဲ့တယ်၊ ငါ
ကိုယ်တိုင် စတိုခန်းထဲက ဓားမှာ သွေးတွေပေအောင် လုပ်ခဲ့တယ်
နင်ဟာ ငါဖန်တီးထားသမျှ သက်သေတွေကိုကြည့်ပြီး

းတစ်ပိုင်းဖြစ်နေတယ်၊ ဒီအတွက် ငါအများကြီး ကျေနပ်
မြောက်တယ်၊ အိမ်မှာ နင့်ကိုအရူးတစ်ပိုင်းဖြစ်အောင် ငါ
ခဲ့တယ်၊ ဘိုမရုပ်လေးရဲ့ လည်တိုင်ကို ငါကိုယ်တိုင် ဓားနဲ့ထိုး
က်ပြီး နင်လုပ်တယ်လို့ သတင်းလွှင့်ခဲ့တယ်၊ နင်ကိုယ်တိုင်
ောင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မရှိတော့သလို ဖြစ်သွားတယ်၊
သူငယ်ချင်းတွေ ငါသတ်ရတာလွယ်ပါတယ်၊ သူတို့ဟာ
ကိုကလေးတစ်ယောက်လို့ ထင်ပြီး အလွယ်တကူအသတ်ခံသွား
ယ်၊ ဆရာမလေးကိုလဲ တောင်ပေါ်က အသာလေးတွန်းချနိုင်ခဲ့
ယ်”

ဟုပြောလေရာ မိုးအောင်သည် သူ၏ခေါင်းကို
ဖြင့် နှိပ်၍ မျက်လုံးစုံမှိတ်လိုက်လေ၏။ သူ့ဘဝတစ်ခုလုံး
စီဖြစ်အောင် သူတောင်းစားမလေးက ပြုလုပ်လိုက်ချေပြီ။
ကို လူသတ်မှုတရားခံအဖြစ် ကြိုးစင်တက်စေရန် ပိပိရိရိ
စည်ကျူးလွန်ခြင်းဖြစ်၏။

မိုးအောင်သည် သူတောင်းစားမလေးကို သမီးအရင်း
ကဲသို့ ချစ်ခင်ခဲ့ပုံကို ပြန်လည်မြင်ယောင်လာ၏။

ထို့ပြင် မိမိကို လူသတ်မှုတရားခံအဖြစ် လက်ညှိုး
ငေါက်ငေါက်ထိုး၍ စွပ်စွဲသော အင်စပက်တာလှမိုး၏ စကား
များကို ပြန်လည်ကြားယောင်လေ၏။

မိုးအောင်သည် ပန်းဝါကို မိမိချစ်ခင်မြတ်နိုးရသော
သမီးအဖြစ် သဘောမထားနိုင်တော့ဘဲ

"လူယုတ်မာမ၊ ငါ့ကိုဒုက္ခပေးဖို့ လိုက်နေတဲ့အရူး

ဘယ်သူလဲ"

ဟုမေးမြန်းလိုက်၏။

ပန်းဝါက မျက်မှောင်ကြုတ်၍

"အရူးက ငါနဲ့မဆိုင်ဘူး၊ ရင်ကွဲတောင်ပေါ်မှာ ဆရာမ
ကို တောင်ပေါ်ကတွန်းချတာ သူတွေ့သွားခဲ့တယ်၊ အရူးက
ဘယ်ကကောင်လဲဆိုတာ ငါမသိဘူး၊ ငါသိတာက နင့်ကိုဒုက္ခ
ရောက်ဖို့ပဲ၊ ဟားဟားဟား... နင်မကြာမီ ကြိုးစင်တက်
တော့မယ်၊ ဒါမှမဟုတ် ထောင်ဒဏ်နှစ်ရှည်ကျတော့မယ်"

ဟုပြောလိုက်ရာ မိုးအောင်သည် ပန်းဝါကို ဒေါသ
ကြီး ကြည့်၍

"နင်ဟာ ကျေးဇူးတရားကို မထောက်ထားဘဲ ငါ့ကို
ငြိုးကြီးကြီးနဲ့ တိုက်ခိုက်နေတာပဲ၊ နင် ငါ့ကို ဘာလို့ မသတ်
တာလဲ"

ဟုမေးမြန်းလိုက်လေ၏။ ထိုအခါ ပန်းဝါက ရယ်မော၍

"ငါဘာလို့ ရန်ငြိုးကြီးကြီးနဲ့ တိုက်ခိုက်နေတယ်ဆိုတာ

နားမလည်ဘူးလား၊ ငါ နင့်ကိုမသေစေချင်ဘူး၊ နင့်ဘ
ဖျက်ဆီးပြီး ထောင်ထဲကို ပို့ချင်တာဟဲ့၊ လောကမှာ သေ
ထက် ပိုတဲ့ခံစားချက်တွေရှိတယ်၊ ငါ့ဘဝတစ်လျှောက်
ဆင်းရဲဒုက္ခတွေ ၊ကြည်းကြေကွဲမှုတွေနဲ့ကြုံခဲ့ရတယ်၊ ဒီအ
မှာ နင်ကရွှေဘုံပေါ်မှာ စံနေရတယ်၊ လောကကြီးက မတ
ပါဘူး၊ နင့်အမေက လောကစည်းစိမ်ခံစားနေချိန်မှာ ငါ့အ
က အခန်းကျဉ်းလေးမှာ ကြိတ်ပြီးငိုနေရတယ်၊ ဒီအတ
နင့်ကိုငါ လက်စားချေတယ်၊ ရှင်းပြီလား''

ဟုပြောလိုက်ရာ မိုးအောင်သည် စိတ်မထိန်းနိုင်တော့

''လူယုတ်မာမ၊ နင့်ကြောင့် ငါထောင်ထဲဝင်ရမဲ့အ
နင့်ကို လူ့လောကထဲက အပြီးအပိုင် မောင်းထုတ်ပြီးမှ ထော
ထဲကို သွားတော့မယ်''

ဟုဆိုကာ အနီးရှိ ကျောက်တုံးကြီးတစ်တုံးကို ယူ
ပန်းဝါ၏ခေါင်းကိုထုရန် ကြံရွယ်လိုက်၏။

ပန်းဝါက ထိတ်လန့်သောအမူအရာဖြင့်

''အမလေး မလုပ်ပါနဲ့အဖေရယ်၊ သမီးကို မသတ်ပါနဲ့''
ဟု အော်ဟစ်တောင်းပန်လေ၏။

ထိုစဉ် အနီးသို့ မမြတ်လေးရောက်လာပြီး အထိတ်
တလန့်ဖြင့် ပန်းဝါကို ကာဆီးလိုက်ပြီး

''အစ်ကို အစ်ကိုဘာလုပ်တာလဲ၊ ဘာဖြစ်လို့ ကိုယ့်
သမီးကိုပြန်သတ်နေတာလဲ၊ အစ်ကို ရူးသွားပြီလား၊ ကိုယ့်
စိတ်ကို ကိုယ်ထိန်းပါ''

ဟု ပြောလိုက်ရာ မိုးအောင်သည် ခေါင်းကို သွက်သွက်
ခါယမ်း၍

''မင်းဖယ်စမ်း၊ ဒီကောင်မကို ငါသတ်မယ်၊ ဒီကောင်မ
က ငါ့ရန်သူဟဲ့၊ ငါတို့မိသားစုကို အငြိုးကြီးကြီးနဲ့ တိုက်ခိုက်
နေတာ၊ သူက ငါတို့သမီးမဟုတ်ဘူး၊ ငါတို့ငယ်ငယ်က တွေ့
ခဲ့တဲ့ သူတောင်းစားမ၊ သူ ငါတို့မိသားစုကို လက်စားချေဖို့
ရောက်လာတာကွ၊ ဒီကောင်မကို သတ်မယ်''

ဟုကြုံးဝါးလေရာ မမြတ်လေးသည် မိုးအောင်ကို စိတ်

ဖောက်ပြန်ပြီဟု ယူဆကာ

"အစ်ကို စိတ်ကိုထိန်းပါ၊ ဒါရန်သူမဟုတ်ပါဘူး အစ်ကိုသိပ်ချစ်တဲ့ သမီးလေး ပန်းဝါပါ၊ စိတ်ကိုထိန်းပါ အစ်ကို ရယ်"

ဟုပြောပြီး တောင်းပန်လေ၏။ မိုးအောင်သည် မမြတ် လေး၏ အနောက်မှ မိမိကို မထီလေးစားကြည့်နေသောပန်းဝါ ကို ကြည့်၍ ဒေါသတကြီး တက်ခေါက်ကာ

"လူယုတ်မာမ၊ နင့်ကိုငါ အသေသတ်ရမယ်၊ ကျေးဇူး တရားကို နားမလည်တဲ့ကောင်မ၊ ငါ နင့်ကိုသတ်ပြီးမှ ကြိုးစင် ကိုတက်မယ်"

ဟုပြောလိုက်ရာ ပန်းဝါက ကြောက်ရွံ့ဟန်ဖြင့် ငိုယို၍ မမြတ်လေးကို

'မေမေ၊ သမီးကြောက်တယ်၊ ဖေဖေကိုကြောက်တယ်၊ သမီးကို သတ်တော့မယ်"

ဟု ဟန်ဆောင်ပြလေ၏။ မမြတ်လေးသည် မိုးအောင်၏

ရိုင်းပြသော အမူအရာကြောင့် စိတ်မထိန်းနိုင်တော့ဘဲ

"အစ်ကို ဘာဖြစ်လို့ ဒီလောက်ရိုင်းပြနေရတာလဲ၊ အစ်ကို ဒီလောက်သတ်ချင်ဖြတ်ချင်နေရင် ကျွန်မကို အရင် သတ်ပါ၊ ကျွန်မကို သတ်ပြီးမှ သမီးကိုသတ်ပါ၊ အစ်ကို စိတ်တွေ တကယ်ဖောက်ပြန်နေတာပဲ၊ အရင်က သမီးပြော တုန်းက မယုံဘူး၊ အခုမှ ယုံသွားပြီ"

ဟုပြောလေရာ မိုးအောင်သည် မမြတ်လေး၏ စိတ် ထိခိုက် နေဟန်ကိုကြည့်၍ အံကိုကြိတ်ပြီး ကျောက်တုံးကို ပစ်ချလိုက်၏။ သူသည် အခွင့်မသာသေးသဖြင့် ပန်းဝါကို သက်လျှော့ပေးလိုက်ရလေ၏။

ပန်းဝါသည် မမြတ်လေး မမြင်အောင် မထီလေးစား သော အမူအရာဖြင့်ကြည့်နေလေ၏။

မမြတ်လေးသည် ငိုယိုနေသော ပန်းဝါကို ချော့မော့ပြီး တောစပ်မှ အိမ်ရှိရာသို့ ပြန်ခေါ်သွားလေ၏။

မိုးအောင်သည် တောထဲ၌ တစ်ယောက်တည်း စိတ်ဆင်းရဲစွာဖြင့် ကျန်နေခဲ့၏။ သူသည် မွေးစားသမီး ပန်းဝါကို သမီးအရင်းကဲ့သို့ ချစ်ခင်ကြင်နာခဲ့ပုံများကို ပြန်လည်မြင်ယောင်လာ၏။

သူမကို မိဘမဲ့ကျောင်းမှ ခေါ်ဆောင်လာသည့်အချိန်မှစ၍ လင်မယားနှစ်ယောက်စလုံး သမီးအရင်းကဲ့သို့ ချစ်ခင်ကြင်နာရန် ဝန်ခံကတိပြုခဲ့၏။

မိုးအောင်သည် တစ်နှစ်ကျော်ခန့်အချိန်အတွင်း ပန်းဝါကို

သမီးအရင်းကဲ့သို့ သံယောဇဉ်တွယ်လာပုံများကို ပြန်လည်မြင်ယောင်လာ၏။

ပန်းဝါက သာကူ၊ နို့ထမင်း စသည်တို့ပြုလုပ်၍ ကျွေးမွေးသည့်အခါတိုင်း ဝမ်းသာအားရ စားသောက်ခဲ့၏။

ထိုအစားအစာများ၌ ဆေးခတ်၍ မိမိမှတ်ဉာဏ် ချို့ယွင်းအောင်ပြုလုပ်ခဲ့၏။

ထို့ကြောင့်ပင် ဆရာဝန်ကြီးက မိမိ၏သွေးထဲ၌ အဆိပ်ဓာတ်မျိုးသင့်ကြောင်း ပြောဆိုခဲ့ခြင်းဖြစ်၏။

ပန်းဝါသည် ယုတ်မာသောစိတ်ဓာတ်ရှိသူပီပီ ကျေးဇူးတရားကို ထောက်ထားခြင်းမရှိဘဲ မိမိတို့မိသားစုကို ရက်ရက်စက်စက် ဒုက္ခပေးခဲ့၏။

အပြစ်မဲ့သော လူလေးယောက်ကို ရက်ရက်စက်စက် သတ်ပစ်ခဲ့၏။

မိုးအောင် စိတ်ပျက်လက်ပျက် ထိုင်နေစဉ် သူ၏အနောက်မှ အသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ ရင်ကွဲ

တောင်ပေါ်၌ တွေ့ရသော အရူးကိုတွေ့ရသဖြင့် ထိတ်လန့်သွားလေ၏။

မိုးအောင်သည် ရုတ်တရက် ခုန်ထလိုက်သောအခါ အရူးက လက်ကာပြ၍

"ငှက်မသိတော့ ဇရက်ကို ချိုးထင်ဆိုသလိုဖြစ်နေပြီ၊ ကျုပ်က ရင်ကွဲတောင်ကို စောင့်ရတဲ့ နတ်မင်းကြီးလေ၊ နတ်မင်းကြီးဆိုတော့ လူသားတွေ မမြင်ရအောင် ကိုယ်ယောင်ဖျောက်ပြီးနေရတာပေါ့၊ ရင်ကွဲတောင်ပေါ်မှာ မာန်နတ်မင်းရဲ့သမီးလို ရက်စက်ကြမ်းကြုတ်တဲ့ ကောင်မလေးက ဆရာမလေးကို တောင်ပေါ်က တွန်းချတယ်၊ သားတော်ကြီးရဲ့ခေါင်းကိုလည်း တုတ်နဲ့ရိုက်တယ်၊ ဒါကို ကိုယ်တော်ကြီးက သိတော့ သားတော်ကြီးကို မိန့်ကြားဖို့လိုက်ရှာတယ်၊ သားတော်ကြီးက ကိုယ်တော်ကို အထင်မှားပြီး ရန်ပြုခဲ့တယ်၊ အခုတော့ မာန်နတ်သမီးလေး ဘယ်လောက် ဆိုးဝါးတယ် ဆိုတာသိပြီး ရောပေါ့၊ ကိုယ်တော်ကြီးလည်း ဘာမှမတတ်နိုင်ဘူး၊ ကိုယ်တော်

ပြေးတော့မယ်"

ဟုဆိုကာ မိုးအောင်အနီးမှ ပြေးထွက်သွားလေ၏။ မိုးအောင်သည် ထိုအခါမှပင် မိမိအနောက်သို့ တကောက်ကောက်လိုက်နေသော အရူး၏ သဘောထားကို သိလိုက်ရ၏။

မိုးအောင်သည် တောထဲ၌တစ်ကိုယ်တည်း ကြာမြင့်စွာနေပြီးမှ အိမ်သို့ပြန်ခဲ့၏

မိန်းမယုတ်က မမြတ်လေးကို ရန်ပြုမှာစိုးရိမ်နေလေ၏။

ထိုနေ့ညနေစောင်းသောအခါ မမြတ်လေးက မိုးအောင်ကို မဝံ့မရဲကြည့်၍

"အစ်ကိုစိတ်တွေ အေးချမ်းသွားပြီမဟုတ်လား၊ ကျွန်မတို့ အေးချမ်းတဲ့ တစ်နေရာကိုသွားရအောင်နော်"

ဟုဆိုကာ အိမ်နှင့်မလှမ်းမကမ်း၌ရှိသော စမ်းချောင်းကလေးသို့ ထွက်ခဲ့လေ၏။ မပန်းဝါက စမ်းချောင်းအနီးရှိ ကျောက်တုံး၌ ထိုင်လိုက်ပြီး

"ကျွန်မအစ်ကို့ကို အချိန်တိုင်းပဲ သတိထားကြည့်

နေတယ်၊ အစ်ကိုစိတ်တွေမူမမှန်တာတွေ့တော့ ကျွန်မ သိပ်ခံစားရတာပဲ။ အစ်ကိုဘာတွေပဲဖြစ်ဖြစ်၊ သူများတွေက အစ်ကို့ကို ဘယ်လိုပဲသဘောထားထား အစ်ကို့ကိုကျွန်မချစ်နေမှာပဲ။ အစ်ကိုယုံရဲ့လားဟင်"

ဟုမေးမြန်းလိုက်ရာ မိုးအောင်က သက်ပြင်းချ၍

"ကိုယ်ယုံပါတယ်ကွာ၊ မင်းကိုလည်း ကိုယ်သိပ်ချစ်ပါတယ်"

ဟုတီးတိုးပြောလိုက်၏။

"အစ်ကို့စိတ်တွေ ဘာတွေဖြစ်နေသလဲ။ ဘယ်လိုခံစားနေရသလဲ၊ အစ်ကိုစိတ်တွေ ဖောက်ပြန်နေတယ်လို့ ကျွန်မ လုံးဝ မယုံဘူး"

ဟုပြောလိုက်ရာ မိုးအောင်က မမြတ်လေးလက်ကို ဆုပ်ကိုင်၍

"ကိုယ့်စိတ်တွေ ဘာမှမဖြစ်ပါဘူး၊ ကိုယ့်စိတ်တွေ ဖောက်ပြန်အောင် ဟိုကောင်မလုပ်ထားတာပါ။ သူကိုယ်ကို

စိတ်ဖောက်ပြန်စေတဲ့ ဆေးတွေတိုက်ထားတယ်။ သူလုပ်တဲ့ ခုနံ့တွေကို ကိုယ် မကြာခဏစားဖူးတယ်။ ဒါကြောင့် ကိုယ် မှတ်ဉာဏ်တွေ ချို့ယွင်းရတာပါ။ သူဟာ ကိုယ်တို့မိသားစုကို လက်စားချေဖို့ ရောက်လာတဲ့ မိစ္ဆာမပါ''

ဒေါသတကြီးပြောလိုက်၏။ မမြတ်လေးသည် မိုးအောင် ကို စိတ်ပြောင်းလဲသွားပြီဟု ယူဆလိုက်ပြန်ပြီး

''ဘယ်လိုဖြစ်သွားတာလဲ အစ်ကိုရယ်၊ အစ်ကို့ကို ရန်ကုန်မှာ ဆေးကုဖို့လိုနေပြီ''

ဟု မချိတင်ကဲ ပြောလိုက်၏။ မိုးအောင်သည် ဇနီးဖြစ်သူကို မချင့်မရဲကြည့်၍

''မင်း ကိုယ့်ကိုမယုံတာ ကိုယ်ဘာမှမတတ်နိုင်ဘူး။ ဒီတော့ မင်းကို အရေးကြီးဆုံးစကားတွေ ပြောစရာရှိတယ်၊ လောကကြီးမှာ ကိုယ်မရှိတော့ရင် ဒါမှမဟုတ် နှစ်ရှည်ထောင် ကျသွားရင် မင်းဒီမြို့မှာ မနေပါနဲ့ မင်းအမျိုးတွေရှိတဲ့ ရှမ်း ပြည်ကို လိုက်သွားပါ၊ ဖြစ်နိုင်ရင် မိစ္ဆာမကို ငါ့တို့သမီး

ဖြစ်က စွန့်လွှတ်၊ သူကမင်းကို ရန်ပြုလိမ့်မယ်''

ဟုပြောလိုက်ရာ မမြတ်လေးသည်မိုးအောင်ကို ကရုဏာ သက်စွာကြည့်၍

''စိတ်ကောင်းကောင်းထားပါ အစ်ကိုရယ် ပန်းဝါက ကလေးပဲရှိသေးတာပဲ၊ ကျွန်မတို့ကို ဘာအန္တရာယ်ပေးလို့ ရမှာလဲ။ သူဟာ ကျွန်မတို့ မွေးစားထားတဲ့ သမီးလေးလေ၊ အစ်ကိုအရမ်းချစ်တဲ့ သမီးလေးလေ''

ဟုပြောလိုက်ရာ မိုးအောင်က မမြတ်လေးကို ကြည့်၍ ခေါင်းခါယမ်းကာ

''သူဟာ မိစ္ဆာမဆိုတာ မင်းလက်မခံတာ ခက်တယ်၊ သူဟာ ငါ့တို့ကို ဒုက္ခပေးဖို့ ရောက်လာတာ သူဟာငါ့ရဲ့ အဖေတူအမေကွဲ တစ်ယောက်ပဲ။ သူ့အသက်က ၃၅နှစ်ရှိပြီး ငါ့ထက် ၅နှစ်ကြီးတယ်''

ဟုပြောလိုက်ရာ မမြတ်လေးသည် မိုးအောင်စိတ် ဖောက်ပြန်ဟု ယူဆကာ မျက်ရည်များကျလာသည်။

မိုးအောင်က မမြတ်လေးကိုကြည့်၍ ခေါင်းခါ ယမ်း

လိုက်ပြီး

"ငါ့စကားကို မယုံတဲ့အတွက် မင်းဒုက္ခရောက်မှာ ငါသိ တယ်၊ ဒါကြောင့် ငါ့ဘဝမှာ ဘာလုပ်ရမယ်ဆိုတာ တိတိကျကျ ဆုံးဖြတ်လိုက်ပြီ၊ မင်းအတွက် ငါ့ဘဝကို ပေးဆပ်မှဖြစ်မယ် ဒါ့ဆိုမင်းအတွက် ငါစိတ်ချသွားပြီ"

ဟုပြောလိုက်ရာ မမြတ်လေးသည် မိုးအောင်၏ မျက်နှာ ကို နားမလည်ဟန်ဖြင့် ငေးကြည့်နေလေ၏။မိုးအောင်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်၍

"ပေးဆပ်ရမယ် ပေးဆပ်ရမယ်"

ဟုရေရွတ်နေလေတော့၏။

မိုးအောင်သည် မိစ္ဆာမပန်းဝါကို အမြန်ဆုံးသုတ်သင် ရှင်းလင်းရန် ဆုံးဖြတ်လိုက်၏။ မိစ္ဆာမသည် ဤမြို့၌ လူအပြစ် မဲ့ လူလေးယောက်တိတိ သတ်ဖြတ်ပြီးလေ၏။ တစ်နေ့တွင် မိမိ၏ ချစ်ဇနီး မမြတ်လေး၏ အသက်အန္တရာယ်ကို ရန်ပြုမှာ စိုးရွံ့၏။ ပန်းဝါသည် အိမ်၌နေထိုင်စဉ် မမြတ်လေး၏ အရှေ့ ၌ အပြစ်မဲ့ကလေး တစ်ယောက်ကဲ့သို့ ဟန်ဆောင်၍ နေလေ ၏။ မမြတ်လေးနောက်ကွယ်သို့ ရောက်သော အခါ မိုးအောင် ကို မခိုးမခန့်ကြည့်၍

"ဟင်းဟင်း နင်ဘာတတ်နိုင်သေးသလဲ၊ နင့်စကား ဘယ်သူမှ မယုံကြဘူး။ နင့်ကို နင့်မိန်းမကတောင် အရူး ထင်နေပြီ"

ဟုပြောလိုက်ရာမိုးအောင်က ပန်းဝါကို မည့်သည့်စကား မျှမဆိုဘဲ အံကြိတ်၍သာ နေလိုက်၏။မိုးအောင်သည် အခွင့်သာ သောနေ့တစ်နေ့၌ ပန်းဝါကို ရှင်းပစ်ရန် ဆုံးဖြတ်လိုက်၏။

တစ်နေ့တွင် မပန်းဝါ၏ မွေးနေ့ကျရောက်သဖြင့် မြို့ ပေါ်ရှိ ဘုန်းကြီးကျောင်းသို့ မမြတ်လေးကိုယ်တိုင် ဆွမ်းချိုင့် သွားပို့လေ၏။ မိုးအောင်သည် ထိုနေ့ကို အခွင့်အရေးဟု ယူဆကာ ပန်းဝါအား

"လိုက်ခဲ့ နင်နဲ့ငါနဲ့ ရှင်းစရာရှိတယ်"

ဟုပြောလိုက်ရာ ပန်းဝါက မိုးအောင်ကို မယုံသင်္ကာဖြင့် ဟန်ကြည့်၍

"ဘာရှင်းရမှာလဲ၊ နင်နဲ့ရှင်းစရာ ဘာမှမရှိဘူး၊ ငါတစ် ခုခုဖြစ်ရင် နင့်ကိုပုလိပ်တွေ ဖမ်းမှာပဲ ငါ့ကိုထိဖို့ မကြိုးစားနဲ့"

ဟုခြိမ်းခြောက်လိုက်၏။ မိုးအောင်သည် ပန်းဝါကို ခိုးမခန့် ကြည့်၍

"ငါ ဘာကိုမှဂရုမစိုက်တော့ဘူး လောကကြီးမှာ နင် ရှိမှ အေးမယ်၊ ငါ့မိန်းမကိုစိတ်မချဘူး"

ဟုပြောကာ ပန်းဝါအား တောစပ်သို့ ကြမ်းတမ်းစွာ ခေါ်ဆောင်သွားလေ၏။ တောစပ်က လူသူရှင်းသော တော အုပ်သို့ ရောက်သောအခါ ကုတ်အင်္ကျီအတွင်းမှ ရှမ်းဓားမြှောင် ကိုထုတ်၍

"နင်ကိုငါလောကကြီးမှာမထားတော့ဘူး၊ နင့်ကို သတ်ပြီး ငါထောင်ထဲဝင်မယ်"

ပန်းဝါသည် မိုးအောင်ကို ထိတ်လန့်ဟန်ဖြင့်

"ငါကိုမသတ်ပါနဲ့၊ နင်တို့အိမ်က ငါထွက်သွားပါ့ မယ်"

ဟုတောင်းပန်လေ၏။ မိုးအောင်က ခေါင်းခါယမ်း၍

"နင့်စကားကို ဘယ်လိုမှ ငါမယုံတော့ဘူး၊ နင်သေ

သွားမှ စိတ်ချရမယ်''

ဟုပြောလေရာ ပန်းဝါသည် မိုးအောင်၏ လက်ကို ရုတ်တရက် လိုက်ဆွဲပြီး သူ၏လက်မှ လွတ်ပြေးသွားလေ၏။ မိုးအောင်သည် ပန်းဝါကို ဒေါသတကြီးအော်ဟစ်ပြီး လိုက်လံ ဖမ်းဆီးလေ၏။ ပန်းဝါသည် တောတွင်းသို့ ပြေးလွှားရင်း အိမ်နှင့်ဝေးသော အရပ်သို့ ရောက်သောအခါ ဆက်၍ ပြေးရန် လမ်းမရှိတော့ဘဲ လျှိုတစ်ခု၌ ပိတ်မိနေလေ၏။

မိုးအောင်သည် ပန်းဝါကို ဒေါသတကြီးကြည့်၍

''နင်ပြေးလို့မရတော့ဘူး နင့်ကိုငါအသေသတ်ရမယ်''

ဟုကြုံးဝါးလေ၏။ ပန်းဝါသည် လျှို၏ အပေါ်ပိုင်း ကုတ်တက်ပြီး မိုးအောင်လက်မှ လွတ်ရန် ကြိုးပမ်း၏။

လျှို၏ အပေါ်သို့ ရောက်သောအခါ ပန်းဝါက ရယ်မော၍

''နင်ငါကို သတ်တော့မလိုပေါ့ ဟုတ်လား နင်ထက် မလျှင်ရင် နင်အိမ်မှာ ဒုက္ခခံပြီး လာမနေဘူးကွ၊ နင့်မိန်းမပြန် လာရင်သောက်မဲ့ နွားနို့ထဲမှာငါဘာထည့်ထားတယ် ထင် သလဲ၊ နင့်မိန်းမ နွားနို့သောက်ပြီးရင် ကမ္ဘာလောကကြီးထဲက အပြီးအပိုင် ထွက်သွားရလိမ့်မယ်၊ နင့်မိန်းမသေရင် နင်လဲ လူသတ်မှုတွေတသီကြီးနဲ့ ကြိုးစင်တက်ရလိမ့်မယ်။ အခု လောက်ဆို နင့်မိန်းမ ဘုန်းကြီးကျောင်းက ပြန်လာလောက်ရော ပေါ့ သူဒီအချိန်ဆို နွားနို့သောက်နေကျလေ''

ဟုဆိုလိုက်ရာ မိုးအောင်သည် ခေါင်းထဲ၌မိုက်ခနဲ ဖြစ်ကာ ဇနီးဖြစ်သူအတွက် အလွန်စိုးရိမ်ပြီး အိမ်သို့ အပြင်း အထန်ပြေးလွှားသွားလေ၏။

လမ်းခရီး၌ ခလုတ်ကန်သင်းများနှင့် တိုက်မိပြီး အကြိမ် ကြိမ် ပြိုလဲကျလေ၏။ သို့သော် ဇနီးဖြစ်သူ၏အသက် အန္တရာယ်အတွက် တဟုန်ထိုးပြေးလွှားနေမိ၏။

ထိုသို့ပြေးလွှားနေသဖြင့် ရင်တစ်ခုလုံးပေါက်ကွဲမတတ် မောပန်းနေလေ၏။ မိုးအောင်တောစပ်မှ အိမ်ကိုလှမ်း မြင်နေ သော အချိန်၌ မမြတ်လေးသည် သူမအတွက် ပြင်ဆင်ထား

သော နွားနို့ကို သောက်ရန်ပြင်လိုက်၏။

မြတ်လေးသည် နွားနို့ပန်းကန်ကို နှုတ်ခမ်း၌တေ့လိုက်ပြီးမှ နွားနို့၌ချဉ်သိုးသိုး အနံ့ထွက်နေသဖြင့် မသောက်တော့ဘဲ ကြောင်စာခွက်ထဲသို့ ထည့်လိုက်၏။

ထိုအခါ မမြတ်လေး၏ အချစ်တော် ကြောင်ဖြူလေးသည်ပန်းကန်ထဲရှိ နွားနို့များကို လာသောက်၏။

ကြောင်ဖြူလေးသည် နွားနို့သောက်ပြီးခဏအကြာလျှင် ကြမ်းပြင်ပေါ်သို့ လဲကျသွားပြီး ဆန့်ငင်ဆန့်ငင်ဖြစ်လေ၏။ မမြတ်လေးသည် မိမိ၏ အချစ်တော် ကြောင်ဖြူလေး သေဆုံးသွားပုံကိုကြည့်၍ အထိတ်တလန့်အော်ဟစ်ကာ ကြမ်းပြင်ပေါ်သို့ မေ့မြောသွားလေ၏။

ထိုအချိန်၌ မိုးအောင်သည် အိမ်ပေါ်သို့ စိုးရိမ်တကြီး ပြေးတက်လာပြီး

"မမြတ်လေး နွားနို့မသောက်နဲ့ မသောက်ပါနဲ့"

ဟုအော်ဟစ်နေလေ၏။ သို့သော် ဧည့်ခန်းထဲသို့ ရောက်သောအခါ မမြတ်လေး ကြမ်းပြင်ပေါ်၌ မေ့မြောနေပုံကို ကြည့်၍ ကမ္ဘာပြိုမတတ် ခံစားလိုက်ရ၏။ မမြတ်လေး သေဆုံးသွားပြီဟု ယူဆလိုက်မိ၏။

မိုးအောင်သည် ဇနီးသည်အတွက် ရင်ထဲမှာ မချိတင်ကဲ

စိတ်ဖြစ်ပေါ်လာပြီး ပန်းဝါကိုလည်း ဒေါသစိတ်များ ပြင်းထန်ထားသော ဓားကို ကိုင်၍ တောထဲသို့ ပြန်ပြေးလေ၏။ မိုးအောင်သည် တောထဲသို့ တဟုန်ထိုးပြေးလွှားပြီး ပန်းဝါကိုရှာဖွေနေလေ၏။ သူသည် ဒေါသစိတ်ကြောင့် တိရစ္ဆာန် အရိုင်းတစ်ကောင်ကဲ့သို့ ဖြစ်နေလေ၏။ မိုးအောင်သည် ပန်းဝါကို နာရီအနည်းငယ်ရှာဖွေ ပြီးနောက် သူတို့အိမ်အနီးရှိ တောစပ်အနီး၌ တွေ့ရလေ၏။ ပန်းဝါသည် မိုးအောင်ကို ရုတ်တရက်မြင်သောအခါ မြက်ခင်းဘက်သို့ တဟုန်ထိုး ပြေးလေ၏။ မိုးအောင်သည် ပန်းဝါအနီးသို့ရောက်ရှိလာပြီး

"ကောင်မ နင့်ကိုငါသတ်မယ် ယုတ်မာကောက်ကျစ်တဲ့ကောင်မ၊ ငါမိန်းမသေသလို နင်လဲသေစေရမယ်"

ဟုကြုံးဝါးလိုက်ပြီး ပန်းဝါကို ဓားဖြင့် ထိုးရန် ပြင်လိုက်၏။ ထိုအခိုက်မှာပင် မိုးအောင်အနောက်မှ ပုလိပ်များရောက်ရှိလာပြီး

"ကိုမိုးအောင် မလုပ်ပါနဲ့ မလုပ်နဲ့၊ ဒါခင်ဗျားသမီးလေ

မှားမယ်နော်"

ဟုတားဆီးကြလေ၏။ ပန်းဝါက ကလေးငယ်တစ်ဦးကဲ့သို့

"သမီးကြောက်တယ် မသတ်ပါနဲ့"

ဟု ငိုယိုပြီးတောင်းပန်၏။

မိုးအောင်က တိရစ္ဆာန်ရိုင်းတစ်ကောင်၏ အမူအရာဖြင့် အနောက်သို့ လှည့်ကြည့်လိုက်ပြီး

"ဒါငါ့သမီးမဟုတ်ဘူး ဒီကောင်မက မိစ္ဆာမ၊ သူ့ကြောင့် လူတွေအများကြီး သေရတယ်။ ငါ့မိန်းမလည်း သေရတယ်၊ ဒီကောင်မကိုငါသတ်ပြီး ကြိုးစင်တက်မယ်"

ဟုပြောကာ ပန်းဝါကို ဓားဖြင့် စိုက်ရန်လက်ကိုမြှောက်လိုက်၏။ အင်စပက်တော်လှမိုးသည် မိုးအောင်ကို ကြည့်၍ စိတ်မသက်သာဟန်ဖြင့် မျက်လုံးများမှိတ်လိုက်ပြီး မတက်သာတော့ဘဲ သေနတ်ဖြင့် ပစ်လိုက်ရလေ၏။

မိုးအောင်သည် အင်စပက်တော်လှမိုး၏ သေနတ်ထိ

မှန်ပြီး ယိမ်းယိုင်သွားလေ၏။

မိုးအောင်သည် နောက်ဆုံးအချိန်ထိ ပန်းဝါကို သတ်ရမယ် ဟူသော အသိဖြင့် တရွေ့ရွေ့တိုးကပ်ကာ ဓားကိုမြှောက်လိုက်၏။ အင်စပက်တော်လှမိုးက ဒုတိယမိ ထပ်မံ၍ ပစ်လိုက်ရလေ၏။

မိုးအောင်သည် ထိုသေနတ်ဒဏ်ရာကြောင့် မြေပေါ်သို့ ပြိုလဲကျသွားလေ၏။

သူသည် မြေပေါ်သို့ကျသော်လည်း အငြိုးမပြေနိုင်ဘဲ ပန်းဝါကိုသတ်ရန် ဝပ်လျားမှောက်လျှက် အနီးသို့တိုးကပ်သွားလေ၏။ သို့သော်ပန်းဝါအနီးသို့ ရောက်ကာနီးမှ မျက်လုံးထဲတွင် မှောင်အတိကျသွားပြီး ကမ္ဘာလောကကြီးနှင့် အဆက်ပြတ်သွားလေ၏။

ပန်းဝါသည် ကလေးငယ်တစ်ဦးကဲ့သို့

"သမီးကြောက်တယ်၊ သမီးကြောက်တယ်"

ဟု အဆက်မပြတ်အော်ဟစ်ပြီး သနားစဖွယ် ငိုယိုနေ

လေ၏။

အင်စပက်တော်လှမိုးက ပန်းဝါကိုပွေ့ဖက်၍

"မကြောက်ပါနဲ့ သမီးရယ် မကြောက်ပါနဲ့"

ဟုဆိုကာ ပန်းဝါကို ပွေ့ဖက်ထားလေ၏။ အင်စပက်တော်လှမိုး မမြင်ရသော ပန်းဝါ၏ မျက်လုံးအစုံ၌ အလွန်အားရကျေနပ်နေဟန်ရှိ၏။

မိုးအောင်သေဆုံးပြီးနောက် လအနည်းငယ်အတွင်း မမြတ်လေးသည် ကိုယ်ဝန်အရင့်အမာရရှိလေ၏။ မိုးအောင်သည် မမြတ်လေး၌ ၎င်းနှင့်ရရှိသော ကိုယ်ဝန်လွယ်ထားမှန်း သိမသွားခဲ့ချေ။ မမြတ်လေးသည် မိုးအောင်မရှိသောအခါ လူ့လောကကြီး၌နေချင်ပုံမရချေ။ ကလေးမီးမဖွားနိုင်သော ဝေဒနာဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားလေ၏။ အင်စပက်တာ လှမိုးသည် မမြတ်လေး၏ ရာပနသို့ လာရောက်ပြီး နီးကိုးရာမဲ့ဖြစ်နေသော ပန်းဝါကို အပြီးအပိုင် မွေးစားခဲ့လေ၏။

ဤသို့ဖြင့် ပန်းဝါသည် ပုလိပ်အင်စပက်တော် လှမိုး၏ သမီးဘဝသို့ ပြောင်းလဲခဲ့ပြီး ရန်ကုန်မြို့၌ ကျောင်းတက်ခဲ့လေ၏။ အင်စပက်တော်လှမိုးသည် ပန်းဝါကို မွေးစားပြီးနောက် နှစ်အနည်းငယ်ကြာသောအခါ ပန်းဝါ၏ကိုယ်ခန္ဓာဖွံ့ဖြိုးမှုမရှိသဖြင့် ဆရာဝန်ကြီးနှင့် ပြသရန်ကြံစည်လေ၏။ ထိုသို့ကြံစည်သည့် အချိန်မှစ၍ ပန်းဝါသည် ပျောက်ချင်းမလှ ပျောက်ဆုံးသွားခဲ့လေ၏။ အင်စပက်တော်လှမိုးသည် ပန်းဝါကို သံယောဇဉ်ရှိနေသဖြင့် နေရာအနှံ့စုံစမ်းပြီး လိုက်လံရှာဖွေခဲ့၏။ သို့သော် ပန်းဝါ၏ အရိပ်အယောင်မျှပင် မမြင်ရချေ။

တစ်ပတ်ခန့်ကြာသော အခါ ငမိုးရိပ်ချောင်းအနီး မိုးကြိုး ပစ်ခံရသဖြင့် သေဆုံးသွားသော ကလေးငယ်အလောင်း တွေ့သည်ဆိုသဖြင့် သွားရောက်ကြည့်ရှုရာ ပန်းဝါဖြစ်နေလေ၏။ အင်စပက်တော်လှမိုးတို့ မိသားစုသည် ပန်းဝါအတွက် ဝမ်းနည်းကြေကွဲစွာဖြင့် ရာပနကို ကောင်းမွန်စွာ ပြုလုပ်ပေးလေ၏။

ထူးခြားချက်တစ်ခုမှာ ပန်းဝါ၏ ဈာပနမြေချကာနီး၌ မည့်သည်အရပ်က ရောက်လာမှန်း မသိသော အနက်ရောင် လိပ်ပြာကြီးများ မြောက်မြားစွာ ရောက်ရှိလာလေ၏။ လိပ်ပြာ ကြီးများသည် အတန်ကြာအောင် ပျံဝဲပြီး ပြန်လည်ထွက်ခွာ သွားလေ၏။ အင်စပက်တော် လှမိုးက လိပ်ပြာများကို ကြည့်၍

"သဗ္ဗေသတ္တာ ကမ္မသကာပဲ"

ဟုတီးတိုးရေရွတ်လိုက်၏။

အရာအားလုံး ပြီးဆုံးသွားချေပြီ။

ဘာမှမသိသော

မင်းမြတ်သူရ